mmcybermedia. com

# နေခြည်ညိုလရိပ် နှလုံးသားလိပ်ပြာ

## မိဘမေတ္တာခံစားမှု အရိုက်အခတ်ဝတ္ထုတိုများ

## မောင်စိန်ဝင်း (ပုတီးကုန်း)




typing - ngwezinyaw

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်**
၅၀၀၀၇၀၀၁၀၉

**အဖုံးခွင့်ပြုချက်**
၅၀၀၈၅၂၀၇၀၉

**မျက်နှာဖုံးနှင့်အတွင်းပန်းချီ**
မင်းမြင့်ခိုင်

**ကွန်ပျူတာ**
စိုးစိုး

**ထုတ်ဝေသူ**
ဦးသိန်းလွင်၊ ၀၄၁၃၇(မြ)၊ ရွှေဟသ်ာစာပေ၊ (၂၆၃) ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးဝင်းလွင် (မြ-၀၅၃၆၆)
ရွှေဟသ်ာပုံနှိပ်တိုက်၊ အမှတ်(၃၁)၊ ဦးရွှေဂွန်းလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

**ပုံနှိပ်ပြီးစီးသည့်လ**
၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ။

**အုပ်ရေ**
၅၀၀

**တန်ဖိုး**
၁၅၀၀ ကျပ်

**ဖြန့်ချိရေး**
ထွန်းဦးစာပေ၊ မန္တလေး။
(တစ်ပြည်လုံးဖြန့်ချိရေး)

# မာတိကာ


၁။ ကျွန်တော့်ရဲ့ကမ်း

၂။ ပုပ္ပါးမေတ္တာဖွဲ့

၃။ ရစ်ဘီးနဲ့စက္ကူစွန်

၄။ ပုလဲသီတကွဲစီ

၅။ ရင်ကွဲတောင်ညှ

၆။ သံယောဇဉ်

၇။ လောင်မြိုက်ခြင်း

၈။ ရေတွင်းကလေး

၉။ ကရမက်ပင်မဟုတ် ဝါးပင်မဟုတ်

၁၀။ သောင်မထွန်းတဲ့မြစ်

၁၁။ ကရမက်ပင်

၁၂။ ခေါင်

၁၃။ နွေထဲမှာ

# နေခြည်လရိပ် နှလုံးသားလိပ်ပြာ

## (မိဘမေတ္တာခံစားမှု၏ အရိုက်အခတ်ဝတ္ထုတိုများ)

*အဖေ နှင့် အမေသည်*
*နေခြည် နှင့် လရိပ်*
*နှလုံးသားထဲက လိပ်ပြာ*
*ဘဝရဲ့ ထာဝရအလင်း*
*သားသမီးဆိုတဲ့ "မြစ်" တစ်စင်းရဲ့*
*ချစ်ခြင်းဖြင့် အတိုက်အစားခံကမ်းပါးတွေ...*

## ကျွန်တော့်ရဲ့ကမ်း

(၁)

သားသမီးတို့သည် မြစ်ဖြစ်ပါက မိဘတို့သည် ကမ်းနစ်ဖက်ဖြစ်မည်။ အနာဂတ်ပင်လယ်ဆီ အရောက် မြစ်တို့စီးဆင်းနိုင်ရန် ကမ်းတို့က အတိုက်အစား ခံခဲ့ရသည်ပဲ။ အပြိုအကျ အပျက်အစီး ခံရင်း မြစ်တို့ကို စီးဆင်းစေခဲ့သည်ပဲ။

ထူးခြားသည်မှာ ကျွန်တော်၏ကမ်းနစ်ဖက်သည် အဖေနှင့်အမေ မဟုတ်ပါပဲ၊ အမေနှင့် ကျွန်တော်၏မွေးစားအမေတို့ ဖြစ်ခဲ့ခြင်းပင်။

***

(၂)

အမေနှင့်အဖေသည် ကျွန်တော် လေးလသားအရွယ် လူမှန်းမသိခင်မှာပင် လမ်းခွဲခဲ့ကြသည်။ ကျွန်တော်သည် အမေနှင့်အတူ အဘိုး၊ အဘွား၊ အမေ၏အစ်မ အပျိုကြီးတို့နှင့်အတူ ကျန်ရစ်ခဲ့သည်။

ထိုစဉ်က အမေ့အသက်မှာ နှစ်ဆယ့်သုံး၊ နှစ်ဆယ့်လေး။ အမေ့အစ်မအပျိုကြီးက အသက်နှစ်ဆယ့်ခြောက်။ တက္ကသိုလ်ကိုသာ တက်ပါက တက္ကသိုလ်ကျောင်းသူအရွယ်တွေ။

အဘိုးသည် လယ်များစွာပိုင်ပြီး ဆန်စက်နှင့် ဆန် အရောင်းအဝယ်၊ စပါး အရောင်းအဝယ်လုပ်ငန်း လုပ်သူဖြစ်၍ စီးပွားရေး တောင့်တင်းပါသည်။ ကျွန်တော့်အမေနှင့် အမေ့အစ်မတို့သည်လည်း ရုပ်ရည် အသင့်အတင့်ရှိသူများ ဖြစ်ပါသည်။ သည့်အတွက် သူတို့မှာ သင့်တင့် လျော်ကန်သော အိမ်ထောင်ဖက်များ ရှားကြမည်မဟုတ်ပါ။ အဘိုးအဘွားတို့ထံ လာရောက်တောင်းရမ်းသူများ ရှိကြသည်ဟု ဆိုပါသည်။

'တစ်ဘဝမှာ အိမ်ထောင်ကို တစ်ခါပဲပြုမယ်။ ကျန်နေတဲ့ဘဝတစ်လျှောက်လုံးဟာ သားအတွက်ပဲ ဖြစ်စေရမယ်'

အသက်နှစ်ဆယ်ကျော် အစိတ်မပြည့်သေးသော အမေ့စကား။

'တော်ပြီ ငါလည်း အိမ်ထောင်မပြုတော့ဘူး။ ဒီကလေးကိုပဲ ငွါရင်သွေးလို ပြုစုစောင့်ရှောက်သွားတော့မယ်။ အဖေမရှိလို့ ဒီကလေး ဘာမှ ညှိုးညှိုးငယ်ငယ် မဖြစ်စေရဘူး။ အဖေမရှိတဲ့သူ့အတွက် အမေနှစ်ယောက် ဖြစ်စေရမယ်'

အသက်အစိတ်ကျော် နှစ်ဆယ့်ခြောက်နှစ်ရှိသည့် အမေ့အစ်မ အပျိုကြီး၏စကား... သည်လိုနှင့် အဘိုးအဘွားသည် သူတို့သမီးနှစ်ယောက်ကို အိမ်ထောင်ချထားပေးဖို့ကိစ္စ နားချလို့မရတော့ပေ။

သည်ကစ၍ ကျွန်တော့်ကမ်းနစ်ဖက်သည် အမေအရင်းနှင့် မွေးစားအမေတို့ ဖြစ်လာခဲ့တော့သည်။

***

(၃)

ကျွန်တော် စာသင်ကျောင်းမရောက်ခင် အချိန်အထိ ကျွန်တော့်မွေးစားအမေကိုသာ အမေအရင်းဟု ထင်နေခဲ့သည်။ အမေအရင်းကို အစ်မကြီးဟု ထင်ခဲ့သည်ပဲ။ နောက်... အမှန်ကို သိသွားတော့လည်း ကျွန်တော်က ကျွန်တော့်မွေးစားအမေကို ပိုပြီးတွယ်တာခဲ့မိသည်မှာ အမှန်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး၏ စံပြဇာတ်ဆောင်တို့မှာ အဘိုးနှင့် ကျွန်တော့်မွေးစားအမေပင်။

သူတို့သည် မူလတန်းအောင်ရုံမျှသာ အတန်းပညာ ရှိကြသော်လည်း ကျွန်တော် ဘွဲ့ရပြီးသည်အထိ သူတို့ကို အထင်မကြီးဘဲ မနေနိုင်။ အတန်းပညာနှင့် တွေးခေါ်မြော်မြင်မှု ပညာတို့၏ ကွာခြားမှုကို ကျွန်တော် ကောင်းစွာ နားလည်နိုင်ခဲ့သည်။ အဘိုး၏ လုပ်ငန်းတို့ကို ကျွန်တော့်မွေးစားအမေက ဝင်ရောက်ဦးစီး လုပ်ကိုင်ခဲ့၏။ အဘိုး၏ အစစအရာရာ ယုံကြည်စိတ်ချစွာ လွှဲအပ်ခြင်းကို ခံခဲ့ရသည်။ ရပ်ရေးရွာရေးတို့တွင် ဦးဆောင်ဦးရွက် ပါဝင်နိုင်ခဲ့သဖြင့် ရပ်ရွာ၏လေးစားမှုကို ရရှိခဲ့သည်။

အမေအရင်းသည် အေးဆေးပြီး ကျွန်တော့်မွေးစားအမေက ထက်မြက်သည်။

“မိဘနစ်ပါးမရှိဘဲ ထက်မြက်ထူးချွန်တဲ့သူတွေ အများကြီးပဲ၊ အရေးအကြီးဆုံးက ကိုယ်ကိုယ်တိုင်ပဲ။ တစ်ခုခုနိမ့်ကျရင်တော့ အဖေမရှိလို့ပဲလို့ အပြောခံရမှာ သေချာတယ်”

ကျွန်တော့်မွေးစားအမေ၏ သည်စကားတစ်ခုထဲကပင် ကျွန်တော့်ဘဝကို တွန်းတင်ပေးနိုင်သည့် အင်အားဖြစ်ခဲ့ရပါသည်။

အဖေမရှိခြင်းဆိုသည့် ချွတ်ယွင်းအားနည်းမှုကို ဖုံးလွှမ်းချင်သောစိတ်က အရာရာ၌ ထိပ်ဆုံးရောက်ချင်စိတ်ကို ဖြစ်ပေါ်လာခဲ့စေသည်ပဲ။

ဆယ်တန်းအထိ အတန်းထဲမှာ ဒုတိယဟူသည် မရှိစေရအောင် ကျွန်တော့် မွေးစားအမေက ‘အောင်စိတ်’ သွင်းပေးနိုင်ခဲ့ပြန်သည်လေ။

***

(၄)

ကျွန်တော့်မွေးစားအမေကို အမေဟုခေါ်၍ အမေရင်းကို အစ်မဟု ခေါ်ပါသည်။ အဘိုး၊ အဘွားဆုံးသွားပြီးချိန်မှစ၍ အမေနှင့် အစ်မသည် နှစ်ယောက်တည်းကျန်ခဲ့ကာ လုပ်ငန်းတွေနှင့် မနိုင်မနင်းဖြစ်ရရှာသည်။ ကျွန်တော်ကလည်း ကျွန်တော့်အလုပ်နှင့်ကျွန်တော်မို့ သူတို့ကို ကူညီရန်မဖြစ်။ လုပ်ငန်း အတော်များများကိုတော့ လျှော့ချပစ်လိုက်ပါသည်။ လယ်

အတော်များများကိုလည်း ရောင်းပစ်လိုက်ပါသည်။ သို့သော် သူတို့မိန်းမသားတွေအနေနှင့်တော့ လုပ်ငန်းကကြီးနေသေးသည်သာ။

ကျွန်တော်ဘွဲ့ရပြီး အခြေတကျမဖြစ်ခင်အထိ သူတို့နှင့်အတူ ကျွန်တော့်မိသားစုကို ကျွေးမွေးထားခဲ့ပါသည်။ ကျွန်တော့်ကလေးတွေ သူတို့လက်ထဲမှာ ကြီးပြင်းခဲ့ရပါသည်။

ကျွန်တော် အခြေတကျဖြစ်လို့ ခွဲခွာရသည့်အခါ သူတို့မှာ ကျွန်တော်နှင့်အတူ လိုက်မနေနိုင်ကြ၊ မိဘမျိုးရိုးလုပ်ငန်းကို သူတို့မစွန့်ပယ်နိုင်ကြ။ ရန်ကုန်ရောက်ပြီး လေးငါးရက်ကြာလျှင် သူတို့အိမ်ပြန်ချင်ကြပြီ။

အစ်မမှာ အဆုတ်ရောဂါဖြစ်တုန်းက ရန်ကုန်မှာ နှစ်လလောက် ကျွန်တော်နှင့်အတူ လာနေသည်။ အမေက အစ်မကိုပြုစုဖို့ လိုက်လာခဲ့၏။ သည်တုန်းကလည်း သူတို့အိမ်ပြန်ဖို့သာ စိတ်စောနေခဲ့ကြသည်။ အစ်မသည် ချူချာသူမို့ အမေ့ထက် စောစွာသေမည်ဟု ကျွန်တော်ထင်ထားခဲ့၏။ တစ်ယောက်သေလျှင်တော့ လုပ်ငန်းတွေဖြုတ်ကာ ကျွန်တော်နှင့် အတူလာနေလိမ့်မည်ဟု တွေးသည်။

"အဝေးပြေးဂိတ်မှာရောက်နေတယ်၊ လာကြိုပါ" ဟု တယ်လီဖုန်း ဆက်သည့်နေ့က မိုးဖွဲဖွဲရွာနေတာ ကျွန်တော် မှတ်မိသည်။

အမေက ကျွန်တော့်ဆီ အလည်လာသည်ပဲ ထင်လိုက်၏။

***

(၅)

"မရောက်တာလဲကြာလို့၊ ပြီးတော့ စာချုပ်လဲချုပ်ပေးမလို့"

"ဘာစာချုပ်လဲ အမေ"

"နင့်ကို အမွေစားအမွေခံ မွေးစားတယ်ဆိုတာလေ"

ကျွန်တော်ပြုံးလိုက်မိသည်။ အစစအရာရာ စည်းစနစ်ရှိပြီး လုပ်ငန်းကို တိကျပြတ်သားစွာ လုပ်ဆောင်တတ်သူ အမေ့စရိုက်ကို ကျွန်တော်သိသည်။

"ချုပ်ထားပြီးပြီပဲ"

"အဲဒါက အရပ်စာချုပ်လို့ပြောတယ်။ ရန်ကုန်မှာချုပ်တာက ပိုပြီးခိုင်ခိုင်မာမာရှိတယ် ပြောကြလို့"

အမေသည် ကျွန်တော့်ကို အမွေစားအမွေခံ မွေးစားသားအဖြစ်သို့ ဟိုတုန်းကတည်းက စာချုပ်ချုပ်ခဲ့ပြီးသား။ အခု နိုင်ငံပကာဖလစ်ရုံးမှာ ချုပ်ဆိုဖို့ပြောမှန်း ကျွန်တော်နားလည်သည်။

"အခုတစ်လော ကျန်းမာတာမဟုတ်ဘူး။ အရင်လိုလည်း အလုပ်မလုပ်နိုင်ဘူး၊ မောမောနေတယ်"

ပိန်သွယ်ပါးလုပ်သော ကိုယ်ခန္ဓာသည် ရှည်မြင့်သောအရပ်ကြောင့် ပို၍ပိန်နေသလား ထင်ရသည်။

"ဆေးစစ်ကြည့်တာပေါ့"

"မလိုသေးပါဘူး၊ အသက်ကြီးလို့ မောတာနေမှာ"

ခေါင်းမာသူမို့ ကျွန်တော် ဘာမှဆက်မပြော။

"လုပ်ငန်းတွေ မပြီးပြတ်သေးလို့ အစ်မကိုထားခဲ့ရတာ။ လာမယ်လို့ ပြင်ဆင်ရင်းနှင့် မလာဖြစ်ဘဲ ကြန့်ကြာနေတာ"

အမေ ဆက်ပြောသည်။ နောက်ရက်တွေမှာ မိတ်ဆွေရှေ့နေတစ်ဦး၏ အကူအညီဖြင့် စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါသည်။ အမေ့တူဝမ်းကွဲ တော်သူက အဖော်အဖြစ် လိုက်ပါလာခဲ့ပြီး အသိသက်သေ လက်မှတ်ရေးထိုးပေးခဲ့သည်။

ထိုနေ့က မိုးရွာနေပါသည်။ ရုံးရှေ့အရောက် ကားပေါ်မှဆင်းစဉ် အမေ့ကိုတွဲပြီး ကျွန်တော် ထီးမိုးပေးခဲ့၏။

"ငါ ဘာတွေပြောရမှာလဲ" ဟု အိမ်ကမထွက်ခင် ကျွန်တော့်ကို မေးသည်။

"သူတို့မေးသလောက်သာ ဖြေပြီး အပိုမပြောနဲ့ပေါ့အမေ" ဟု ကျွန်တော်ကပြောတော့ ခေါင်းညိတ်ခဲ့သည်။

ရုံးပေါ်ကိုတက်တော့ အမေ့ကိုတွဲပြီးတက်ရ၏။ အပေါ်ရောက်စဉ် အမေမောနေသဖြင့် ခဏရပ်ကာ နားရသည်။

"ဒီလောက်ကလေး တက်ရတာတောင် မောနေပြီ အသက်အရွယ်က စကားပြောတာ"

ယပ်ခတ်ပေးနေသည့် သူ့တူကို အားနာစကားဆိုသည်။ မိတ်ဆွေ ရှေ့နေ၏ ကူညီမှုဖြင့် သိပ်ကြာကြာမစောင့်ရဘဲ စာချုပ်ချုပ်ခြင်းကိစ္စ ပြီးသွားခဲ့ပါသည်။

"ငါပြောတာတွေ ဟုတ်ရဲ့လား"

ကားပေါ်မှာ အမေကမေးတော့ ဟုတ်ပါတယ်အမေရဲ့ဟု ပြုံးပြီး ဖြေခဲ့ရသေးသည်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက 'မြိမ်းခြောက်လို့လား၊ ကိုယ်တိုင်သဘောတူလို့လား' စသဖြင့် မေးခွန်းတွေကို အမေက လိုရင်းဖြေခဲ့သည်ပဲ။

နောက်ရက်တွေမှာ အမေ့ကို ဆေးခန်းပြကြည့်ဖို့၊ စစ်ဆေးကြည့်ဖို့ ပြောသော်လည်း မရ။

အမေ့တူက ပြန်တော့မည်ဆိုတော့ သူပါလိုက်ပြန်မည် ပြောသည်။ ကံအားလျော်စွာ မပြန်ခင်ညက လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့်မိတ်ဆွေရင်း ဆရာဝန်နှင့်တွေ့၏။ အမေ့ကို လိုက်ကြည့်စမ်းသပ်ပေးဖို့ ကျွန်တော် အိမ်ကိုခေါ်ခဲ့သည်။

"လုံးဝပြန်လို့ မဖြစ်ဘူးအမေ၊ အမေ့မှာ နှလုံးရောဂါရှိနေတယ်၊ ဒီမှာ ဆေးကုပြီး ပျောက်မှပြန်ပေါ့"

စမ်းသပ်အပြီး သူငယ်ချင်းဆရာဝန်က ပြော၏။

'လုံးဝပြန်မလွှတ်ဖို့ နှလုံးရောဂါ အခြေအနေဆိုးကြောင်း' သူငယ်ချင်းက ကျွန်တော့်ကို တီးတိုးပြောသည်။

သည်လိုနှင့် ဆေးကုသခံရန် အမေ ရန်ကုန်မှာ ကျန်ရစ်ခဲ့ရတော့၏။

***

(၆)

သူငယ်ချင်းဆရာဝန်မှ ဆက်သွယ်ပေးသော အထူးကုဆရာဝန်ကြီးနှင့် အမေ့ကို ကုသပေးခဲ့ရသည်။ ဆေးခန်းသွားလျှင် အမေမောမည်စိုးကာ ဆရာဝန်ကြီးကို ခြေကြွအိမ်အရောက် ပင့်ပါသည်။ အမေ အတော်လေး ထူထူထောင်ထောင် လန်းလန်းဆန်းဆန်း ဖြစ်လာ၏။ မေ့မြောသွားသည်အထိ အခြေအနေဆိုးသွားပြီးမှ ပြန်၍ ကောင်းမွန်လာခဲ့ပါသည်။ ရန်ကုန်မှာ ကြာကြာမနေချင်သည့် အမေ၊ ခြောက်လကျော် ခုနစ်လထဲရောက်ပြီ။ အမေ အခြေအနေ ကောင်းပြီထင်ကာ ကျွန်တော် ပောပြောပွဲတွေ လိုက်နေပြီ။

မြစ်ကြီးနား၊ ဖားကန့်ကအပြန် အမေ့အခန်းအရင်ဝင်ပြီး လက်ဆောင်ရလာသည့် စောင်တဘက်ကို အမေ့အား ကန်တော့၏။ အမေက ချက်ချင်းယူခြုံထားကာ ပီတိမျက်နှာဖြင့် ဆုတွေပေးသည်။

"မြစ်ကြီးနားဆိုတော့ ငါးတွေပေါမှာပေါ့"
ဆိုသည့် အမေ့စကားကြောင့် ရယ်ချင်လျက် မရယ်ရက်ဘဲ အမေ့ကို ရှင်းပြနေမိသေးသည်။

"လုပ်ငန်းတွေများလွန်းလို့ ကျိုက်ထီးရိုးတောင် ဘုရားဖူး မသွားနိုင်ခဲ့ဘူး"

ဆိုသော အမေ့ကို ကျွန်တော် ကျိုက်ထီးရိုး လိုက်မပို့နိုင်တော့ပါလား။ အတွေးက ကြေကွဲထိခိုက်စေပြန်သည်။

အစ်မကို ဘုရားဖူးတွေထည့်ပြီး သူကိုယ်တိုင်တော့ အလုပ်တွေကြားမှာ နစ်နေခဲ့သူ။ သူ အလုပ်လုပ်တာတွေ အားလုံးက ကျွန်တော့်ရှေ့ရေးအတွက်။ စဉ်းစားမိရင်း မျက်ရည် လည်လာတော့သည်။

***

(၇)

သီပေါမှာပေါပြီး လားရှိုး၊ မူဆယ် ဆက်စရာခရီး ရှိသည်။ သီပေါမှနေ၍ အမေ့ကျန်းမာရေးကို ဖုန်းဆက်ပြီး နစ်ခါမေးတော့ အခြေအနေ မဆိုးလှ။ သီပေါမှာ ပေါပြောနေစဉ် တယ်လီဖုန်းဝင်သည် ဆို၏။ စင်ပေါ်ကဆင်းတော့ ရန်ကုန်ပြန်ရန် ကျွန်တော်ပြင်ဆင်ရပြီ။ ထိုခရီးကို 'ရင်ကွဲတောင်ည' ဟု ကျွန်တော် ခံစားရေးဖွဲ့ခဲ့ဖူး၏။

ရန်ကုန်ပြန်ရောက်တော့ အမေ့အခြေအနေ အတော်ဆိုးနေပြီ။ တစ်ကိုယ်လုံးမှာ ပိုက်တွေတန်းလန်းနှင့်...။

"အမေ... ကျွန်တော် ပြန်ရောက်ပြီ"
"နင့် စောင့်နေတာ..."

အမေ့အသံက သဲ့သဲ့ထွက်လာသည်။ အမေ့အခန်းထဲမှာ တရားတိပ်ခွေဖွင့်ဖို့ ကျွန်တော် စီစဉ်ပေးသည်။ အမေကြားရဲ့လားဆိုတော့ ကြားတယ်ဟု လေသံနှင့်ပြော၏။ သေတော့မည်ဟု အမေသိနေပုံရသည်။

ကျွန်တော်ပြန်ရောက်ပြီး ငါးရက်အထိ အမေ သတိမလစ်ခဲ့။ သူနာပြုဆရာမလေး နစ်ယောက် ငှားထားပြီး အထူးကုဆရာဝန်ကြီးက တစ်နေ့ သုံးခေါက် လာကြည့်ပေးသည်။ လိုအပ်ပါက အီးစီဂျီ အစရှိသည့် စက်ကိရိယာနှင့် အတတ်ပညာရှင်တို့ကို ငှားရမ်းပြီး အိမ်ကိုပင့်ပေးရ၏။ မနိုင်တော့သည့်ပွဲဟု သိလျက် ကျွန်တော် အစွမ်းကုန် ကြိုးစားချင်မိသည်။

နောက်ဆုံး အသက်ထွက်ချိန်မှာ ညင်ညင်သာသာ ဖြစ်စေရန် ဆရာဝန်ကြီး ညွှန်ကြားသည့်အတိုင်း အားလုံး စီမံဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်ရောက်ပြီး ခြောက်ရက်မြောက်နေ့မှာတော့ အမေ သတိလစ်သွားပြီ။ သတိလစ်နေသော်ငြား ပါးစပ်က အဆက်မပြတ် ဘုရား ဘုရား ဟု လေသံနှင့် ဘုရားတနေသည်။

'ပါးစပ်က ဘုရား ဘုရားတနေတယ်ဗျာ၊ အောက်စီဂျင်တွေက ပါးစပ်ပွင့်တော့ ထွက်ကုန်တာပေါ့'

ဆရာဝန်ကြီးက ကျွန်တော့်ကို ပြောသည်။ ကျွန်တော် အမေ့ကိုမကြည့်ရက်တော့။ မကြည့်ရဲတော့။

ကျွန်တော် ပြန်ရောက်မလာခင်ကတည်းက ရောက်နေသော အစ်မက အမေ့အနားက မခွာ။ ကျွန်တော် အောက်ထပ်အခန်းမှာ ဆင်းနေရင်း အမေ့သတင်းကို လူကြုံနှင့်မေးသည်။ မေတ္တာပို့သည်။ အမေခံစားနေတာ ကျွန်တော်မမြင်ရဲ၊ မကြည့်ရဲ။

"အီးစီဂျီမှာလည်း အဖြေပေါ်နေပြီဗျာ၊ သူ ပင်ပန်းနေရုံပဲ ရှိမယ်၊ အောက်စီဂျင် ဖြုတ်လိုက်တော့မယ်"

ဆရာဝန်ကြီးပြောစကားကို ခေါင်းညိတ်စဉ် ကျွန်တော့်ပါးပေါ်သို့ မျက်ရည်စက်တွေ စီးကျသည်။

ကျွန်တော် ပြန်ရောက်ပြီး ခုနစ်ရက်မြောက်နေ့၊ ဖေဖော်ဝါရီ နှစ်ဆယ့်ခုနစ်၊ အောက်စီဂျင်ပိုက် ဖြုတ်လိုက်ပြီ။ မကြာခင် အမေ အသက်ထွက်တော့မှာပါလား...။

"ခင်ဗျားကို စောင့်နေတာထင်တယ်ဗျာ၊ ခင်ဗျားယုံမလား မသိဘူး။ ခင်ဗျားလာပြီး နှုတ်ဆက်လိုက်"

မနက်ကတည်းက အောက်စီဂျင်ပိုက် ဖြုတ်ထားသော်ငြား ညနေအထိ အမေ အသက်မထွက်နိုင်သေး။ ထိုးထားပေးသည့် ဆေးတို့ကြောင့် ညင်ညင်သာသာ မိန်းမော နေနိုင်စွမ်းရှိသည်။ ပါးစပ်မှ ဘုရား ဘုရားအသံသည် လေသံမျှ သဲ့သဲ့ထွက်ဆဲ။ ကျွန်တော် အားတင်း၍ အပေါ်ထပ် လိုက်လာရင်း အမေ့မျက်နှာကိုကြည့်ကာ မျက်ရည်ကျသည်။

အမေ့ကို နောက်ဆုံး သက်ရှိထင်ရှား ကန်တော့ခြင်းအဖြစ် ကျွန်တော် ထိုင်ကန်တော့လိုက်၏။

"အမေ... ကျွန်တော့်ကို စိတ်ချ၊ အမေ ဘဝကူးကောင်းဖို့ပဲ အာရုံပြု၊ တရားသံတွေ အမေကြားတယ် မဟုတ်လား"

ကျွန်တော် စကားဆက်မပြောနိုင်တော့။ ငိုသံပါရင်း ရှိုက်သံထွက်လာ၏။ ဖွင့်ထားသော တရားခွေမှ တရားသံက ဆိတ်ငြိမ်သောအခန်းမှာ လွှမ်းသည်။ ကျွန်တော် ချာခနဲလှည့်ပြီး အခန်းထဲက ထွက်ခဲ့၏။

အောက်ထပ်အရောက် ပြတင်းသံပန်းကိုကိုင်ရင်း ကျွန်တော်ငေးနေစဉ် နောက်မှခြေသံကို ကြားရသည်။

"ဆုံးသွားပါပြီ"

ဆရာဝန်ကြီး၏အသံ။

ကမ်းပါးတစ်ဖက် ပြိုကျသွားပြီဟု ခံစားရင်း ရင်၌ကျွမ်းမြိုက် ကြေကွဲရပြန်သည်။

***

(၈)

အခုတော့ ကျွန်တော်သည် ကမ်းတစ်ဖက်တည်းဖြင့် စီးဆင်းနေရသော မြစ်တစ်စင်း ဖြစ်သွားခဲ့ရပါပြီ။

ကျွန်တော်စီးဆင်းနိုင်ဖို့ အတိုက်စားခံ ကမ်းတစ်ဖက် ပျက်စီး ပျောက်ဆုံးသွားရပါပြီကော။

***မောင်စိန်ဝင်း(ပုတီးကုန်း)***

*** *** ***

## ပုပ္ပါးမေတ္တာဖွဲ့

(၁)

"နတ်နန်းရှေ့က တိုက်မှာ ဘယ်သူမှမရှိတော့ဘူးတဲ့၊ အဲဒီမှာ နေရာချပေးလိုက်တယ်"

မောင်မောင်နှင့် စုစုအစ်ကိုကြီး ပြန်လာပြီးပြောသည်။ တောင်ခြေမှာ တည်းခိုသူများ စာရင်းပေးရန် နေရာချစီမံပေးရန် စနစ်တကျ စီစဉ်ထားသည်ကို တွေ့ရသည်။

"ပွဲတော်ချိန် လူအရမ်းများတာပဲ၊ တည်းခိုဖို့လဲ ကျပ်ကျပ်တည်းတည်းပဲ၊ အခုတော့ ကောင်းတယ်၊ လူရှင်းပြီး လွတ်လွတ်လပ်လပ်လဲ တည်းလို့ရတယ်"

ချယ်ရီကပြောသည်။

ပြီးတော့ ကားကလေးကို နတ်နန်းရှေ့သို့ မောင်းလာသည်။

"ဟယ်... မျောက်တွေ"

ကားရပ်လိုက်လျှင် တိုက်အောက်ဝယ် ဝရန်တာပေါ်မှာ မြေကြီးပေါ်မှာ များစွာသော မျောက်တွေကို လှမ်းမြင်ရပြီး ခင်မွန်က အံ့သြသွားသည်။ နတ်နန်းရှေ့နားမှာ အဝတ်နွမ်းနွမ်းနှင့် ခပ်မည်းမည်းကောင်လေးတွေ၊ ကောင်မလေးတွေ၊ ရပ်နေတာမြင်၏။ ခြင်းတောင်းလေးတွေကို တချို့က ကိုက်ထားကြသည်။ မျောက်စာနှင့် ဘုရားပန်းရောင်းကြတာဟု နားလည်လိုက်သည်။

ကားပေါ်မှဆင်းလိုက်ကြပြီး ကားသေးမှာရပ်ကာ ဖုန်တွေကို ခါသည်။ စုစုအစ်ကိုကြီးက အုတ်လှေကားမှတက်ပြီး တိုက်အဝင်တံခါးကို ဖွင့်သည်။

"ဟယ်... လိမ္မော်သီးတစ်လုံးပါသွားပြီ"

ချယ်ရီကအော်လိုက်တော့ အားလုံးက ကားနောက်ဘက်ကို အကြည့်ရောက်လာသည်။ ကားနောက်ပိုင်းမှာ ခြင်းတောင်းနှင့် တင်ထားသော လိမ္မော်သီးတွေထဲမှ တစ်လုံးကို မျောက်တစ်ကောင်က လာယူထွက်ပြေးသည်။ ပြီးတော့ ကျောင်းဝရန်တာအုတ်တိုင်ထိပ်မှာ ထိုင်ပြီး အခွံခွာလျက် လိမ္မော်သီးကို စားနေတာမြင်ရတော့ အံ့သြစွာကြည့်နေမိကြ၏။

"ကဲ... တံခါးဖွင့်ပြီးပြီ၊ လာကြလေ"

လှမ်းခေါ်တော့ ဒီမှာတစ်ယောက်စောင့်နေဦးဟု အန်တီကပြောသည်။ မောင်မောင်တို့က အထုပ်အပိုးတွေသယ်ပြီး ကျောင်းပေါ်တက်၏။ ခင်မွန်က သူစောင့်နေမယ်ပြောလျက် ကားကိုမှီရင်း ပုပ္ပါးတောင်ကြီးကို လှမ်းမျှော်ကြည့်နေမိသည်။

နတ်နန်းရှေ့ကိုအကြည့်ရောက်စဉ် မျောက်တွေကို ကလေးများ အစာပစ်ကျွေးနေတာ မြင်၏။

ကြည့်စမ်း မျောက်ကလေးငယ်လေးကို ကျောပေါ်မှာထားသော မျောက်မကြီးတစ်ကောင် အစာယူပြီး အမြင့်ကိုပြေးမတက်ခင်မှာ ကျောပေါ်မှ သူ့ကလေးငယ်ကို လက်တစ်ဖက်ဖြင့် ပွေ့ထားကာ ရင်ခွင်ထဲသို့ လျင်မြန်စွာဆွဲသွင်းသည်။

ပြီးတော့ လျှတ်တပြက်အတွင်း ခေါင်မိုးထိပ်ဖျားအမြင့်ကို ပြေးတက်သွားတာမြင်၏။

ကျောသားရင်သားဆိုသည့်စကားကို ပြန်လည်သတိရပြန်သည်။ စိုးရိမ်ပူပန်တတ်သော မိခင်စိတ်ဖြင့် အမြင့်မတက်ခင် ရင်ခွင်မှာ ဆွဲသွင်းလိုက်ပါလားဟု တွေးမိ၏။

ရင်ခွင်မှာ တွယ်ကပ်နေသော ကလေးငယ်နှင့် မျောက်သားအမိကို လှမ်းကြည့်နေမိသေးသည်။ ပဲလှော်ထုပ်ကိုဖောက်လျက် မိမိမစားခင် ကလေးကိုခွံ့ကျွေးတာ မြင်လိုက်တော့ ရင်ထဲမှာ နွေးကနဲဖြစ်သွားသည်။

'အမေ' ဆိုသည့် မေတ္တာရိပ်ကို ခင်မွန်ခံစားမိလျက် ရင်မှာ လှုပ်ရှားရပြန်သည်။

***

(၂)

ရေမိုးချိုး ခဏနားပြီးတော့ ညနေငါးနာရီကျော်ပြီ၊ ကလပ်ကိုတက်မည်ဟု သူတို့ အောက်ဆင်းခဲ့ကြသည်။ လူမစုံသေးချိန်မှာ အန်တီနှင့် ခင်မွန်တို့က အောက်ရောက်နေပြီ။ အောက်ထပ် လှေကားအထက် ဝရန်တာလေးမှာ ရပ်နေသည်။ ခဏအကြာ မောင်မောင် ရောက်လာပြီး ခင်မွန်ဘေးမှာရပ်သည်။ နတ်နန်းရှေ့မှာ မျောက်စာရောင်းသော ကလေးငယ်တို့၏ စကားပြောသံများ ကြားနေရသည်။ တချို့က မျောက်တွေကိုအစာပစ်ကျွေးနေသည်။ သူတို့ရှေ့နားမှာ မျောက်တစ်အုပ်-

"ဟိုမှာ ကြည့်စမ်း ခင်မွန်၊ ဟိုမျောက်ကြီးက ထူးခြားတယ်၊ မောင်မောင်က အစာစားနေသော မျောက်ကြီးကိုလှမ်းပြသည်။ ထိုမျောက်ကြီးကို ခင်မွန်ကကြည့်ရင်း-

"ဟုတ်တယ် ခင်မွန်လဲကြည့်နေတာ မောင်မောင်၊ မျက်စိတစ်ဖက်ကလည်း ကန်းနေတယ်၊ အမွေးတွေကလည်း အကုန်ကျွတ်ပြီး ဒဏ်ရာဒဏ်ချက်တွေနဲ့နော်" ဟု ခင်မွန်က ပြန်ပြောလိုက်သည်။

"ခေါင်းမှာလည်း အမွေးမရှိတော့ဘူး၊ ပြောင်နေတာပဲ၊ ဒါပေမဲ့ အလုံးအထည်ကတော့ တခြားမျောက်တွေထက် ပိုကြီးသလိုပဲ"

အန်တီကလည်း မျောက်ကြီးကိုကြည့်ပြီး ပြန်ပြောလိုက်သည်။

"ကြည့်… ကြည့်" မျောက်ကလေးကို အစာပစ်ပေးလိုက်တယ်။

အမွေးမရှိသော မျောက်ကြီးနှင့် မလှမ်းမကမ်းမှာ ရောက်သော အစာထုပ်ကို လုယူရန်ပြေးလာသည့် မျောက်ငယ်ကလေး တစ်ကောင်သည် အစာနားမရောက်မီ ရပ်ပြီး ရှေ့ဆက်မလာတော့။ မျောက်ကြီးက အစာထုပ်ကိုကောက်ယူပြီး ထိုမျောက်ကလေးဆီသို့ လှမ်းပစ်ပေးလိုက်သည်။ မျောက်ကလေးက လှမ်းယူပြီး နောက်လှည့်သွားသည်။

"ခင်မွန် သတိထားမိတယ်၊ မောင်မောင်မရောက်ခင် ခပ်စောစောကလဲ မျောက်တွေ အစာလုကြတော့ သားကလေး တစ်ဖက်နဲ့ မျောက်မကြီးက အစာမရဘူးလေ၊ အဲဒါ… အဲဒီမျောက်ကြီးက သူ့ဆီရောက်လာတဲ့ အစာကို မျောက်မကြီးဆီ လှမ်းပစ်ပေးတာ တွေ့ရတယ်"

"ဒီမျောက်ကြီးက စိတ်ကောင်းရှိပုံရတယ်" ဟု အန်တီက ရယ်ပြောပြောလိုက်သည်။

***

(၃)

ကျောင်းတိုက်မှ လှေကားကဆင်းပြီး ခြေနှစ်လှမ်း သုံးလှမ်းမှာပင် မျောက်စာနှင့် ပန်းရောင်းသည့် ကလေးတွေ သူတို့ကိုဝိုင်းလာကြပြီး-

"မျောက်စာဝယ်ပါဦး၊ ပန်းဝယ်သွားပါ"

"ကျွန်တော်တို့ဆီကဝယ်ပါ"

"ကျွန်မအလျင်ဦးတာ၊ ကျွန်မဆီက ဝယ်ပါ"

လူတစ်ယောက်ကို ရောင်းသူ ကလေးသုံးယောက် ဝိုင်းရံကာ တတွတ်တွတ် ပြောနေကြသည်။

"ကဲ… ကဲ ဝယ်မယ်၊ မင်းဆီက မျောက်စာပေး၊ မင်းဆီက ပန်းပေး"

မောင်မောင်က ဝယ်လိုက်သည်။

"ဝယ်ပါအစ်မရာ၊ တစ်ခုခုဝယ်ပါဦး"
"ဟိုမှာ ဝယ်နေပြီပဲကွယ် အတူတူပဲ"
"အတူတူလည်း ကျွန်တော့်ဆီကဝယ်ပါဦး၊ ဘုရားဖူးပါးလို့ ဈေးရောင်းမကောင်းလို့ပါ... ဝယ်ပါဗျာ"

ခင်မွန့်ဆီကို လှမ်းကြည့်လိုက်တော့ ခင်မွန့်ကို ကလေးတွေ ဝိုင်းနေကြသည်။

"ဝယ်လိုက်ပါခင်မွန်ရယ်"

မောင်မောင်က လှမ်းပြောသည်။

"ကဲ... ကဲ တစ်ယောက်က မျောက်စာပေး၊ တစ်ယောက်က ပန်းပေး"

ပြောပြီး... ခင်မွန်က ပိုက်ဆံအိတ်ဖွင့်သည်။

ချယ်ရီတို့၊ စုစုတို့၊ အန်တီတို့အားလုံးရော စုစုအစ်ကိုတွေပါ ကလေးတွေအတင်း ဝိုင်းရောင်းသဖြင့် နည်းနည်းစီ ဝယ်ကြရပြန်ပြီ။

ဝယ်ပြီးသည့် မျောက်စာအထုပ်ကလေးတွေကို မျောက်များရှိရာသို့ ပစ်ပေးနေကြ၏။ မျောက်များ အစားလုနေကြ၏။ တစ်ကောင်နှင့်တစ်ကောင် တွန်းတိုက်ကြရင်း တချို့က ရန်ဖြစ် အော်ဟစ်နေတာ မြင်ရသည်။

"ကဲ လာ... လာ၊ အချိန်မရှိတော့ဘူး၊ တက်ကြရအောင်"

အန်တီကပြောပြီး ရှေ့ကသွားသည်။

"ဝယ်ပါဦး အစ်ကိုရယ်၊ ကျွန်မ မရောင်းရသေးလို့ပါ"
"ဒီမှာလေ ဝယ်ထားပြီးပြီပဲ"

မောင်မောင်က ပန်းစည်းကိုပြရင်း ပြော၏။

"ကျွန်မဆီကမှ မဟုတ်တာ၊ ကျွန်မ မရောင်းရသေးလို့ပါ"
"လူအားလုံး လူစေ့အောင်တော့ ဘယ်ဝယ်နိုင်ပါ့မလဲ သမီးရယ်"

ကလေးမလေးကိုပြောရင်း တောင်ကလပ်ကိုစတက်သည်။

"ကျွန်မတွဲရမလား အန်တီ"
"ရတယ်"

"တွဲမယ်လေ မမ၊ ကျွန်မတို့က အမြဲတက်နေကြပါ"

လှည့်ကြည့်လိုက်တော့ ကလေးမနှစ်ယောက်ကလည်း ချယ်ရီနှင့် အန်တီတို့ဘေးမှ ကပ်ပါလာသည်။

တောင်ပေါ်တက်လို့ခဏအကြာမှာ အန်တီက ခါးညွတ်ပြီး လက်ဖြင့် ပေါင်ရင်းကို ထောက်ကာ နားပြီ၊ ချယ်ရီလည်း မောနေပြီ။ ခပ်လှုပ်လှုပ်သာ တက်နိုင်တာမြင်ရ၏။

"သမီးတို့ ပင်ပန်းပါတယ်ကွယ်၊ ပန်းတွေလည်း ဝယ်ပြီးပြီပဲ"

မောင်မောင်က ပြောလိုက်သည်။

"ရပါတယ်၊ ကျွန်မတို့က တက်လိုက်ဆင်းလိုက် လုပ်နေကျပါ။ မမောပါဘူး။ ဘုရားဖူးရာသီ မဟုတ်တော့ ဘုရားဖူးသိပ်နည်းတာပဲ၊ ကျွန်မတို့လဲ စျေးရောင်းမကောင်းလို့ပါ"
"ဒီနေ့ ဘုရားဖူး ဘယ်နှစ်ဖွဲ့ရှိလဲ"
"အစ်ကိုကြီးတို့နဲ့ဆို သုံးဖွဲ့ပဲရှိသေးတယ်"
"စောစောက နှစ်ဖွဲ့ ဆင်းလာပြီ"
"ပန်းတွေ ကျွန်မကိုင်ထားပေးရမလား"

အသက်ရှူသံပြင်းလာပြီး ခြေထောက်ကနေးလာတော့ သူ့ဘေးမှ ကလေးမကလေးက မေးသည်။

"ရပါတယ်ကွယ်" ဟု မောင်မောင်ကပြောလျက် ကလေးမလေးကို ကြည့်လိုက်မိသည်။ ဆံပင်နီနီကလေးကို တိုတိုပြတ်ပြတ်ထား၍ ဖွာလန်ကြဲနေပြီး မျက်နှာမည်းမည်းပေါ်မှာ သနပ်ခါးအစွန်းအစများက ချွေးစား၍ နည်းနည်းသာ ကျန်သည်။

"တောင်ပေါ်မှာလဲ မျောက်တွေရှိတယ်နော်"

တောင်ကလပ်တက်ရာ အုတ်လှေကားလက်ရန်း အုတ်ရိုးတွေပေါ်က မျောက်တွေကို ကြည့်ရင်း သူမေးလိုက်သည်။

"ရှိတာပေါ့ အစ်ကိုရ၊ တောင်ခြေကမျောက်၊ တောင်ပေါ်ကမျောက်နဲ့၊ တောထဲကမျောက် အုပ်စုသုံးစု ရှိတယ်လေ"

အုတ်ရိုးပေါ်မှမျောက်ကိုကြည့်ရင်း မောင်မောင်က လက်ဖျစ်တစ်ချက်တီးလိုက်သည်။ မျောက်ကထ ဖွီးကနဲအော်ပြီး ပြေးသွားသည်။

"မျောက်တွေကို မစနဲ့အစ်ကို၊ ဒီမျောက်တွေက တောင်ခြေက မျောက်တွေလို မယဉ်ဘူး"

"ဩော်..."

အခုမှ သူ့မှာခရီးလမ်းညွှန်တစ်ယောက်ရသလို ကောင်မလေးကို ကျေးဇူးတင်ကြည့် ကြည့်မိသည်။

"အစာကျွေးရင်တော့ ဘာမှမဖြစ်ဘူး၊ စ,ရင်တော့ ပြန်ကိုက်တတ်တယ်"

ကောင်မလေးက အလည်သားဟုတွေးကာ ပြုံးပြရင်း...
"ကဲ... ကဲ အစာကျွေးလိုက်ပါကွယ်" ဟု ပြောကာ ပိုက်ဆံ ထုတ်ပေးလိုက်သည်။ ကောင်မလေးက မျောက်စာများကို မျောက်တွေလက်ထဲ ထည့်ပေးနေသည်။

တောင်ကလပ်ပေါ် ရောက်တော့လည်း ကောင်မလေးထံမှ မောင်မောင်က ပန်း ထပ်ဝယ်လိုက်၏။ ကောင်မလေးမျက်နှာ ဝင်းပကြည်လင်သွားတာ မြင်လိုက်ရသည်။

"ဒီနေ့ ကျွန်မအရောင်းရဆုံးနေ့ပဲ" ဟု အားရဝမ်းသာပြောသည်။

"တစ်နေ့ ဘယ်လောက်ဖိုး ရောင်းရလဲ"
"ငါးကျပ်ဖိုး၊ တစ်ဆယ်ဖိုး အလွန်ပေါ့အစ်ကိုရဲ့" ဟု သူ့ကိုပြန်ပြော၏။

"အဲဒီနားက ရွာတွေလား" မေးတော့
"ဟုတ်တယ် မနက်မိုးလင်းကတည်းက လာရတာပေါ့" ဟု ပြန်ဖြေလိုက်သည်။

"ကျောင်းမနေကြဘူးလားကွယ်" မောင်မောင်က သွားရင်းမေးလိုက်သည်။
"လေးတန်း အောင်တဲ့သူတွေလဲ ရှိတယ်၊ လေးတန်းမအောင်ဘဲ ကျောင်းထွက်ပြီး ဈေးရောင်းတဲ့သူတွေလည်း ရှိတယ်အစ်ကို၊ ဈေးရောင်းတော့ စားဖို့သောက်ဖို့ ငွေလေးဘာလေး ရတာပေါ့"

ပန်းရောင်းသူကလေးမ၏ လောကအမြင်ကိုကြားရပြီး ရင်ထဲမှာ လှုပ်ကနဲခံစားရပြန်သည်။

အန်တီနှင့်ခင်မွန်လည်း သူတို့နှင့်အတူပါလာသော ပန်းသည်မလေးတွေထံမှ ဘုရားပန်းကို တောင်ကလပ်ထိပ်အရောက်မှာ ဝယ်ဖြစ်ကြသည်။ တောင်တက်လမ်းမှာ ကူညီရိုင်းပင်းမှုကြောင့် သူတို့လည်း ဝယ်ချင်စိတ်ဖြစ်မိ ကြပြီထင်၏။ ဘုရားလူကြီးတစ်ဦးက ဘုရားရင်ပြင်ပေါ်မှာ ပန်းလိုက်မရောင်းရဟု ကလေးမလေးတွေကို ဆူနေစဉ် သူတို့မှာ ပန်းလှူပြီး ဝတ်ပြုနေပြီဖြစ်သည်။

တောင်ကလပ်မှ လှမ်းမြင်ရသော ရှုခင်းသည် လွမ်းမောတမ်းတဖွယ်၊ ကြည်နူး နှစ်လိုဖွယ်တို့ ရောယှက်ခံစားမှုကို ဖြစ်စေသည်ထင်၏။ နေလုံး ပျောက်ကွယ်သွားပြီးနောက် ကျန်ခဲ့သောအလင်းရောင် မှိန်မှိန်အောက်မှာ လှမ်းမြင်ရသောအရာရာသည် မှုန်ပျပျမဖြစ်သေး၊ ပြတ်သားသဲကွဲစွာ မြင်နေရဆဲ၊ ကြည့်ဆဲမှာပင် အလင်းရောင်အား တဖြည်းဖြည်း

ဆုတ်လာပြီဟုသိသည်။ မကြာမီ အမှောင်ထုလွှမ်း၍ လာတော့မည်။ ဇော့ဝိုက်တိုက်လာသောလေမှာ အအေးဓာတ်တို့ပါလာပြီလေ။

နောက်နေ့နံနက်ကို ဆိုင်တန်းမှာသွားစားဖြစ်သည်။ ညက စားခဲ့သောဆိုင်မှာပင် စားကြသည်။ တရုတ်အစားအစာများကို မှာထားသဖြင့် ခဏစောင့်နေရပြန်သည်။

ဆိုင်ရှေ့မှာ တောင်ကမ်းပါးယံ ခပ်နိမ့်နိမ့်ရှိသည်။ သစ်ပင်သစ်တောများဖြင့် ပြည့်နေပြီ၊ လမ်းမပေါ်မှာ မျောက်များကိုကြည့်ရင်း တောင်ကမ်းပါးပေါ်ကို မျှော်မိခိုက်မှာလည်း မျောက်တွေကို တွေ့ရပြန်သည်။ တချို့မျောက်တွေက ဆိုင်ရှေ့ရောက်လာတတ်၏။

"ဒီမှာလည်း မျောက်တွေရှိတယ်နော်..." ဟု ချယ်ရီက မျောက်တွေကိုကြည့်ရင်း ပြောလိုက်သည်။

"ဟုတ်တယ်သမီးရဲ့၊ ဒီပုပ္ပါးမှာ မျောက်အုပ်သုံးအုပ် ရှိတယ်လေ၊ အဲဒီတောင်ကမ်းပါးယံက တောထဲမှာမျောက်တစ်အုပ်၊ တောင်ခြေက သမီးတို့တည်းတဲ့နေရာမှာ မျောက်တစ်အုပ်၊ ပြီးတော့ ဟိုး... တောင်ကလပ်ပေါ်မှာ တစ်အုပ်ကွဲ့"

ချယ်ရီနှင့် အဒေါ်ကြီးက မျက်နှာချင်းဆိုင်လို ဖြစ်သည်။ မောင်မောင်က အဒေါ်ကြီးဘက်သို့ ဘေးစောင်းလှည့် ထိုင်လိုက်သည်။

"အဲဒီမျောက်တွေ အုပ်စုတစ်စုနဲ့တစ်စု မတည့်ကြဘူးဆို" ဟု မောင်မောင်က မေးလိုက်သည်။

အဒေါ်ကြီးက ကြက်သွန်အခွံနွှာနေရာမှ မော့ကြည့်ကာ-

"ဟုတ်တယ်ကွဲ့၊ အုပ်စုတစ်စုနဲ့တစ်စု တွေ့ကြလို့ကတော့ ရန်ပွဲတော်တော်နဲ့ မပြီးတော့ဘူး။ တစ်ကောင်နဲ့တစ်ကောင် အသေကိုကိုက်ကြတာ၊ တစ်တောလုံး တစ်တောင်လုံး ဆူညံပွက်လောထသွားပြီသာမှတ်" ဟု ပြန်ပြောလိုက်သည်။

"သူတို့အုပ်စုထဲမှာတော့ အချင်းချင်း မကိုက်ကြဘူးလား ဒေါ်ဒေါ်..."

"ဟာ ကိုက်တာပေါ့၊ သူတို့အုပ်စုထဲမှာလဲ တစ်ကောင်နဲ့တစ်ကောင် ကိုက်ကြတာပဲ၊ အဲ... သူတို့ကိုက်ကြပြီဆိုရင် သိပ်ကြောက်စရာ ကောင်းတာကွယ့်"

"ပြောပါဦးခင်ဗျာ"

အဒေါ်ကြီးက စကားအရပ်မှာ မောင်မောင်က စကားထောက်ပေးသည်။

"မောင်မောင်တော့ မျောက်တွေကို တော်တော် စိတ်ဝင်စားနေပြီနဲ့ တူတယ်" ဟု အန်တီက ရယ်ပြီး ပြောသည်။

"တချို့ အကောင်ကြီးတွေက ကိုက်ပြီး အနိုင်ရရင် သစ်ပင်ပေါ် ပြေးတက်ပြီး သစ်ပင်အပေါ်ထိပ်ဖျားကို ကိုင်လှုပ်လိုက်တာများ သစ်ပင်တစ်ပင်လုံး သိမ့်သိမ့်ခါနေတာပဲကွယ့်"

"ဘာလို့ အဲလိုလှုပ်ပြတာလဲ အဒေါ်" ဟု မောင်မောင်က ထပ်မေးလိုက်တော့...

"သူတို့ အတော်ဒေါသကြီးတဲ့ သတ္တဝါတွေပဲကွယ်၊ ဒေါသပေါက်ကွဲတာလား၊ ဒါမှမဟုတ် သူ့အင်အားကို ပြတာလားမသိပါဘူး" ဟု အဒေါ်ကြီးကဖြေသည်။

"ဪ... ဟုတ်ပြီ၊ ငါ့ကို ပြိုင်ရဲတဲ့သူရှိရင် ပြိုင်စမ်းဆိုတဲ့ သဘောပေါ့နော်"

"အေး... အေး၊ အဲဒီသဘောပေါ့ကွယ်"

ကမ်းပါးယံပေါ်သို့ ပြေးတက်သွားသော မျောက်တစ်ကောင်ဆီသို့ အကြည့်ရောက်ပြန်သည်။

"မင်းတို့တည်းတဲ့ တောင်ခြေမှာရှိတဲ့ မျောက်တွေထဲမှာ အမွေးပြောင်နေပြီး မျက်စိကန်းနေတဲ့ မျောက်ကြီးတစ်ကောင် မတွေ့ခဲ့ဘူးလား"

"ဟာ တွေ့တယ်အဒေါ်"

"ဟို အစာပေးတဲ့မျောက်ကြီးလား မောင်မောင်"

"ဟုတ်တယ်လေ ခင်မွန်"

အဒေါ်ကြီး စကားကိုဆက်သည်။

"ဒီမျောက်ကြီးက တောင်ခြေမျောက်အုပ်စုမှာ ခေါင်းဆောင်ပေါ့ကွယ်"

"ဪ ဟုတ်လား"

"ဘာလဲမောင်မောင်...၊ သူ့ရှေ့ရောက်လာတဲ့ အစာတွေကို မျောက်ကလေးတွေနဲ့ မလုနိုင်တဲ့ ကလေးတွဲလောင်းမျောက်မကြီးတွေကို ပေးတတ်တဲ့ မျောက်ကြီးလား" ဟု အန်တီက လှမ်းမေးသည်။

"ဟုတ်တယ်လေအန်တီရဲ့၊ မျက်စိကန်းပြီး အမွေးတွေ ပြောင်နေတဲ့ မျောက်ကြီးပေါ့၊ အန်တီကတောင် ဒီမျောက်ကြီးက စိတ်ကောင်းရှိပုံရတယ်လို့ ပြောသေးတယ်လေ"

"ဒါဆို မောင်မောင်ရေ၊ အဲဒီမျောက်ကြီးကို နာယကဂုဏ်နဲ့ ပြည့်စုံတယ်လို့ ပြောရမယ်ကွ" ဟု အန်တီက အရယ်တစ်ဝက်နှင့် နောက်ပြောလိုက်ပြန်သည်။

"အဲဒီမျောက်ကြီးမတိုင်မီ သူ့အဖေကလဲ အဲဒီမျောက်အုပ်စုမှာ ခေါင်းဆောင်လေ"

အဒေါ်ကြီးက ဆက်ပြောလိုက်တော့ အားလုံးတအံ့တဩနှင့် နားစွင့်ထားကြပြန်သည်။

"ဒါဆို သူ့အဖေကသေလို့ အရိုက်အရာ ဆက်ခံတာပေါ့နော်"

စုစုက လှမ်းမေးလိုက်ပြန်၏။

"မဟုတ်ဘူးကွယ့်၊ သူ့အဖေမသေခင်မှာဘဲ အဲဒီမျောက်ကြီးက အရွယ်ရောက်လာတော့ အင်အားပြိုင်တာပေါ့ကွယ်၊ ဖအေကို အနိုင်ယူချင်တာပေါ့"

"ဩော်... ဩော်"

"ဒါနဲ့ တစ်နေ့တော့ သူတို့သားအဖနှစ်ယောက် ကိုက်ကြတာကွယ်၊ တစ်နေကုန်ပါပဲ၊ ဘယ်လိုမှ ခြောက်လှန့်လို့လဲ မရပါဘူး၊ ဒီဆိုင်တွေဖြုတ်ပြေး၊ ဟိုတောင်ခြေမှာလည်း ပြောင်းဆန်နေတာဘဲ၊ အခု မျက်စိတစ်ဖက် ကန်းနေတာလဲ အဲဒီပွဲတုန်းကရတဲ့ ဒဏ်ရာလေ၊ အမွေးတွေဘာတွေ ကျွတ်နေတာလဲ ဒါကြောင့်ပေါ့ကွယ်..."

"ဒါဆို သူ့အဖေ မျောက်ကြီးက သူ့ကို မညှာတော့ဘူးပေါ့နော်" ဟု မောင်မောင်က မေးလိုက်သည်။

"ဟုတ်တယ်နော် ကိုယ့်သားသမီးပဲ၊ ဒီလောက်ပဲ ကိုက်သလား" ဟု ချယ်ရီကဝင်ပြော၏။

"ဒါကတော့ကွယ်၊ နေရာလုတဲ့ ပိုလ်လုပွဲကိုးကွယ့်...၊ လူတွေတောင်မှ နန်းတက်ချင်လို့ ဖအေကို သားကသတ်၊ သားကို ဖအေကသတ် ရှိကြသေးတာပဲ၊ မျောက်တွေက တိရစ္ဆာန်ဆိုတော့ နောက်ထပ် အနိုင်မယူရဲအောင် ကိုက်ကြတာဖြစ်မှာပေါ့"

အဒေါ်ကြီးစကားကြောင့် အားလုံးငြိမ်သွားကြသည်။ ဘာမှပြန်မပြောနိုင်ကြတော့။

"ဒါပေမဲ့ကွယ် သူ့အဖေမျောက်ကြီးက သနားစရာကောင်းပါတယ်" ဟု အဒေါ်ကြီးစကားကို ဆက်လိုက်တော့ အားလုံး စိတ်ဝင်တစား နားစွင့်ထားမိကြပြန်သည်။ အဒေါ်ကြီးက အခွံနွှာပြီးသား ကြက်သွန်တွေကို ဇလုံထဲပြောင်းထည့်နေပြန်သည်။

"ပြောပါဦးအဒေါ်"

"အေးကွယ့်၊ အဲဒီနေ့က သူတို့သားအဖနှစ်ယောက် ဒေါသတကြီးနဲ့ ကိုက်ကြရင်း သားကရှေ့ကပြေး အဖေက နောက်ကလိုက်နဲ့ ထွေးလုံးထွေးလုံးနဲ့ တောင်ကလပ်ပေါ်ဘက်ကို နယ်ကျွံပြီး ရောက်သွားတာပေါ့။ ပန်းရောင်းတဲ့ကလေးတွေမြင်ရလို့ ပြန်ပြောပြတာလေ၊ သူတို့နှစ်ကောင် တောင်ကလပ်ပေါ်က မျောက်တွေမြင်တော့ အတင်းဆင်းပြေးလာတာပေါ့။ ပြေးဆင်းလာတာလဲမြင်ရော ချက်ချင်းပဲ အဖေကသူ့သားကို လှမ်းဆွဲပြီး နောက်ကိုတွန်းပို့တယ်၊ ပြီးတော့ တောင်ကလပ်ပေါ်က ရန်မူဖို့ ဆင်းလာတဲ့ မျောက်အုပ်စုကို ဖအေက ရင်ဆိုင်လိုက်တာပေါ့ကွယ်"

"သဘောကတော့ သူ့သားမျောက်ကြီး လွတ်အောင်ပြေးဖို့ အခွင့်အလမ်းရအောင်ဆိုပြီး သူကမပြေးဘဲ ခုခံပြီးတိုက်တော့တာပဲတဲ့၊ နယ်ကျွံလာပြီဆိုတာသိတော့ သားကတော့ နောက်ကြောင်းပြန်လှည့် ပြေးတာပေါ့။ ဖအေမျောက်ကြီးကတော့ တောင်ကလပ်က မျောက်အုပ်တစ်အုပ်လုံးနဲ့ တစ်ကောင်တည်း ခုခံပြီး မျောက်အုပ်ကြားမှာ ဒဏ်ရာဗရပွနဲ့ ဖြစ်နေပြီလေ၊ နောက်တစ်ရက်နှစ်ရက် ကြာလို့ ပုပ်နံ့ရလို့ ပန်းသည်လေးတွေက စောင်းတန်းအမိုးပေါ် တက်ကြည့်မှာ ရေတံလျှောက်ထဲက သွပ်အမိုးပေါ်မှာ အဖေမျောက်ကြီးဟာ ဒဏ်ရာတွေနဲ့ ပုပ်ပွနေတာ တွေ့ရသတဲ့ကွယ်"

"ဩော်... နောက်ပြန်ဆုတ်ပြေးရင်းနဲ့ အမိုးပေါ်ပြုတ်ကျပြီး ရေတံလျှောက်နဲ့ခံပြီး တင်နေတာထင်တယ်နော်" ဟု ချယ်ရီက ပြောသည်။

"သူ့သားလွတ်အောင်လို့ သူက အသေခံပြီး ခုခံသွားတာပေါ့နော်..."

ခင်မွန်ကလည်း မှတ်ချက်ချပြန်သည်။

"အေးပေါ့ကွယ်၊ တောင်ပေါ်မှာ မျောက်အုပ်နဲ့ တွေ့ပြီဆိုကတည်းက တစ်ကောင်နဲ့အများပဲ၊ သေမှာတော့ သိပြီပေါ့၊ အဲဒီလို သေဘေးကြုံတဲ့အခါကျတော့ သူပြေးရင် လွတ်နိုင်သားပဲ ဒါပေမဲ့ သူမပြေးတော့ဘဲ သူ့သားကို သူပိုပြီးငဲ့ညှာတယ်၊ ဒါကြောင့် သူ့သားပြေးလို့လွတ်နိုင်အောင် သူအသေခံပြီး သွားတာပေါ့ကွယ်"

အဒေါ်ကြီးက သူ့စကားကို နိဂုံးချုပ်လိုက်သည်။
ခင်မွန်က အန်တီ့မျက်နှာကို ဖျက်ကနဲအကြည့်ရောက်သည်။
ပြီးတော့... သက်ပြင်းကိုချလိုက်မိသည်။

အမြင့်ပြေးတက်ခါနီးမှာ သူ့သားကလေးအား ရင်ခွင်ထဲသို့ ပြောင်းထည့်တတ်သော မျောက်မကြီးနှင့် သားအတွက် အသက်ဆုံးရှုံးခံသွားရှာသော မျောက်ခေါင်းဆောင်ကြီးတို့ကို အတွေးဖြင့် မြင်ယောင်မိပြန်တော့သည်။

***မောင်စိန်ဝင်း(ပုတီးကုန်း)***

*** *** ***

## ရစ်ဘီးနဲ့ စက္ကူစွန်

(၁)

အမေသည် ကျွန်တော့်ကို မွေးဖွားရန် သက်သက် လောကထဲကို ရောက်လာခဲ့လေသလားဟု တစ်ခါတစ်ရံ ကျွန်တော် တွေးမိပါသည်။

***

(၂)

အမေ့ကို ကျွန်တော့်အဘိုးက အိမ်ထောင်ချပေးတော့ အမေ့အသက်က နှစ်ဆယ့်တစ်။ ဆွေစုမျိုးစု အသိုက်အဝန်း၊ ရပ်ထဲရွာထဲတင်မက အနီးအနား ရပ်ရွာတွေအထိ ဩဇာလွှမ်းမိုးသည့် အဘိုး၏ အစီအမံကို အမိန့်တစ်ခုနှယ် နာခံရုံမှတစ်ပါး အမေစဉ်းစားစရာ မရှိခဲ့ပါ။ ချစ်သူရည်းစားသနာ ဟူ၍လည်း မရှိခဲ့။ အဖေ့မှာ ချစ်သူရည်းစား ရှိခဲ့သည် မရှိခဲ့သည်လည်း မသိခဲ့။

လက်ထပ်ပြီးတော့ အဘိုးအိမ်မှာ အဖေကလိုက်လာခဲ့ရသည်။ သည်မှာပဲ အဘိုးနှင့်အဖေ၏ ပြဿနာက စခဲ့သည်ဆို၏။ အဘိုးက အမြဲတက်ကြွဖျတ်လတ်ပြီး

အမြော်အမြင်ကြီးသူ။ စီးပွားရေးလာဘ်မြင်သူ၊ တိကျ ပြတ်သားသူ။ အဖေက အေးအေးဆေးဆေး နေတတ်ပြီး ရောင့်ရဲတင်းတိမ်စိတ်ရှိသူ၊ စကားများစွာ မပြောတတ်သူ။ သည်တော့ စရိုက်ချင်းကမတူတော့ လုပ်ငန်းကိုင်ငန်းတွေမှာလဲ အဘိုးက ရှေ့ကိုကြိုမြင်သလောက် အဖေက မလိုက်နိုင်။ မမြင်နိုင်။

"မင်း... တော်တော် အ,တဲ့ကောင်ပဲ"
ဆိုသည့်မှတ်ချက် အဘိုးနှုတ်မှ ထွက်လာတော့၏။

မကြာမကြာ သည်လိုမှတ်ချက်မျိုး ကြားရတော့ အဖေ စိတ်ခုလာသည်။ အဘိုးနှင့် အတူမနေဖို့ ဆုံးဖြတ်ခဲ့ဟန်တူသည်။

ကျွန်တော့်ကိုမွေးပြီးလို့ လေးလမပြည့်ခင်မှာ အဖေအိမ်ပေါ်က ဆင်းသွားတော့၏။ အဖေ့မိဘတွေကလည်း ပြည့်ပြည့်စုံစုံမို့ ဘာမှ ပူစရာမလို။

***

(၃)

"အမေက ဘာလို့ အဖေ့နောက် လိုက်မသွားတာလဲ"

"လိုက်သွားရမလားလို့ မေးတော့ ဒီလောက် အ,တဲ့လူနောက် လိုက်သွားရင် နင်မွေးထားတဲ့သား ဘယ်တော့မှ လူတစ်လုံးသူတစ်လုံး ဖြစ်မှာမဟုတ်ဘူး၊ လိုက်ချင်ရင် ကလေးထားခဲ့လို့ နင့်အဘိုးက ပြောတာ"

ကျွန်တော် အမေ့ကို နားလည်သွားသည်။ သူ့သား လူတစ်လုံး သူတစ်လုံးဖြစ်ရေးနှင့် အိမ်ထောင်ရေးကိစ္စသည် အမေ့နလုံးသားကို ချည်နှောင်ပြီး တစ်ဘက်စီဆွဲနေသည့် ကြိုးနှစ်စ ဖြစ်နေလိမ့်မည်။ အဘိုး၏အရိပ်သည် သူ့သားအတွက် အလုံခြုံဆုံးနှင့် အဘိုး၏ပခုံးသည် သူ့သားကို အမြင့်ဆုံးရောက်အောင် တွန်းတင်အပေးနိုင်ဆုံးဟု အမေယုံခဲ့ဟန်တူသည်။

အဖေက လူကြီးသူကြီးများနှင့်လာပြီး သူ့အိမ်လိုက်ခဲ့ဖို့ အမေ့ကို သုံးကြိမ်ခေါ်ခဲ့သော်လည်း အမေမလိုက်ခဲ့။ အမေမလိုက်လျှင် နောက်ထပ် အိမ်ထောင်ပြုတော့မည်ဟု နောက်ဆုံးအကြိမ် အတိအလင်း ကြေညာခဲ့သော်လည်း အမေကမတုန်လှုပ်။

သည်လိုနှင့် အဖေက သူ့ငယ်ရည်စားနှင့် နောက်အိမ်ထောင် ပြုသွားသည်။

***

(၄)

"အဖေမရှိတဲ့ကလေး မိဘမပြည့်စုံတဲ့ ကလေးတွေဟာ စိတ်ခံစားမှု တစ်ခုခုရှိတတ်တယ်၊ ချွတ်ယွင်းတတ်တယ်လို့ ငါကြားဖူးတယ်။ ဒီတော့ ဒီကလေးကို ငါတို့သားလို့ပဲ အသိပေးထားရမယ်..."

ကျွန်တော်က အဘိုးနှင့်အဘွားကိုသာ ကျွန်တော့် အဖေနှင့်အမေဟု စသိခဲ့ရသည်။ ကျွန်တော့်ကြီးတော် အပျိုကြီးနှင့် ကျွန်တော့်အမေတို့သည် ကျွန်တော်နှင့် မောင်နှမများဟု စနားလည်ခဲ့ရသည်။ သည်လိုနှင့် ကျွန်တော်သည် အမေ့ကို အမေဟုမခေါ်ဖြစ်ခဲ့ပါ။ အမေကလည်း အဘိုးစကားအတိုင်း ကျွန်တော့်ကို အမေတစ်ဦးနှယ် မဆက်ဆံဖြစ်ခဲ့လေသလား ကျွန်တော် တွေးသည်။

ကျွန်တော်အသက်ခြောက်နှစ်မှာ ကျောင်းစထားတော့မှ အဘိုးသည် ကျွန်တော့်အဖေ မဟုတ်မှန်း ကျွန်တော်သိခွင့်ကြုံခဲ့ရပါ၏။

"ဒီလိုဘယ်ဖြစ်မလဲ၊ အမှန်အတိုင်းပဲ ကလေးအဖေနာမည် ထည့်ရမယ်။ အဲဒီလိုမှ မထည့်နိုင်ရင်တော့ ကျုပ်ကျောင်းမှာ မထားနဲ့ တခြားကျောင်းသွားရင်လဲ ဒီလိုပဲပြောမှာပဲ"

အဘိုး၏ မိတ်ဆွေသူငယ်ချင်းဖြစ်သော ကျောင်းဆရာကြီး၏ စကားကို ကျွန်တော် ကြားရတော့ အံ့ဩသွားမိသည်။ နောက်ဆုံးတော့ အဘိုးက လက်လျှော့ပြီး ကျွန်တော့်အဖေရင်း နာမည်နှင့် ကျောင်းအပ်လိုက်ရသည်။

"အေး... ဟုတ်တယ်၊ အဲဒါ မင်းအဖေပဲ၊ ဒါပေမဲ့ အခုမရှိတော့ဘူး"

လမ်းမှာ ကျွန်တော်ကမေးတော့ အဘိုးက တိုတိုပြတ်ပြတ် ဖြေသည်။

"နောက်လဲ ဘယ်တော့မှ မမေးနဲ့"

ကျွန်တော်လည်း ထပ်ပြီး မမေးရဲတော့ပါ။

ကျွန်တော်အရွယ်ရောက်လာလေလေ အဘိုးသည် ကျွန်တော့်အတွက် အားကျစံပြုစရာ သူရဲကောင်းတစ်ဦး ဖြစ်လာလေလေပင်။ အဘိုး၏ တိကျပြတ်သားမှု၊ အမြော်အမြင်ကြီးမှု၊ အမျိုးအကျိုး ဆောင်ရွက်မှုတို့ကို ကျွန်တော်နားလည်လာခဲ့ရသည်။

သည်အချိန်က လေးတန်းအောင်လျှင် လုပ်ငန်းခွင်ဝင်စေခဲ့သော တောဓလေ့၊ တောပတ်ဝန်းကျင်မှာ ပညာထက် တန်ဖိုးရှိသောအရာ မရှိဟု အဘိုးကလက်ခံသည်။ လယ်လုပ်ငန်း၊ ဆန်စက်လုပ်ငန်း စသဖြင့် လုပ်ငန်းတွေ ဒီလောက်ရှိပါလျက် ဘာကြောင့် ကျွန်တော့်ကို ကျောင်းဆက်ထားနေရတာလဲဟု အများက အဘိုးကို ပြောခဲ့ကြသည်။

ခုနစ်တန်း စကောလားရှစ်စာမေးပွဲကို ခရိုင်မှာပထမရပြီး ကျွန်တော် အောင်ခဲ့ချိန်မှာတော့-

"မင့်အဘိုးပြောတာ သိပ်မှန်တာပဲ၊ အမေဆုံး ဖြတ်ရကျိုး နပ်ပါတယ်" ဟု အမေ မျက်ရည်ဝဲပြီး ပြောခဲ့သည်ပဲ။

***

(၅)

ကျွန်တော် ဆယ်တန်းအောင် တက္ကသိုလ်မှ ဘွဲ့တွေဘာတွေရ၊ သည်လိုအဆင့်မြင့်လာလေလေ... အမေကတော့ သူ့လောင်းကစားပွဲမှာ သူအနိုင်ရလေလေ... ဟု ထင်ခဲ့လေမည်။

ကျွန်တော်တို့အိမ်မှာ အိမ်သားငါးဦးရှိသည့်အနက် အမေသည် အအေးဆုံးနှင့် ဘယ်ကိစ္စကိုမှ ဝင်၍ ပါဝင်ပြောဆိုခြင်း မရှိဆုံးသူပင်။ ကျွန်တော် အရွယ်ရောက်ချိန် အဘိုး၏ လုပ်ငန်းကိုင်ငန်းမှအစ အငယ်ဆုံး ကျွန်တော်က ဝင်ပြီးပြောမိသော်ငြား အမေကတော့ ဘာမှစိတ်မဝင်စားသလိုပင်။

သူ့ဘဝသည် အဘိုး၏ ပုံစံခွက်ထဲမှာသာ ရှိနေရမည်ပဲဟု အမေ့မှာ အစွဲကြီးစွဲသွားလေပြီလားဟု ကျွန်တော် ကြီးလာတော့ တွေးဖြစ်သည်။ ကျွန်တော်သည် အဘိုး၏ မြေးဟူ၍သာ။ ပတ်ဝန်းကျင်ကလည်း ဂုဏ်ပုဒ်ဖော်လျက် အမေ့၏သားဟု ဘယ်တော့မှ အမှတ်သညာ မထားခဲ့ကြ။

"ဦးမောင်ကြီးရဲ့ မြေးလေးကတော်လိုက်တာ"

ကျွန်တော်စာမေးပွဲတွေအောင်တိုင်း ပတ်ဝန်းကျင်က ကျွန်တော့်အဘိုး၏ အမည်နှင့်ယှဉ်ပြီး ချီးကျူးစမြဲ။

အမေ ဘယ်လိုခံစားရမည် မသိသော်လည်း ပီတိမျက်နှာကတော့ သူ့စွန့်လွှတ်မှုများက ကျွန်တော့်အောင်မြင်မှုများအဖြစ် ပြောင်းသွားရခြင်းကို ကျေကျေနပ်နပ် ဖြစ်နေသည့်ဟန်...

***

(၆)

ကျွန်တော်သည် စက္ကူစွန်လေးတစ်ခုဖြစ်ပါက အမေသည်ရစ်လုံးတစ်ခုသာ ဖြစ်ပါမည်။ အဘိုးကတော့ စွန်လွှတ်နေသူ တစ်ဦးဖြစ်ပြီး စက္ကူစွန်လေး လေမိပြီး မြင့်သထက်မြင့်တက်သွားအောင် ကြိုးစားနေသူပင်။

ရစ်တန်းအောင်သည့်အခါ ကျွန်တော့်ကို ကျောင်းကောင်းကောင်း ပြောင်းထားရမည်ဆုံးဖြတ်ပြီး မိသားစုနှင့်ခွဲကာ မြို့ကြီးကိုပို့ပါသည်။ အမေ့မျက်နှာ၌ သားကိုမခွဲချင်သဖြင့် ကြေကွဲဆွေးမြေ့ရိပ်များ ပြည့်နေသော်ငြား အဘိုး၏ဆုံးဖြတ်ချက်ကိုကား မကန့်ကွက်ရဲရှာ။ သည်လိုနှင့် ကျွန်တော်သည် ရစ်လုံးနှင့် ပို၍ဝေးရာဝေးရာ အမြင့်ကိုတက်သွားသော စွန်ကလေးတစ်ခုပမာ အမေနှင့်ဝေးကွာဝေးကွာ၍ သွားရပါတော့သည်။

***

(၇)

ကျွန်တော် ရန်ကုန်မှာ အခြေတကျဖြစ်သည့်အချိန်မှာ အဘိုးနှင့် အဘွားမရှိတော့ပါ။ ကျွန်တော့်ကြီးဒေါ် (ကျွန်တော်၏ မွေးစားအမေ) နှင့် အမေတို့နှစ်ဦးသာ ကျန်ခဲ့ပါသည်။

ကျွန်တော့်မွေးစားအမေသည် အဘိုး၏ခြေရာကို နင်းနိုင်သူဖြစ်ပြီး လုပ်ငန်းအားလုံးကို ဦးစီး လုပ်ကိုင်နိုင်သူ ဖြစ်သည်။ လုပ်ငန်းတွေကို စွန့်ထားခဲ့ပြီး ကျွန်တော်နှင့် လိုက်မနေနိုင်ကြပါ။ ကျွန်တော်၏မွေးစားအမေ ကျွန်တော့်ကြီးဒေါ်သည် ကျွန်တော့်အိမ်ကို အလည်လာရင်း နလုံးရောဂါဖြင့် ကျွန်တော့်လက်မှာပင် ဆုံးသွားခဲ့ရရှာပါသည်။

အမေတစ်ဦးတည်း ကျန်ခဲ့ပြီမို့ ကျွန်တော်နှင့် အတူနေဖို့ ခေါ်ထားသော်လည်း အမေ မနေနိုင်ခဲ့ပါ။ ဆေးကုသဖို့ ကျွန်တော့်အိမ်မှာ တစ်လနီးပါးနေရသည်ကိုပင် အမေ မပျော်ပိုက်မှန်း ကျွန်တော်နားလည်နိုင်ခဲ့သည်။

ကျွန်တော့်အိမ်မှာ ကိုယ်ရောစိတ်ပါ ကျဉ်းကျဉ်းကျပ်ကျပ် ခံစားလာရအောင် ပတ်ဝန်းကျင် စရိုက်သဘာဝတို့က ဖန်တီးနေကြောင်း ကျွန်တော် နားလည်နိုင်ခဲ့သည်။

သည်တော့ အမေ့ကိုတောကအိမ်မှာပြန်ပို့ရင်း ကျွန်တော်ကသာ မကြာမကြာသွားတွေ့ဖို့ ဆုံးဖြတ်ရသည်။ ကျွန်တော့်တူဝမ်းကွဲ လင်မယားကို အမေ့အတွက် အဖော်အဖြစ် အိမ်မှာထားပေးလိုက်ရသည်။

***

(၈)

ခွေးကလေးတွေ၊ ကြောင်ကလေးတွေနှင့် အိမ်မှာရှိသည့် နွားတွေကို အမေ အလွန်ချစ်တတ်ခဲ့တာ ဟိုတုန်းကတည်းက သတိထားဖြစ်သည်။

အမေသည် သူ့သားကို ဆုံးမစကားတွေ တဖွဖွမပြော။ ယုယုယယ နွေးနွေးထွေးထွေး မနေ။ အမေ့စိတ်မှာ ကျွန်တော်သည် အဘိုး၏သားဖြစ်၍ အဘိုးကသာ အစစအရာရာ ပြောပိုင်ဆိုပိုင်၊ ချစ်ပိုင်ခွင့်ရှိပြီဟု မှတ်ယူထားခဲ့ဟန် တူသည်။ အဘိုးက သည်လို အခွင့်အရေးတွေ ယူထားမှလည်း ကျွန်တော် မြင့်သထက်မြင့်ရာကို ရောက်မည်ဟု ယုံကြည်ထားပုံရသည်။ စွန့်လွှတ်သူ၏လက်တွင်းမှ ရစ်ဘီးတစ်ခုနှယ် အမေကျေနပ်စွာ နေခဲ့ရင်း အမေ့အတွင်းစိတ်တို့က တိရစ္ဆာန်တို့ကို ယုယချစ်ခင် နွေးထွေးတတ်သွားတာလားဟု ကျွန်တော်ကြီးတော့ စဉ်းစားမိပြန်၏။

ကျွန်တော်မှတ်မိနေသေးသည်။

အိမ်မှာ 'တောကျော်' ဆိုသည့် နွားကြီးတစ်ကောင်ရှိသည်။ အမေ အလွန်ချစ်သည်။ အမေနှင့် အကျွမ်းတဝင် ရှိလှသည်။ အမေသည် တောကျော်ကို အစာကျွေး၊ ရေတိုက်၊ ကိုယ်တိုင်လုပ်သည်။ တောကျော်ကို နဖားကြိုး အသစ်လဲစရာရှိလျှင် တခြားမည်သူမျှ တောကျော်အနား မကပ်ရဲ။ နဖားကြိုးအထိုးမခံ။ အမေတစ်ဦးတည်းသာ တောကျော်၏ နဖားကြိုးအသစ်ကို လဲပေးလို့ရသည်။

သည်လိုနှင့်တောကျော်က တစ်နေ့တခြား အိုမင်းလာပြီး နွားအသစ်လဲရမည့်အချိန်ကို ရောက်လာတော့သည်။ တော်ကျော်ကိုရောင်းပြီး နောက်နွားအသစ် တစ်ကောင်ဝယ်ဖို့ အချိန်ရောက်လာသည်။

အဘိုးက ‘တောကျော်’ ကိုရောင်းပြီး နွားအသစ်တစ်ကောင် ဝယ်လိုက်၏။ ထိုနေ့က အမေအံ့ကြိတ်ရင်း မျက်ရည်တွေတွေ စီးကျလာသည်ကို ကျွန်တော်မမေ့။ နောက်ရက်များမှာ အမေသည် နွားတင်းကုပ်ရှိရာ သွား… သွားပြီး ငိုင်နေသည်။ ညစာထမင်းလည်း အမေမစားတော့။ အိမ်သားတွေကိုလည်း အမေစကားမပြောတော့။

အဘိုးရော တစ်အိမ်သားလုံးကပါ အမေ ‘တောကျော်’ ကို လွမ်းနေမှန်း နားလည်သည်။ ကြာလျှင် ပျောက်သွားမှာပဲဟုလည်း ပေ့ါပေ့ါတွေးသည်။

အမေသည်လိုဖြစ်နေတာ လေးရက်မြောက်နေ့မှာတော့ အဘွားက သူ့သမီးအတွက် စိတ်ပူလာတော့သည်။ ‘တောကျော်’ ကို ပြန်ဝယ်ပေးဖို့ အဘိုးကို ပြောသံကြားရသည်။ အဘိုးက ဘာမှစကားမပြန်သေး။

အဲဒီညမှာပဲ နွားတင်းကုပ်ဆီကအသံတွေကို အိမ်ပေါ်မှကြားရသည်။ ခြေသံတွေ။ ပြီးတော့ နွားတင်းကုပ်တံခါးကို တိုးသံ။ ပြီးတော့ နွားတွန်သံ။

အမေချက်ချင်း အိမ်ပေါ်မှ ပြေးဆင်းသည်။ မီးအိမ်တွေဘာတွေ ထွန်းပြီး တစ်အိမ်လုံး ရောက်လာချိန်မှာ… အမေက ‘တောကျော်’ ၏ ဦးခေါင်းကို ပွေ့ဖက်ပွတ်သပ်ပေးနေတာ မြင်ကြရသည်။ သူ့ကိုရောင်းလိုက်သူ၏အိမ်မှ တောကျော် အမေ့ဆီကို ပြန်ပြေးလာခဲ့တာပါလား။ နောက်မနက်မှာ အဘိုးက သူ့ပိုင်ရှင်ကို ငွေချေပြီး ပြန်ဝယ်လိုက်ရတော့၏။

***

(၉)

‘တောကျော်’ ကို ခွဲရစဉ်က သည်းမျှခံစားခဲ့ရသော အမေသည် တစ်ဦးတည်းသော သူ့သားကို ခွဲခွာထားရသည့်အခါ မည်မျှခံစားရမည်ကို မှန်းဆ နားလည်နေသည်။ တိုးတက်မြင့်မားစေလိုသော စေတနာတရားဖြင့် ဝေဒနာကို ကုစားမည်ဟုလည်း သိနေသည်။

ထိုသို့နားလည်ပါလျက် သိပါလျက်နှင့် ကျွန်တော်သည် အမေ့ထံ ‘တောကျော်’ ကဲ့သို့ ပြန်ရောက်မလာနိုင်သေးပါလား။

*မောင်စိန်ဝင်း(ပုတီးကုန်း)*

*** *** ***

## ပုလဲသီ တကွဲစီ

(၁)

အခန်းထဲသို့ ခြေချလိုက်မိသည်နှင့် တယ်လီဖုန်းသံကို ကြားရသည်။

တယ်လီဖုန်းရှိရာစားပွဲဆီသို့ ခပ်သွက်သွက်လျှောက်ပြီး… တယ်လီဖုန်းကို ကိုင်လိုက်မိ၏။

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ"

ကြက်တူရွေးတစ်ကောင်၏ နှုတ်မှစကားများကဲ့သို့ ကျင့်သားရနေသည့် ပြောနေကျ စကားစုတို့ အလိုလို ထွက်သွားသည်။

"ကိုလား... အေးပါ"
"ဩော်... အေး"

တင်းထားသည့် အာရုံကြောများ ပြေလျော့သွားသည်ထင်၏။ စိတ်သည် လုပ်ငန်းခွင်၏ပြင်ပသို့ ခေတ္တရောက်သွားသည်။ တစ်လကျော်နှစ်လ မကြားရုပြီဖြစ်သည့် ချစ်သူ့အသံသည် မိုင်နှစ်ရာအဝေးမှ နားထဲသို့စီးဝင်လာသည်။

"ဒီတစ်ပတ် အေး ခွင့်သုံးရက်ယူမလို့ ကိုယ်လဲ ခွင့်ယူလို့ရရင် ယူခဲ့ပါလား"
"ကောင်းပြီလေ... ကိုယ်ကြိုးစားပြီး လာခဲ့မယ်"

ဖုန်းချပြီး အတော်ကြာသည်အထိ အတွေးသည် မငြိမ်။ ယောက်ယက်ခတ်မှု လှုပ်ရှား၏။ အခန်းဝမှ မြင်ရသည့် နီနီရဲရဲမီးသတ်စင်သည် အမြင်အာရုံမှာ ပိုဈစူးရှလာသည်ထင်၏။ မီးသတ်စင်အမိုးပေါ်၌ စာကလေးတစ်ကောင်က ကျန်တစ်ကောင်ကို အစာခွံကျွေးနေသည်။ သားနှင့် ချစ်သူတို့ကို မြင်ယောင်လာသည်။ ချစ်သူသည် သူ့သားကို သည်နှယ်အစာခွံ မကျွေးနိုင်ရှာ။ ရယ်စရာတော့ ကောင်းသည်။ အိမ်ထောင်ကျပြီးမှ တစ်ယောက်နှင့်တစ်ယောက် ဖုန်းနှင့်ချိန်းတွေ့နေရသည့် အဖြစ်။ ခွင့်ယူကြပြီး သားရှိရာ အမေ့အိမ်မှာ ပြန်ဆုံရသည့်အဖြစ်။ ပူနွေးသည့် အိမ်ထောင်သည်၏ ရသကို ရက်ပိုင်းမျှရှာဖွေ ခံစားယူရမည့်အဖြစ်။

"ကလင်... ကလင်... ကလင်"

စူးရှသည့်ဖုန်းသံက အတွေးကို ဖြတ်ပစ်လိုက်၏။

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ"
" ... ... ... ... ... "
"ဟုတ်ကဲ့ ခင်ဗျ"
"... ... ... ... ... "
"ဟုတ်ကဲ့"

ပြတင်းအားလုံးကို ပိတ်ထားသည့်တိုင် ညဥ့်နက်တော့ တော်တော်အေးလာ၏။ ဆယ်နာရီက ထွက်ခဲ့သည့်ရထားသည် ညဥ့်တစ်နာရီထိုးခါနီးသော်လည်း လက်ပံတန်းဘူတာသို့ မရောက်သေး။

"မီးခြစ် ပေးပါဦးကွယ်"

ရှေ့ခုံမှ အဒေါ်ကြီးသည်လည်း အိပ်ပျော်ဟန် မတူ၊ မီးသေနေပြီဖြစ်သည့် ဆေးပေါ့လိပ်ကို ကောက်ယူရင်း မီးခြစ်လှမ်းတောင်း၏။ စောစောကပင် ဘယ်သွားမှာလဲ၊ တစ်ယောက်တည်းလားနှင့် စကားစခဲ့သေးသည်။

"အလည် သက်သက်လားကွယ့်"

မီးခြစ်ကို ပြန်ပေးရင်း မေးလိုက်သည်။

"ကျွန်တော့်အမေအိမ်ကို ပြန်မှာပါ"
"ဪ... မင်းက ဒီရန်ကုန်မှာလားကွယ့်"
"ဟုတ်ကဲ့"
"အလုပ် လုပ်လား"
"ဟုတ်ကဲ့"

ရထား အရှိန်လျှော့၍ ရထားရပ်သွားသည်။

"ဘယ်ဘူတာရောက်ပြီလဲ မသိဘူး"
"သာယာဝတီဗျ"

ခဏကြာတော့ ရထားပြန်ထွက်သည်။ သောက်လက်စ ဆေးပေါ့လိပ်ကို မီးလောင်ညီစေရန် တံတွေးနှင့် လိုက်ဆွတ်ရင်း-
"မင်းက လူလွတ်လားကွယ့်" ဟု မေးသည်။

"ကျွန်တော် အိမ်ထောင်နဲ့ပါ"
"ဪ... အမျိုးသမီးကလဲ ရန်ကုန်မှာပဲလား"

အိပ်မရသည့်အတူတူ သူ့မေးခွန်းတွေကို စိတ်ရှည်လက်ရှည် ထား၍ ဖြေသွားရန် ဆုံးဖြတ်ရသည်။

"ရွှေတောင်ချည်စက်မှာပါ"
"ဟဲ့... တစ်ယောက် တကွဲစီပါလား"

ရထားသည် တံတားငယ်တစ်ခုကို ဖြတ်သည်ထင်၏။ ဂျုံး ဂျုံး ဂျုံး ဂျုံး အသံသည် နားထဲသို့ ဆူညံစွာ ဝင်ရောက်လာသည်။

"အစိုးရအလုပ်ကတော့ ဒီလိုပါပဲ ဒေါ်ဒေါ်"

ခေါင်းတညိတ်ညိတ် လုပ်ရင်းနှင့် ဘယ်လောက်ကြာပြီလဲကွယ့် ဟု မေးပြန်သည်။ နှစ်နှစ်နီးပါးရှိပြီဆိုတော့ ကြာပြီပဲ ဟု ဆိုပြန်၏။

"ကလေးရှိလား"

အဒေါ်ကြီးက စကားအပြတ်မခံ။ မေးခွန်းကို တစ်ခုပြီး တစ်ခု မေးလိုက်၏။

"ရှိပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်တို့က ကျောင်းတက်ရင်း ကျောင်း မပြီးခင် အိမ်ထောင်ကျခဲ့တာလေ"

"ဩော်... ကလေးတွေကရော"

"ကလေးသုံးယောက်ကို အရင်ကတော့ ကျွန်တော့်အမေအိမ်မှာ ထားတာ၊ အခုတော့ အကြီးဆုံးကောင်က အဘွားတွေပြောလို့ဆိုလို့ မရတော့ဘူးလေ၊ ဒါကြောင့် သူ့အမေက ခေါ်ထားတယ်"

"အေး ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ မိဘနဲ့ အုပ်အုပ်ထိန်းထိန်း မနေရရင် ကလေးဆိုတာ ပျက်စီးတတ်တာကလား အင်း..."

ပြောရင်း ဆေးပေါ့လိပ်ကို ဖွာရှိုက်နေ၏။

"အသက် ယှံတစ်နှစ်တောင် မပြည့်သေးဘူး။ ကို့သား ကျောင်းပြေးတတ်နေပြီ၊ ဟိုတစ်လောကလဲ ရွှေမျက်မှန်ဘုရားထဲမှာ အတွဲသွားချောင်း သတဲ့၊ အေးလေ ဒေါသထွက်လွန်းလို့ လက်ထဲမှာရှိတဲ့ ထီးနဲ့ရိုက်တာ ထီးတောင်ပျက်သွားတယ်"

အရင်တစ်ခေါက်က ဝမ်းပန်းတနည်းပြောပြသည့် ချစ်သူ့အသံသည် နားထဲမှမထွက်။

'စပရင်းရာသီ၏ နောက်ဆုံးနင်းစက်များ' နှင့် 'ပန်းရောင်ရွက်များနှင့် သစ်ပင်' အမည်ရှိ ရုပ်ရှင်ကားတို့သည် အမြင်မှာ ပီပီပြင်ပြင် ပြတ်ပြတ်သားသား ဖြစ်လာ၏။ အမေနှင့်အဖေတို့ အိမ်ထောင်ရေး မပြေလည်၍ မိဘတို့၏ ဂရုစိုက်မှုမေတ္တာတရားနှင့် ကင်းကွာနေသည့် ကလေးတို့၏ အားငယ်ပျက်စီးတတ်ပုံကို အာရုံအထင်းသား မြင်လာ၏။ အိပ်ခါနီး အဘွားကပုံပြောပြပုံ၊ ကျောင်းပြေးရင်း ဆေးလိပ်သောက်ပုံ၊ အရွယ်မရောက်သူများ မကြည့်ရသည့် ရုပ်ရှင်ကိုကြည့်ရန် လက်မှတ်သွားယူပုံတို့ကို တစ်ခန်းပြီးတစ်ခန်း ပေါ်လာ၏။

"အငယ်ဆုံးက အသက်ဘယ်လောက်ရှိပြီလဲကွယ့်"

"ခြောက်နှစ်ပါ"

"အေးကွယ်... စုစုစည်းစည်းဖြစ်အောင် ကြိုးစားကြပေါ့၊ ဒါမှမဟုတ်ရင်လဲ တစ်ယောက်က အလုပ်ထွက်လိုက်ပေါ့"

အကြိမ်ပေါင်းများစွာ စဉ်းစားမိခဲ့သော အဖြေမရှိသည့်ပုစ္ဆာတစ်ခုကို ထပ်မံကြားရသည်သို့ ခံစားလိုက်ရ၏။

ငရုတ်သီးစျေး၊ ဆီစျေး၊ ဆန်စျေး၊ ကလေးကျောင်းစရိတ်၊ ဆေးဖိုးဝါးခ စသည်တို့ ခေါင်းထဲမှာ တရိပ်ရိပ် ပေါ်လာသည်။ သက်ပြင်းရှည်တစ်ခုကို ခိုး၍ချလိုက်မိ၏။

"ဟော... ရထားဉသြဆွဲနေပြီ၊ အလံ မချိုးဘူးထင်တယ်"
"ဟုတ်တယ်... လက်ပံတန်း ဝင်တော့မယ်"

***

(၂)

လက်ပံတန်းဘူတာမှ ရထားထွက်တော့ ရှေ့ခုံမှအဒေါ်ကြီး အိပ်ပျော်သွားသည် လက်ဆွဲအိတ်ထဲမှ စာအုပ်ကို ထုတ်ယူလိုက်၏။ အိပ်ချင်ပြေ ဖတ်နိုင်ရန် စာအုပ်စင်ပေါ်မှ ဆွဲယူလာခဲ့သည့် မဂ္ဂဇင်းစာအုပ် နှစ်အုပ် ထွက်လာသည်။ ပရဟိတကျောင်းကျောင်းမှ ထုတ်ဝေသည့် မဂ္ဂဇင်းငယ်တစ်အုပ် ပါလာသည်။

မဂ္ဂဇင်းကို ဟိုလှန်သည်လှန်လှပ်ရင်း ဆောင်းပါးတစ်ပုဒ်ကို စိတ်ဝင်စားစွာ ဖတ်ရှုလိုက်၏။

မိဘတို့၏ရင်ငွေ့နှင့် ကင်းကွာနေသည့် ကလေးတို့တွင် ဖြစ်ပေါ်တတ်သည့် အားငယ်မှု စိတ်ဝေဒနာများ၊ ကြမ်းတမ်းမှု စရိုက်လက္ခဏာများ၊ မေတ္တာငတ်မွတ်ခေါင်းပါးမှုများ၊ အလိုမကျ ပွင့်အန်ပေါက်ကွဲမှုများကို ရေးသား ဖော်ပြထားသည်ကို တွေ့ရ၏။

ကျောင်းပြေးတတ်နေပြီဖြစ်သည့် သားအကြီး၊ မည်သူ့ကိုမဆို စိမ်းကားစွာ ကြည့်တတ်၍ ဘုကျကျနေတတ်သည့် သားအလတ်နှင့် အဘွားတို့ကို နွဲ့ဆိုးဆိုးကာ ဆဲဆိုတတ်သော သားအငယ်တို့ကို အမြင်အာရုံမှာ မြင်ယောင်လာ၏။

ဘူတာတစ်ခုမှာ ရထားပြန်ရပ်သည်။ ပြတင်းကိုဟ၍ ကြည့်မိသည်။ ဓာတ်တိုင် မီးရောင်သည် ထူထဲသိပ်သည်းသော နှင်းထုကို မနည်းကြိုးစား၍ ထွင်းဖောက်နေရ၏။ ဟိုးအဝေးဆီမှာ နှင်းတို့ ဝေမှိုင်းလျက်ရှိသည်။

***

(၃)

နံနက်ငါးနာရီမထိုးမီ အိမ်ကိုရောက်သည်။
အမေနှင့်အဒေါ်တို့က အံ့သြဝမ်းသာစွာ ဆီးကြိုသည်။ အလတ်ကောင်က နိုးလာပြီး ရှူးရှူးထပေါက်၏။ ခပ်တည်တည်ကြည့်ပြီး သူ့အိပ်ရာထဲ ပြန်ဝင်သွားသည်။

"သား" ဟု ခေါ်တော့ အိပ်ရာထဲက "ဗျာ" ဟု လှမ်းထူး၏။ ပြီးတော့ ငြိမ်သွားသည်။

***

(၄)

"နင့်သား အလတ်ကတော့ သိပ်တော်တယ်၊ အမြဲပထမရတယ်၊ ဒါပေမဲ့ ခဏခဏ ရန်ဖြစ်နေတာပဲ၊ အခုလဲ မနေ့ကရန်ဖြစ်လာတာလေ၊ သူ့နဖူးမှာရောင်လို့"

"ပါပါး၊ အမေ ဘယ်တော့လာမလဲ"

အငယ်ကောင်က အနားမှာ ပွတ်သီးပွတ်သပ်လုပ်ရင်း မေး၏။

"ဒီညနေ ရောက်မှာပေါ့ကွ"

"ဒီတစ်ခါ သား ရန်ကုန်လိုက်မယ်၊ သားကိုခေါ်ပါ"

"အေးပါကွာ အေး... အေး"

အမေ အဖေတို့နှင့်အတူ နေချင်သည့်သားငယ်ကို ကရုဏာသက်စွာ ချော့မော့ရပြန်၏။

***

(၅)

"ဘောင်းဘီ အမြဲဝတ်ပြီး ဆံပင်ရှည်ကလဲထားချင်တုန်းပဲ၊ ကိုနော်... ရုတ်ရုတ်ရုတ်ရုတ် ကြားရင်တော့ ကွာပစ်မှာပဲ"

အလကားနေရင်း စိတ်မချနိုင်ဖြစ်နေသည့် ချစ်သူကို ဘာပြန်ပြောရမည်မသိ။

ဝေးကွာနေစဉ်ကာလ၌ စိတ်မချနိုင်မှုများ၊ သံသယများသည် ဝင်လာတတ်သည့်အရာများ ဖြစ်ကြ၏။ အမျိုးသမီးစာရေးဆရာမ 'မချစ်ရှိန်' ရေးသည့် 'ဆင္မမဖြောက်ရန်သူ' ဆိုသည့် မဂ္ဂဇင်းဝတ္ထုလေးကို ပြေးသတိရမိပြန်သည်။

ထိုသို့ဝေးကွာနေခိုက် ပတ်ဝန်းကျင်သည် ကြောက်စရာ အကောင်းဆုံးရန်သူ ဖြစ်နေတတ်ကြောင်း တွေးတောလိုက်မိပြန်၏။

"အမေ... ဒီတစ်ခါ သားကိုခေါ်ပါနော်၊ သားလိုက်မယ်"

ဝယ်လာသည့် ကစားစရာ အရုပ်ကိုပိုက်ပြီး အနားရောက်လာသည့် သားငယ်က သူ့အမေကို ပူဆာပြန်သည်။

"ဘာပဲဖြစ်ဖြစ် ကလေးတွေကို သနားပါတယ် ကိုရယ်၊ အေးတို့ တစ်ယောက်ပေါ် တစ်ယောက် သစ္စာရှိရအောင်နော်"

"ဒုက္ခပါပဲ မိန်းမရာ၊ အခု ဘာဖြစ်နေလို့လဲကွ"

"ဘာမှတော့ မဖြစ်ပါဘူးလေ၊ စိုးရိမ်လို့ပါ၊ မျက်စိရှေ့တွေမှာ ဖြစ်သွားကြတာတွေ မြင်နေရတော့ တွေးပြီးပူတာပေါ့"

***

(၆)

ပူနွေးသည့် အိမ်ထောင်သည်၏ ရသသည် ရက်ပိုင်းအတွင်းမှာပင် ကုန်ဆုံးပေတော့မည်။ ယူလာခဲ့သည့် ခွင့်သုံးရက်သည် ခဏမျှသာ ကြာသည် ထင်လိုက်ရ၏။

မနက်ဖြန်ဆိုလျှင် ပြန်ကြရတော့မည်။ ရထားလက်မှတ်ကို သည်နေ့ ကြိုယူထားလိုက်ရ၏။

***

(၇)

"သားကလီမွှာပါတယ်၊ နောက်တစ်ခေါက်ပြန်လာရင် အရုပ်တွေ အများကြီးဝယ်ခဲ့မယ်၊ မငိုနဲ့ ဟုတ်လား"

တရှုပ်ရှုပ်ငိုနေသည့်သားကို သူ့အမေကချော့သည်။

"ဟိုမှာတွေ့လား၊ ကိုကိုလေးတောင် မငိုဘူး"

လှေကားနားမှာ ရပ်နေသည့် အလတ်ကောင်ကို လက်ညှိုးထိုးပြသည်။ အကြီးဆုံးကောင်က သူ့အမေနှင့်အတူ ရွှေတောင်ပြန်ရမှာမို့ အဝတ်လဲပြီး အသွားနား ကပ်ချွဲနေသည်။

"ဟေ့ကောင်... ဘယ်လိုလဲ၊ နှုတ်မဆက်တော့ဘူးလားကွ၊ မင်းကောမလိုက်ချင်ဘူးလား"

အလတ်ကောင်ကို သွားစလိုက်မိသည်။ ခပ်တည်တည်နှင့် ရပ်ကြည့်နေရာမှ မျက်ရည်ပေါက်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ အံကို တင်းတင်းကြိတ်၍ ရှိုက်သည်။

ပြီး... ချာခနဲ လှည့်ကာ လှေကားမှ ပြေးဆင်းသွားတော့၏။

"ဟေ့အေး... ဟေ့အေး... လိုက်မယ်"

"ထားခဲ့... ထားခဲ့၊ ဒီကောင်လေးကို ချော့မနေနဲ့၊ ဖအေရထားမမီဘဲနေမယ်"

အမေက လှမ်းပြောသည်။

နာရီကိုကြည့်လိုက်တော့ ရထားလာခါနီးနေပြီ။ ဘူတာကို တော်တော်လေး လမ်းလျှောက်ရဦးမည်။

"လာ... လာ သွားစို့"

အမေနှင့်အဒေါ်ကို နှစ်ဦးသား ကန်တော့ကြ၏။ ပြီး... ချစ်သူက သူ့ကိုကန်တော့၏။ သားငယ်က အော်ငိုနေသည်။

အားလုံးကိုကျော်ခိုင်းကာ အိမ်ပေါ်မှ ဆင်းလိုက်သည်။ သားငယ်၏ အော်ဟစ်ငိုနေသံကို ကြားနေရဆဲ။

"ဟယ်... ကြည့်စမ်း၊ ကြည့်စမ်း"

ကိုက်တစ်ရာမှ မဝေးသေးခင် သားငယ်ကအော်ငိုပြီး နောက်မှ ပြေးလိုက်လာသည်။

"လိုက်မယ်... လိုက်မယ်၊ သားကို မထားခဲ့နဲ့၊ လိုက်မယ်"

အနားရောက်တော့ သူ့အမေကို ဖက်ပြီး အော်ငိုသည်။ ဘုတာလိုက်ပို့မည့် တပည့်ကလေး တစ်ယောက်က-

"သွားနှင့်ကြ၊ ကျွန်တော် ပြန်ပို့လိုက်မယ်"

ဆိုပြီး သားငယ်ကိုပွေ့သည်။

"ဟော့အေး... ဟော့အေး... လိုက်မယ်"

အတင်းရုန်းကန်သည်။ သူ့ကိုချီထားသူ၏ ဆံပင်ကိုဆွဲသည်။ ပါးကို ကုတ်ခြစ်သည်။ မနိုင်မနင်းနှင့် ပြန်ချလိုက်ရ၏။

"ဒုက္ခပါပဲ၊ ဒီကောင်လေးနယ်"

သူ့အမေက ညည်းညူသည်။

"ငါပြန်ပို့လိုက်မယ်၊ သွားနှင့်"

ပြောပြီး အတင်းချုပ်နှောင်ကာ ချီမလိုက်သည်။

"ပါပါး ပြန်မပို့နဲ့၊ လိုက်မယ်... လိုက်မယ်"

အော်ဟစ်ငိုယို ရုန်းကန်ရင်း ပါလာသည်။

"ငါတို့လဲ နင့်သားကို မနိုင်ဘူးဟဲ့"

အိမ်ပေါ်ရောက်တော့ အမေက လှမ်းပြောသည်။ သားငယ်ကို အိပ်ပေါ်တင်ပေးလိုက်စဉ်မှာ အမေက အိမ်ရှေ့တံခါးကို ပိတ်လိုက်သည်။ တံခါးကိုထုရိုက်သံ၊ ငိုယိုသံများ ကြားနေရ၏။

လမ်းလျှောက်လာရင်း တစ်ခုသတိရလိုက်မိသည်။ သားငယ် ခင်သည့် သူ့သူငယ်ချင်း အိမ်ကိုဝင်ပြီး သားငယ်ကိုချော့ရန် သူ့သူငယ်ချင်းအား လွှတ်ပေးပါရန်ဖြစ်၏။ ထိုအကြံနှင့်

တစ်လမ်းချိုးပြီး ထိုအိမ်သွားကာ သူ့သူငယ်ချင်းကိုနှိုးပြီး အကျိုးအကြောင်း ပြောရသည်။ ပြီး ရထားမီအောင် ကပျာကသီလှမ်းရ၏။

ဟာ... ဒီကလေး တော်တော်ခက်တာပဲ ဆိုသည့် အသံနှင့် ကလေးအော်ဟစ်ငိုသံကို လမ်းဆစ်ချိုးအကွေ့မှာ ကြားလိုက်ရသည်။

ကြည့်စမ်း သားငယ်။

သားငယ်သည် သူ့အမေထံသို့ ရောက်နေပြန်ပြီလေ။ သူ့သူငယ်ချင်းအိမ် သွားစဉ်ခိုက်ကလေးမှာပင် နောက်မှ ပြေးလိုက်လာပြီး သူ့အမေဆီ ရောက်နေပြန်သည်။ ပြတင်းမှခုန်ချပြီး ပြေးလာဟန်တူသည်။

သက်ပြင်းကိုချကာ နာရီကိုကြည့်၏။ ရထား မီပါတော့မလား။ ရထားလက်မှတ် ဆုံးချင်ဆုံးပါစေတော့။ အလုပ်တစ်ရက် ပျက်ချင်လည်း ပျက်ပါစေတော့။ သားငယ်ကို သနားစိတ်ဖြင့် သည်နေ့ မပြန်တော့ရန် ဆုံးဖြတ်ရင်း သူ့အမေရှိရာသို့ လှမ်းလျှောက်သွားသည်။

“ဒီလောက် ချော့လို့မှမရတာ၊ ကဲဟာ... ကဲဟာ... ကဲ”
“မရိုက်ပါနဲ့ အမေရဲ့၊ သားလိုက်ချင်လို့ပါ... မရိုက်ပါနဲ့”

သူ့အမေက လက်ကိုဆွဲပြီး တင်ပါးကို လက်ဝါးဖြင့် အဆက်မပြတ် ရိုက်သည်ကို တွေ့လိုက်ရ၏။ သားငယ်ကအော်ငိုသည်။

“တော်တော့အေး...၊ တော်ပါတော့”

ကလေးအငိုရပ်ပြီး မျက်ရည်သုတ်သည်။ အမေ့မျက်နှာတစ်လှည့်၊ အဖေ့မျက်နှာတစ်လှည့် တွေတွေစိုက်ကြည့်သည်။ ပြီးလျှင် ချာခနဲလှည့်ကာ အိမ်ဆီသို့ ပြေးထွက်သွားတော့၏။

သူ့အမေထံမှ ရှိုက်သံတစ်ခုကို ကြားလိုက်ရသည်။ လိုက်ပို့သည့် တပည့်ကလေးနှင့် သုံးဦးသား ဘူတာဆီသို့ ဦးတည် လျှောက်နေကြသော်လည်း စကားမပြောဖြစ်ကြ။ နာကျည်းဆွေးမြည့်စွာဖြင့် ရင်ထဲမှာ ဗလောင်ဆူသည်။

မကြာမီ... မီးရထားလာပေတော့မည်။

ချစ်သူကိုခွဲခွာ၍ ရန်ကုန်သို့ပြန်ရမည်။ ချစ်သူသည် ကားဂိတ်သို့ သွားကာ ရွှေတောင်သို့ ပြန်ရပေမည်။

ပတ်ဝန်းကျင်၌ နှင်းထုသည်မကွဲသေး။
မျှော်ကြည့်လျှင် ဝေဝေဝါးဝါးနှင့် မပြတ်သား။

အရာရာသည် ဝေမှိုင်းအုံ့ဆိုင်းလျက်။

*စာပေလုပ်သား၊ ၁၉၈၆၊ ဒီဇင်ဘာ။*
*မောင်စိန်ဝင်း(ပုတီးကုန်း)*

*** *** ***

## ရင်ကွဲတောင်ည

(၁)

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့အနီး စခန်းသာနှင့် နောင်ပိန်ရွာကြားရှိတောင်ကို ရင်ကွဲတောင်ဟု ခေါ်ကြောင်း မှတ်သားလိုက်မိ၏။

ကျွန်တော်ဒါရိုက်တာ စာရေးဆရာ မောင်နေမျိုး၊ စာရေးဆရာ ငြိမ်းသူ(ကြို့ပင်ကောက်)တို့ သုံးဦးကို ရှမ်းပြည်နယ်မြောက်ပိုင်း စာပေဟောပြောပွဲများအတွက် ခရိုင်ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ သီပေါမှ ဆရာလှမောင်လတ်က ကြိုဆိုခေါ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

ရင်ကွဲတောင် ဟုခေါ်သော စိမ်းညို့ညို့တောင်တန်းကို လှမ်းကြည့်နေလိုက်မိသည်။ မနက်နေသည် တောင်တန်းပေါ်သို့ ဖြာကျလျက် လှပသော ရှုခင်းကိုမြင်နေရသည်။ ခရီးသည်တွေ ရင်ကွဲရသည့်တောင်မို့ ရင်ကွဲတောင်ဟု ခေါ်ကြလေသလားဟုပင် တွေးမိပြန်သေးသည်။

***

(၂)

ကျောက်မဲမြို့မှာ မြို့မပွဲတစ်ပွဲနှင့် ကျောင်းသားပွဲတစ်ပွဲ ဟောအပြီးမှာ ကျွန်တော်တို့အဖွဲ့ သီပေါမြို့သို့ ကူးခဲ့သည်။ သီပေါမှာ တစ်ပွဲဟောပြီးပါက လားရှိုး၌တစ်ညနားပြီး မူဆယ်ပွဲဟောရန် သွားရပေမည်။ ကျောင်းသားပွဲ မဟောခင်လေးမှာပင် ကျွန်တော့်အမေ၏ ကျန်းမာရေးကို ဖုန်းဆက်မေးမိသေးသည်။ ကျွန်တော်မူဆယ်ကို ခရီးဆက်၍ ဖြစ်မဖြစ် စုံစမ်းမိသေးသည်။ အခြေအနေက အဆိုးကြီးမဟုတ်ပါဆိုတော့ စိတ်ထဲမှာအေးရ၏။ 'မောင်စိန်ဝင်းရဲ့ အမေကျန်းမာရေး မကောင်းပါဘူး၊ ဆရာဝန်ကြီးက အချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်ပါတယ် လို့ ပြောထားတဲ့ အခြေအနေမျိုးပါ။ ပြီးတော့ မန္တလေးဘူတာကြီး ရောက်တော့လည်း မိဘမေတ္တာလူမှုရေးအဖွဲ့က ပွဲတစ်ပွဲအတွက် ဆရာ့ကိုတက်ဖို့ ဖိတ်တဲ့သတင်းက စောင့်နေပါတယ်။ ဆရာဟာ အဲဒီလူမှုရေးတွေကို သီပေါက စာပေပရိသတ်ဆီကို လိုက်လာခဲ့တာပါ'

ပစ်ပြီး သီပေါပွဲအစ၌ ဆရာလှမောင်လတ် စကားပြောရာတွင် ကျွန်တော့်မိခင်ကြီး ကျန်းမာရေးအခြေအနေကို ထည့်ပြောသွားပါသေးသည်။ နေ့လယ်ဆယ့်နှစ်နာရီခွဲလောက် စခဲ့သည့် သီပေါစာပေဟောပြောပွဲသည် ကျွန်တော် စင်ပေါ်တက်ရန် အလှည့်ရောက်တော့ ညနေသုံးနာရီ ကျော်နေပြီ၊ မဟောပြောဖြစ်သည်မှာ ကြာပြီဖြစ်သောကြောင့် 'အရှိန်မှာ သိပါသည်' ဝတ္တုရေးဖြစ်ခဲ့ခြင်း အကြောင်းကို ပြောဖြစ်သွားသည်။

'ပြိုင်ပွဲတစ်ခုမှာ မိမိအနိုင်ရမှာ သေချာနေမှန်း သိပါလျက်နဲ့ မိမိအနိုင်ရပါက မိမိတစ်ဦးတည်းသာ စိတ်ချမ်းသာနိုင်ပြီး အများစုက ဒုက္ခရောက်ရမည်ကို သိနေပါက ထိုပွဲမျိုး အနိုင်မယူဘဲ စွန့်လွှတ်အနစ်နာခံရဲတဲ့ စိတ်ဓာတ်သတ္တိမျိုး လူတိုင်းမှာ ရှိသင့်ကြောင်း...'

ထိုဝတ္ထု အဓိကဦးတည်ချက် ဘယ်လိုလာသည်ဆိုတာ ကျွန်တော် ပြောဖြစ်ခဲ့ပါသည်။ နောက်... ကျွန်တော့်တပည့် အလုပ်သမားကိုကျော်ဝင်း တီဘီရောဂါနှင့် ဆုံးတော့ အသုဘပို့ဖြစ်ခဲ့ပုံ ပြောရင်း ကျွန်တော်ရင်ဆို့လာသည်။ ထိုအကြောင်း ဟောပြောမိတိုင်း ရင်ထဲ၌ဆို့၍ အသံတွေတုန်လာ သည်အထိ ကျွန်တော်ခံစားရသည်မှာ အမှန်ပင်။

ကျွန်တော် ဟောပြောနေစဉ်မှာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)က အပြင်ထွက်သွားလိုက် ပြန်ဝင်လိုက်နှင့် ဂဏှာမငြိမ်သလို ဖြစ်နေတာ ကျွန်တော် စင်ပေါ်မှ လှမ်းမြင်ရသည်။ ဟောပြောမှု အထွတ်အထိပ် ရောက်ချိန်မျိုးမှာ ထိုသို့အပြင်ထွက်လိုက် ပြန်ဝင်လိုက်ကိစ္စမျိုး ပရိသတ် အာရုံစူးစိုက်မှု လျော့ပါးနိုင်သည့်အမှုမျိုးကို ကျွန်တော်တို့ ဟောပြောသူ အချင်းချင်း ဂရုစိုက်တတ်ကြပါသည်။ ဒီကောင်ကြီး ဘာဖြစ်နေပါလိမ့်ဟု စိတ်ထဲကတော့ ထင်လိုက်မိသား။

ကိုကျော်ဝင်း အသုဘကိစ္စပြောအပြီးမှာ စကားမဆက်နိုင်ဘဲ ကျွန်တော့်နှုတ် အ,သွားတတ်စမြဲ။ သည်ပွဲမှာတော့ ခါတိုင်းထက်ပိုပြီး အချိန်ကြာအောင် ကျွန်တော်စကားမဆက်နိုင်ဘဲ ငြိမ်ကျသွားမိသည်။ ပရိသတ်ကလည်း ကျွန်တော့်ကိုကြည့်ရင်း တုတ်တုတ်မျှမလှုပ်၊ ကျွန်တော့်ရင်ထဲမှာ ကြေကွဲမှုများဖြင့် ဗလောင်ဆူနေဆဲ။

ဟောပြောပွဲကိုနိဂုံးချုပ်ပြီး ကျွန်တော်စင်ပေါ်က ဆင်းခဲ့သည်။ အောက်ရောက်သည်နှင့် ကျွန်တော့်သူငယ်ချင်း မောင်ငြိမ်းသူက ဟန်မဆောင်နိုင်ဘဲ ကျွန်တော့်ပခုံးကိုလာဖက်သည်။

"သူငယ်ချင်း စိတ်အေးအေးထားနော်... မင်းအမေအသည်းအသန်ဖြစ်လို့ ပြန်လာခဲ့ပါလို့ ဖုန်းဆက်တယ်တဲ့၊ သီပေါရုံပိုင်ကြီးက လာပြောတာ၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ... မင်းက မင်း တပည့်အသုဘအကြောင်း ပြောနေတုန်းလာပြောတာ"

မောင်ငြိမ်းသူ အပြင်ထွက်လိုက်ဝင်လိုက် ကိစ္စကို ကျွန်တော် နားလည်သွားသည်။ သီပေါရုံပိုင်ကြီးကလည်း ဖုန်းသတင်းကို ထပ်ပြောသည်။

ကျွန်တော့်အမေအသက်ကို မီချင်သည်။ သေတော့မည့် အမေ့အနားမှာ ကျွန်တော် ရှိချင်သည်။

"ကျွန်တော့်ကို ညတွင်းချင်းပြန်ဖို့ စီစဉ်ပေးပါလားဗျာ"

ဥက္ကဋ္ဌ ဦးလှမောင်လတ်ကို ကျွန်တော့်ဆန္ဒ ပြောပြလိုက်သည်။

***

(၃)

မနက်လင်းလင်းချင်း မန္တလေးကို ရောက်ပါက လေယာဉ်ကို ကျွန်တော် ကြိုးစားကြည့်ချင်သည်။ လေယာဉ်မရပါက အစောဆုံးရထားဖြင့် ကျွန်တော် ရန်ကုန်ပြန်ချင်သည်။ ကျွန် စာရေးဆရာနှစ်ဦးကလည်း စိတ်မကောင်းဖြစ်၍ ရှေ့ခရီးကို ကျွန်တော်မပါဘဲ မဆက်တော့ဟု ဆုံးဖြတ်သည်။ လားရှိုးမှ ကျွန်တော့်မိတ်ဆွေ ဦးဘိုနီကတဆင့် မူဆယ်မှ ကျွန်တော် ခင်မင်ရသော မိတ်ဆွေများဖြစ်သည့် ဒေါက်တာကြည်စိုးတို့ထံ ပွဲပျက်ကြောင်း အကြောင်းကြားလိုက်ရသည်မှာ စိတ်မကောင်းစရာပင်။

"ဆရာရေ တစ်မြို့လုံးအနံ့ ကျွန်တော်တို့လည်း ကားရှာကြတာပဲ၊ မတန်တဆ ဈေးပေးငှားကြတာပဲ ဆရာ၊ မလိုက်ချင်ကြဘူး၊ ညလည်းဖြစ် လမ်းကလည်း ဆရာသိတဲ့အတိုင်း အရမ်းကြမ်းတာဆိုတော့ ကျွန်တော်တို့ လူနိုင်ကားတွေအားလုံးကလည်း လားရှိုးထွက်ကြလို့ဆရာ"

ပထမခေါက်လာပြီး ပြောသည်။ သို့သော် စိတ်မလျှော့သေးပဲ ထပ်ရှာပါဦးမည်ပြောကာ ကော်မတီအဖွဲ့ ထွက်သွားသည်။ လားရှိုးသို့ရောက်နေသည့် မြို့နယ်ဥက္ကဋ္ဌကြီးထံသို့ ဥက္ကဋ္ဌကြီး၏ သားငယ်က ဖုန်းဆက်အကြောင်းကြားပေးသည်။ ဥက္ကဋ္ဌကြီး ဇနီးမောင်နှံနှင့် မိသားစုမှာ သီပေါရောက်စ ကျွန်တော်တို့ ဆုံလိုက်သေးသည်။ သူတို့မိသားစုက စာရေးဆရာတွေကို လေးစားချစ်ခင်ကြသည်။

"ဆရာရေ ဝပ်ရှော့မှာ နည်းနည်းပြန်ပြင်ရမယ့် ကားတစ်စီးတော့ တွေ့ထားပြီ၊ ဝပ်ရှော့မှာ ပြင်ပြီးတာနဲ့ ကျွန်တော်တို့ ထွက်ကြမယ်၊ ဘယ်အချိန်ရယ်တော့ အတိအကျမပြောနိုင်ဘူးပေါ့"

ကားတစ်စီးငှားလာပြီဟု လာပြောတော့ ကျွန်တော်နည်းနည်း စိတ်အေးသွားသည်။ ပုံမှန် မနက်ထွက်မည့် လိုင်းကားများနှင့်ဆိုပါက ရထားချိန်မမီမှာကို ကျွန်တော်စိုးရိမ်သည်။ စီစဉ်စရာရှိသည်များကို စီစဉ်မည်ဟုပြောကာ ထွက်သွားသည့်ဆရာ ဦးလှမောင်လတ်တို့အဖွဲ့ ခဏအကြာမှ ပြန်ရောက်လာသည်။

"ဆရာရေ... စိတ်သာလျှော့လိုက်ပါတော့၊ ကျွန်တော်တို့က ကားသာရှာလာတာ၊ ကားရရင်လည်း လမ်းကပိတ်ထားတာဆရာ၊ ညနေ (၆)နာရီ ဂိတ်အားလုံးပိတ်ကြတာ၊ သွားလို့မရတော့ဘူးလေ၊ ပြီးတော့ ရင်ကွဲတောင်ကလည်း အန္တရာယ်များလှပါတယ်။ ဆရာ မသွားတာ ကောင်းပါတယ်"

ကျွန်တော် သက်ပြင်းချလိုက်ရုံမှတစ်ပါး ဘာမှပြန်မပြောနိုင်တော့ပါ။ လုံခြုံရေးရှုထောင့်မှ သူပြောတာကလည်း အမှန်ပင်။

"ဝပ်ရှော့မှာ ပြင်နေတဲ့ကားကလည်း လမ်းခရီးကို စဉ်းစားရင်း သူ ကြောက်သွားပြီ ထင်တယ် ဆရာ၊ မလိုက်ချင်တော့ဘူးတဲ့"

ကျွန်တော် မည်သူ့ကိုမျှ အပြစ်မမြင်ပါ။ သွေးအေးအေးနှင့် စဉ်းစားကြည့်ပါက သွားရန်မသင့်သည့် ခရီးပင်။ နေ့ခင်းနေ့လယ်မှာပင် သောင်းကျန်းနေသော ထိုရင်ကွဲတောင်ကို ညအချိန်မတော် ဖြတ်ရမည်မှာ အလွန်အန္တရာယ်ကြီးလှပေသည်။

ဘာဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော့်အမေ၏ အသက်ကို မီဖို့ စိတ်စောလွန်းနေပြန်၏။

***

(၄)

မသွားဖြစ်တော့ပါဘူးဟု စိတ်နှလုံး ဒုံးဒုံးချလိုက်စဉ်မှာပင် စာပေကော်မတီမှပါသည့် ဆရာဦးသန်းမြနှင့် လူတစ်ယောက် ကျွန်တော့်ဆီ ရောက်လာသည်။

“ဆရာ... ဒါ ကိုစောနိုင်တဲ့ ဆရာ့စာဖတ်ပရိသတ်ပါ။ သူက နေ့လယ်မှ မန္တလေးက ပြန်ရောက်လာတာ။ ဆရာ အခက်အခဲဖြစ်နေတာ သိတာနဲ့ သူ့ကားနဲ့ မန္တလေးအရောက်ပို့ပေးမယ် ဆုံးဖြတ်ပြီး လိုက်လာခဲ့တာ ဆရာ၊ စေတနာသက်သက်နဲ့ ကူညီချင်တဲ့သူပါဆရာ”

ကျွန်တော့်နားကိုပင် ကျွန်တော် မယုံချင်မိ။ ကိုစောနိုင်၏ မျက်နှာကို ကျွန်တော် ငေးကြည့်နေမိပြန်သည်။

“ကျွန်တော်က ဆရာ့ပရိသတ်ပါဆရာ၊ ဆရာဟောတာလည်း နားထောင်ရင်း ဆရာ့ကိုရင်းနှီးနေပါတယ်၊ ဦးလှမောင်လတ် ဟောပြောသွားလို့ ဆရာက မိခင်ကြီး နေမကောင်းတဲ့ကြားက လိုက်လာရတာ၊ ကျန်တဲ့ လူမှုရေးတွေထက် သီပေါကစာပေပရိသတ်ကို အလေးထားလိုက်လာတာ ကြားကတည်းက ဆရာ့ကို လေးစားနေတာ၊ ကျွန်တော် ဆရာ့ကို ဘာမဆို ကူညီမယ်ဆရာ။ ဆရာတို့မြို့ထဲမှာစီးတဲ့ ကားမောင်းတဲ့ ကိုမောင်လေး ညည်းတာကိုကြားလို့ ဆရာ ကားမရဘူးဆိုတာ သိရတာ။ ကျွန်တော့်အမေ နေမကောင်းတုန်းကလည်း ဒီလိုပဲ။ မဖြစ်ဖြစ်သလို ပြန်ခဲ့ဖူးလို့ ကိုယ်ချင်းလည်း စာတယ်ဆရာ။ ကျွန်တော့်ကားနဲ့ ဆရာ့ကိုလိုက်ပို့ပါမယ်”

“ဂိတ်တွေက ပိတ်ထားတယ်ဆို ရင်ကွဲတောင်ကိုရော ကျွန်တော်တို့ ဖြတ်လို့ဖြစ်ပါ့မလား”

ကျွန်တော် စဉ်းစဉ်းစားစား မေးလိုက်သည်။

“ဆရာ့အမေအသက်ကိုမီဖို့ အားလုံးကို ကျွန်တော်တို့ ကြိုးစားကြည့်ရမှာပေါ့ဆရာ၊ ရင်ကွဲတောင်လည်း ဆရာတို့ ကျွန်တော်တို့ရဲ့ စေတနာ၊ မေတ္တာကြောင့် အန္တရာယ်ကင်းမှာပါ”

ကိုစောနိုင်၏ စေတနာ၊ မေတ္တာစကားဖြင့် ကျွန်တော့်ရင်မှာ အေးမြသွားပြန်သည်။

ကိုစောနိုင်က ကားမောင်း၏။ ကိုစောနိုင်ဘေးက ရှေ့ခုံမှာ ဆရာဦးနေမျိုးက ထိုင်သည်။ ‘ဗင်’ ကားလေး၏ နောက်ခုံမှာ ကျွန်တော်၊ ဦးလှမောင်လတ်၊ ဦးမြသန်းနှင့် မောင်ငြိမ်းသူတို့

ထိုင်ကြသည်။ ညကိုးနာရီ ဆယ်မိနစ်မှာ ကျွန်တော်တို့ကားလေးသည် ချမ်းအေးငြိမ်သက်စ ပြုနေပြီဖြစ်သည့် သီပေါမြို့ကလေးမှ ထွက်ခွာခဲ့ကြသည်။

သီပေါနှင့် ငါးမိုင်ခန့်အကွာ ဘော်ကြိုဘုရားရှေ့အဖြတ်မှာ မိခင်ကြီး ကျန်းမာပါစေကြောင်း ဆုတောင်းမိသေးသည်။ မကြာမီ ကျင်သီတံတားကို ဖြတ်ရသည်။ တံတားဂိတ်မှာ အကျိုးအကြောင်း ရှင်းပြတော့ စာပေချစ်သည့် ဂိတ်စောင့်များက ကျွန်တော်တို့ကို ရှောရှောရှူရှူပင် ခွင့်ပြုကြပါသည်။ ကိုစောနိုင်သည် ကျော်ကမ်းမဲကိုဝင်နိုင်ရန်အတွက် ပန်ပေါင်းရွာထဲမှဖြတ်၍ ကားလေးကို မောင်းလာခဲ့သည်။ ပန်ပေါင်းရွာထဲ မဖြတ်ပါက ကျွန်တော်တို့ (၂၂)ဂိတ်ကို ဖြတ်ရပေဦးမည်။

သားကောင်များကို ဘေးမဲ့လွှတ်ထားရာ တောရကျောင်းဖြစ်သည့် 'နမ့်ဟူကတ်ကျောင်း' ဘေးမှ ကားလေးဖြတ်မောင်းရင်း ကားလမ်းမကြီးပေါ် ပြန်တက်ခဲ့ရသည်။ ရွာလမ်း၊ တောလမ်းတို့ကို မောင်းရင်း လမ်းကျွမ်းကျင်သော ကိုစောနိုင်သည် ကျွန်တော့်ကိုကူညီရသဖြင့် ကျေနပ်ပီတိဖြစ်နေဟန် ပြသည်။

ရထားသံလမ်းနှင့် ကားလမ်းအဖြတ်မှာ ဝါးလုံးနှင့်အတားတစ်ခုကို တွေ့ရသည်။ မည်သူမျှမရှိသဖြင့် ထိုဝါးလုံးတန်းကို မ,ဖယ်ရင်း ကားကို ဖြတ်စေခဲ့ရ၏။ 'နားအိုက်ခန့်' ရွာကို ကျွန်တော်တို့ဖြတ်သည်။ ဘုရားပွဲဟုခေါ်သော လောင်းကစားပွဲများဖြင့် စည်ကားသောပွဲကို သွားသူ၊ ပွဲမှပြန်သူများ ကြုံကြားတွေ့ရသည်။ ရွာလမ်းမပေါ်မှာ စက်ဘီးတခြား၊ လူတခြား လဲနေသည့် အမူးလွန်သူကို ကျွန်တော်တို့တွေ့ ရှောင်ဖြတ်ခဲ့ရသည်။ သည်မှ နှစ်မိုင်ခန့် ဆက်မောင်းလျှင် 'ရင်ကွဲတောင်' ကိုရောက်ပေတော့မည်။

***

(၅)

လရောင်သည် ဝန်းကျင်ကိုလှမ်းမြင်နိုင်လောက်အောင် ဖြာကျနေသည်။ ထုနှင့်ထည်နှင့် မဟုတ်သော်ငြား နင်းပါးပါးသည် လရောင်လိမ်းကျံ ထားသည့် ဇာပဝါပါးဖြင့် လွှမ်းထားသည့်နှယ်။ နင်းပဝါခြုံသည့် ရင်ကွဲတောင်သည် လရောင်လှပထွန်းသည်ဟု ကျွန်တော်ထင်၏။ မှုန်ဝါးဝါးသစ်ပင် သစ်တန်းတို့ကိုလည်း မြင်နေရပြန်သည်။ ဘေးဝန်းကျင်မှ သစ်တောများ၊ ချုံနွယ်ပိတ်ပေါင်းများကို ဖြတ်ရင်း ကားလေးသည် မြန်မြန်မောင်း၍မရ။ လမ်းကကြမ်းလွန်းလှသည်။ ဆယ်ပေလောက် ခရီးပေါက်ဖို့ ဆယ်ခါမက ချိုင့်ခွက်တွေကို ရှောင်နေရသည်။

"ဒီနေရာတွေပဲဆရာ အရမ်းဆိုးတာ"

ဆရာလှမောင်လတ်၏ စိုးရိမ်သံ၊

"ပြီးခဲ့တဲ့လထဲက ကျွန်တော့်ကား ကလပ်လွတ်သွားတာ ကျွန်တော့်ရှေ့ကကား အတိုက်ခံရတယ်" ကိုစောနိုင်၏အသံ။

"ဆရာ ကျွန်တော်တို့ သီပေါမြို့အပေါ်ထားတဲ့ စေတနာ၊ ဆရာ့အပေါ် ကိုစောနိုင်ထားတဲ့ စေတနာတွေကြောင့် ကျွန်တော်တို့ အေးအေးချမ်းချမ်း ဖြစ်မှာပါ" ကိုမြသန်းက ဝင်ပြောသည်။

ဘာဖြစ်ဖြစ် နာမည်ကြီးလှသော ရင်ကွဲတောင်ကို အဖြတ်မှာတော့ အားလုံး ကြောက်လန့်တုန်လှုပ်စွာ ခံစားနေကြရသည်မှာ အမှန်ပင်။

နှစ်မိုင်လောက် မောင်းအပြီးမှာတော့ ကျွန်တော်တို့ နောင်ပိန်ရွာကို ရောက်တော့သည်။ ဂုတ်တွင်းအလှကို ကြည့်နိုင်သည့် ကျောက်မဲရေကန် ဗျူးပွိုင့်ရှိရာ ဇီးပင်စခန်းကို မကြာခင်မှာရောက်၏။

"ဒီခရီးကို ဒီအချိန်ရောက်ဖို့ဆိုတာ ဆရာ့အပေါ်မှာ တော်ရုံ စေတနာမေတ္တာနဲ့ ကျွန်တော်မဆုံးဖြတ်ဘူး ဆရာ။ ဒါပေမဲ့ ဘယ်လောက် အန္တရာယ်များများ မေတ္တာ၊ စေတနာနဲ့ခရီးမှာ အနှောင့်အယှက် မဖြစ်ဘူးလို့လည်း ကျွန်တော်ယုံတယ်၊ အခုကြည့်လေဆရာ... ရင်ကွဲတောင်ကို ကျော်ခဲ့ပြီ၊ ရှေ့ဆက် အေးအေးဆေးဆေးပါပဲ"

ကိုစောနိုင်၏ စေတနာမေတ္တာဖြင့် ထုံမွှန်းနေသည့်စကားတို့က ကျွန်တော့်နှလုံးသားထဲ ရောက်လာသည်။ မေတ္တာစေတနာ၏ တုံ့ပြန်တတ်မှုကို ကျွန်တော်က ယုံကြည်သည်။ ကျွန်တော်တို့ ကားလေးဂုတ်တွင်းကို ဆင်းရင်း ဂုတ်တွင်းတံတားကို ဖြတ်၏။

အစောင့်များကို အကျိုးအကြောင်း ပြောပြခွင့်တောင်းတော့ သူတို့က ကော်ဖီသောက်ဖို့ပင် ဖိတ်နေပါသေးသည်။ သည်လိုနှင့် ကျွန်တော်တို့ နောင်ချိုဂိတ်ကိုလည်း ဖြတ်ခဲ့ကြ၍ ပြင်ဦးလွင်ဆီသို့ ဦးတည်လာခဲ့ကြတော့သည်။

မန္တလေးကို မနက်စောစော လေးနာရီသာသာမှာ ကျွန်တော်တို့ ရောက်ခဲ့ကြသည်။ အန္တရာယ်များလှသည်ဟု အပြောများသော ရင်ကွဲတောင်သည် မေတ္တာစေတနာဖြင့် လွှမ်းခြုံလိုက်သည့်အခါ ညဥ့်ပင်လှပနေသေး သည်ဟု ကျွန်တော် တွေးမိပြန်သေးသည်။

***

(၆)

မနက်(၈)နာရီလောက် လေဆိပ်ရောက်တော့ သက်ဆိုင်ရာ တာဝန်ခံကို အကျိုးအကြောင်းပြော အကူအညီတောင်းစဉ် စောစောကပဲ ဂိုးရှိုးကုန်သွားပြီဟု ဆိုသည်။ နေ့လယ်လေယာဉ်အတွက် လျှောက်လွှာရေးတင်ခိုင်းကာ နေ့လယ်နှစ်နာရီ ပြန်လာရန်မှာသည်။ ရထားလွတ်မည်စိုး၍ သေချာပဲ့မလားဟု လိုက်ပို့သူဝန်ထမ်းကလေးကို မေးကြည့်တော့ သူက ပြန်လာမှာ ပိုသေချာတယ်ဟု ပြောသည်။ နေ့လယ် နှစ်နာရီရောက်သွားတော့ ကျွန်တော်တစ်ယောက်တည်းအတွက်မှ လေယာဉ်လက်မှတ်မရနိုင်ဆိုတာ သိလိုက်ရတယ်။ မြန်မာစကားမပီသသော အသားနီကျင်ကျင်နှင့် ခရီးသည်များကြားမှ ကျွန်တော်တို့ဖြတ်ကာ လေယာဉ်အဆောက်အဦးကို ကျောခိုင်းခဲ့ရတော့သည်။

"အမြန်ဆုံး ရောက်ချင်တော့ ကောင်းတာပေါ့" ဟု မန္တလေးရောက်ရောက်ချင်း ဖုန်းဆက်မေးစဉ်က ပြောသောအသံကို ပြန်ကြားယောင်သည်။ အမေ့အသက်ကို မှီချင်ဇောဖြင့် ခက်ခဲကြမ်းတမ်းသော ရင်ကွဲတောင်ညခရီးကို ကျွန်တော်သည် ကျွန်တော့်ပရိသတ် ကိုစောနိုင်၏ မေတ္တာစေတနာဖြင့် ဖြတ်ကျော်လာခဲ့ပြီးပါပြီ။

မန္တလေးရောက်မှပဲ ကျွန်တော် သောင်တင်နေရတော့မှာလား။ မန္တလေးမှာ အချိန်တွေ ကုန်သွားရသည့်အတွက် ကျွန်တော့် အမေ၏အသက်ကို မမှီဘဲနေတော့မှာတဲ့လား။

မေတ္တာစေတနာတို့ဖြင့် နလုံးသားမှာ လှပစွာ ခံစားစွန်းထင်းခဲ့ရသော 'ရင်ကွဲတောင်ည' ၏ အလှသည် မန္တလေး၏ မနက်နေခြည်ကြောင့်တော့ ဘယ်တော့မှ ပျက်ပျယ်သွားနိုင်မည် မဟုတ်ကြောင်းမူ ကျွန်တော် သိနေပါသည်။

အဘယ်ကြောင့်ဆိုသော် နေ၏အပူကြောင့် ည၏အလှ၊ ည၏ အအေးအမြတ်တို့ကား ပိုမိုထင်ရှားလာနိုင်သည် မဟုတ်ပါလား။

ရင်ကွဲတောင်ညကား ဘဝတစ်သက် မမေ့နိုင်စရာ...

***မောင်စိန်ဝင်း(ပုတီးကုန်း)***

***(မိခင်အားကန်တော့ရင်း ကိုစောနိုင်နှင့် သီပေါပရိသတ်များသို့အမှတ်တရ)***

***

## သံယောဇဉ်

မိနက်မသည် အမေ့ခွေးမဖြစ်သည်။ အမေသည် မိနက်မကို တော်တော်သံယောဇဉ်ကြီးသည်။ မိနက်မနှင့် ပတ်သက်လာလျှင် အမေသည် အပူအပင်ကြီးတတ်သည်။

မိနက်မကို စတွေ့ရစဉ်ကပင် အမေက ကရုဏာသက်ခဲ့သည်။ တစ်နေ့ ဈေးကအပြန်တွင် ခွေးကြီးများဝိုင်း၍ ကိုက်နေသည့် ခွေးပေါက်စကလေး တစ်ကောင်ကို အိမ်နားမှာ အမေတွေ့ရသည်။ ခွေးကြီးများကို အမေမောင်းနှင်ပြီးသည့်အခါ၌ ခွေးကလေးမှာ မြော့မြော့သာ ကျန်တော့သည်။ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်တို့ဖြင့် ပြည့်နေသည်။ သွေးစသွေးနတို့ဖြင့် ဖုံးနေသည်။ ခွေးကလေးမှာ တကိန်ကိန်ဖြင့် အော်ရဖန်များ၍ အသံပင် မထွက်ချင်တော့။ ထိုခွေးမလေးကို တစ်ယောက်ယောက်က စွန့်ပစ်ခဲ့လေဟန်တူသည်။ အမေတို့အရပ်တွင် ခွေးပေါက်ကလေးတွေကို ယူလိုလျှင် အထီး၊ အမ တွဲပြီးယူမှရလေ့ရှိသည်။ ခွေးယူလာသူက အထီးကလေးကိုသာ ယူလိုဟန်ရှိသည်။ ထို့ကြောင့် အမကလေးကိုမူ အမေ့ခြံဝမှာ ပစ်ထားခဲ့ဟန်တူပေသည်။ အမေသည် ထိုဒဏ်ရာပြည့်နေသည့် ခွေးမကလေးကို အိမ်သို့ပွေ့ချီလာခဲ့သည်။

အိမ်ရောက်လျှင် အမေကိုယ်တိုင် ဆေးထည့်ပေးခဲ့သည်။ အမေ့သားအငယ် ချိုတူး သောက်၍ကျန်သည့် နွားနို့ကို အမေကိုယ်တိုင်ပင် ခွေးမလေးအားတိုက်သည်။ နောက်နေ့များတွင်မူ ချိုတူးအတွက် နွားနို့မှာလျှင် ခွေးမလေးအတွက်ပါပို၍ အမေကမှာတတ်သည်။

သုံးလေးရက်ကြာလျှင် ခွေးမလေး၏ဒဏ်ရာတို့ ပျောက်သလောက် ဖြစ်လာသည်။ အမေ့အကျွေးအမွေးဖြင့် ခွေးမကလေးမှာ တသွေးတမွေးဖြစ် လာခဲ့သည်။ အစက မွဲခြောက်ခြောက်ဟု ထင်ခဲ့ရသော ခွေးမကလေး၏ အမွေးတို့သည် နက်ပြောင်လာသည်။ အမေက သူ့ခွေးမလေးကို မိနက်ဟု ကင်ပွန်းတပ်ထားသည်။

မိနက်ကလည်း ညာတတ်သည်။ အမေဈေးကပြန်လာလျှင် အပေါက်ဝမှ မိနက်ကအမြဲ ကြိုနေတတ်သည်။ အမေ ဈေးပြန်နောက်ကျသည့် နေ့များဆိုလျှင် အိမ်ဝင်းပေါက်ဝမှ မိနက်ကထိုင်စောင့်နေတတ်သည်။ အမေ့ကိုတွေ့ရလျှင် မိနက်သည် အမြဲခုန်ပေါက် မြူးတူးနေတတ်သည်။ အမြီးတနန့်နန့်နှင့်နေသည်။ ညနေဘက် အမေလမ်းလျှောက်လျှင်လည်း မိနက်က နောက်မှအမြဲလိုက်တတ်သည်။

ညဘက်ဆိုလျှင်လည်း မိနက်က အိမ်ကိုလုံအောင်စောင့်သည်။ ခြံဝင်းထဲတွင် မြင်သမျှကို မိနက်ကဟောင်တတ်သည်။ တော်ရုံတန်ရုံသူခိုးမှ မိနက်ကြောင့် အိမ်ကိုကပ်ရဲမည် မဟုတ်။

သည်တော့ အမေက မိနက်ကိုချစ်သည်။ မိနက်အပေါ်မှာ သံယောဇဉ်ကြီးသည်။ တစ်လောက မြို့ထဲတွင် ခွေးရူးတစ်ကောင်ရှိသည်ကြား၍ မိနက်ကို အိမ်ပေါ်တင်ထားရသေးသည်။ မိနက်ကို ခွေးရူးကိုက်မည်ကို အမေကစိုးရိမ်ဟန်တူသည်။ အိမ်သားအားလုံး ထမင်းစားပြီးတိုင်း မိနက်ကို အမေကိုယ်တိုင် အစာကျွေးလေ့ရှိသည်။ အမဲရိုး ဆိတ်ရိုးတို့ကိုလည်း တစ်ပတ်တစ်ခါလောက် ဈေးထဲမှ အမေဝယ်လာလေ့ရှိသည်။ အယ်လ်ဇေးရှင်း မွေးသူများကဲ့သို့ ပေါင်မုန့်၊ ကြက်ဥတို့ကို မကျွေးရသော်လည်း အမေသည် ထိုသူတို့နှင့်တန်းတူ မိနက်အပေါ်မှာ သံယောဇဉ်ကြီးရှာသည်။

မိနက်သည် ခြံဝင်းထဲသို့ မည်သည့်တိရစ္ဆာန်မျှ အဝင်မခံပေ။ တစ်နေ့တွင်... တစ်ဖက်ခြံမှာ မွေးထားသည့် ကြက်တစ်ကောင် ခြံထဲဝင်လာသည်ကို မိနက်ကလိုက်ကိုက်သည်။ တစ်ဖက်ခြံရှင်က မိနက်ကို တုတ်ဖြင့်ပစ်သည်။ မနက်က တကိန်ကိန်အော်ရင်း အမေ့အနား ရောက်လာသည်။ မကြာမီပင် တစ်ဖက်ခြံရှင်သည် မသေမရှင် ကြက်ကလေးကို ဆွဲ၍ အမေ့ထံရောက်လာသည်။ မိနက်ကိုက်ကြောင်း အမေ့ကို တိုင်သည်။ အမေက ကြက်ဖိုးငွေ အလျော်ပေးလိုက်ကာ မိနက်ကို တုတ်ဖြင့်ပစ်၍ မကျေနပ်ကြောင်းကိုလည်း ထည့်ပြောသည်။ ထို့နောက် ထိုသူနှင့်အမေ စကားခွန်းကြီး ခွန်းငယ်ပြောရ၏။ အမေက မိနက်နှင့် ပတ်သက်လာလျှင် သည်မျှပင် သံယောဇဉ်ကြီးရှာသူတည့်။

သို့နှင့် မိနက်သည် အပျိုဖော်ဝင်ကာ တသွေးတမွေး ချောလာသည်။ သည်နှစ်ထဲမှာပင် မိနက်သည် ခွေးကလေးသုံးကောင်ကို မွေးဖွားခဲ့သည်။ သည်အချိန်တွင် အမေသည် မိနက်ကိုပို၍ ဂရုစိုက်သည်။ မိနက်၏ သားကလေးများသည်လည်း မိနက်သို့ပင် တသွေးတမွေးဟု

အမေကပြောသည်။ ကျန်အိမ်သားများမှာ မိနက်၏သားကလေးများကို မကြည့်ဖြစ်ကြချေ။ မိနက်ကို ကြောက်၍လည်း တစ်ကြောင်း၊ သိပ်ပြီး စိတ်မဝင်စား၍လည်း တစ်ကြောင်းဖြစ်မည်။ မွေးဖွားပြီးစရက်များတွင် မိနက်သည် အစာထွက်စားချိန်မှလွဲလျှင် သူ့သားကလေးတွေကိုသာ အမြဲနို့တိုက်နေတတ်သည်။

မိနက်သားဖွားပြီး ခြောက်ရက်မြောက်နေ့ဖြစ်မည်။ မနက်စောစောဖြစ်၍ အမေက ဈေးသွားသည်။ အမေ့သားအငယ် ချိုတူးက သူသောက်ပြီး ကျန်သည့်နွားနို့ကို မိနက်ထံ ယူသွားသည်။ ထိုအချိန်တွင် မိနက်က သူ့သားကလေးတွေကို နို့တိုက်နေသည်။ ချိုတူးသည် မိနက်အတွက် ထည့်လာသော နွားနို့ခွက်ကို မိနက်ရှေ့သို့ချပေးသည်။ မိနက်က ထပြီးလျှာဖြင့် လျက်သည်။ သူ့သားကလေးတွေက ပတတ်ရပ်ရင်း မိနက်နို့ကို ဆွဲနေကြသည်။ ချိုတူးက အနားမှာထိုင်ကြည့်နေရင်း နို့ဆွဲနေသည့် မိနက်သားလေးတစ်ကောင်ကို လှမ်းဆွဲသည်။

ချိုတူးကလည်း အမေ့လိုပင် ခွေးချစ်တတ်သည်။ ခွေးပေါက်ကလေးကို ချီရန် လှမ်းဆွဲခြင်းဖြစ်သည်။ နို့စို့နေရင်း အဆွဲခံရသည့် ခွေးကလေးက ငယ်သံပါအောင် အော်တော့သည်။ မိနက်က ရုတ်တရက် ချိုတူးလက်ကို လှမ်းဟပ်သည်။ အဖြစ်အပျက်က လျှပ်တစ်ပြက် မြန်ဆန်သည်။ ချိုတူးလက်မှာ မိနက်သွားစွယ်တို့ ခြစ်မိသွား၍ သွေးကျလာသည်။

ချိုတူးက အော်ငိုပြီး ပြေးလာသည်။ ချိုတူးပြန်ပြောပြမှပင် မိနက်ကိုက်ကြောင်း တစ်အိမ်လုံးသိရသည်။ ချိုတူးလက် ပတ်တီးစည်းပေး နေစဉ်မှာပင် အမေဈေးမှ ပြန်ရောက်လာသည်။ အကြောင်းစုံကို ပြောပြ၍ အမေသိရသောအခါ အမေသည် ပျာပျာသလဲဖြစ်ရ၏။ အမေသည် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်အောင် ဗျာများသွားရ၏။ ချိုတူးသည် အမေ့အချစ်ဆုံးသား။ နောက်ပြီး ခွေးကိုက်ခံရလျှင် မပေါ့ဆရန်လည်း အမေကသိထားသည်။ သို့နှင့် ချက်ချင်းပင် ဆေးရုံသို့အမေပြေးသည်။ ခွေးကမရူးသေး၍ ဆေးမထိုးလျှင် ဖြစ်ကြောင်း ဆရာဝန်ကဆိုသည်။ သို့သော် စိတ်ချရအောင်ဟုဆို၍ အမေသည် ချိုတူးအား ဆေးထိုးပေးရန် ဆုံးဖြတ်၏။

သည်နေ့ ဆေးရုံကပြန်ရောက်လျှင် မိနက်မကို အမေ ဒေါသထွက်သည်။ မိနက်မနှင့် ပတ်သက်၍ အမေဒေါသထွက်သည်မှာ သည်တစ်ကြိမ် ပထမဆုံးအကြိမ်ဖြစ်သည်။ ထမင်းစားချိန်တွင် အမြီးတနန့်နန့်နှင့် လုပ်နေသည့် မိနက်မကို အမေကတုတ်ဖြင့်လှမ်းပစ်သည်။ ပါးစပ်မှလည်း ကျိတ်ဆဲသည်။ ထိုနေ့က မိနက်မအတွက် ဈေးမှဝယ်လာသည့် အမဲရိုးကိုလည်း အမေက မိနက်မအား မကျွေးတော့ပေ။

ထို့နောက် တစ်အိမ်သားလုံးကို အမေ အမိန့်ထုတ်သည်။ မိနက်မအား ထိုနေ့မှစ၍ သုံးရက်တိတိ ထမင်းမကျွေးဘဲထားရန် ဖြစ်သည်။

အမေသည် ချိုတူးလက်ကိုဆေးထည့်၍ ပတ်တီးအသစ်ဖြင့် ပြင်စည်းပေးနေချိန်တွင် မိနက်မက သားငယ်တို့ကို နှိုတိုက်နေသတည်း။

*စာပေရှုပ်ရှင်စတား မဂ္ဂဇင်းမှ*
*မောင်စိန်ဝင်း(ပုတီးကုန်း)*

***

## လောင်မြိုက်ခြင်း

(၁)

ထိုနေ့မှစ၍... စူဇီသည် လူတို့ကို မယုံတော့ပြီလားမသိ။ ခါတိုင်းနယ် ပလူးပလဲမလုပ်။ မှုန်ကုပ်ကုပ် ရှုတည်တည်နှင့် အနေစိမ်းလာသည်။ တချောင်ချောင်မှာ ခပ်မှိုင်မှိုင် ခပ်ကုပ်ကုပ် ခွေနေတတ်သည်။ အိမ်သားတစ်ယောက်ယောက် အပြင်မှပြန်လာတိုင်း အမြီးကိုခါ၊ ခါးကိုနွဲ့နေအောင် လှုပ်ယမ်း၍ အငမ်းမရ ကြိုတတ်သော အလုပ်ကိုလည်း မလုပ်တော့။ နောက်ခြေနှစ်ချောင်းပေါ်မှာရပ်လျက် ရှေ့လက်နှစ်ချောင်းကို ပူးကာ ရှိခိုးသည့်နယ် တခါခါဖြင့် ပြနေကျကိစ္စကိုလည်း မေ့သွားဟန် တူပါတော့သည်။

အစားအသောက် ပျက်လျက် ဒေါသပိုကြီးနေတတ်သည့် စူဇီသည် တစ်နေ့မှာတော့ ခြေတွေလက်တွေ တောင့်တောင့်ကြီးဖြစ်လျက် တက်နေပါတော့သည်။ ဘာလုပ်ဘာကိုင်ရမှန်း မသိတော့သဖြင့် သူတို့သွားနေကျ ဆေးခန်းကို သွားပြရပါ၏။

"သူ့ကိုမွေးတာ လပြည့်နေ့လား"
ဟု ဆရာဝန်ကမေးတော့ သူ့ဆေးစာအုပ်ကို ပြန်ကြည့်သည်။ ဆေးစာအုပ်မှာ မွေးနေ့ မွေးရက်ပါသည်။ သို့သော် အင်္ဂလိပ်ရက်စွဲသာပါသဖြင့် လပြည့်နေ့လားဘာလား မသိတော့ပါ။

"မနက်ဖြန်က လပြည့်နေ့လေ၊ လပြည့်လကွယ်မှာ မွေးတဲ့ခွေးတွေက အရမ်းခံစားရတာပဲ ဖြစ်ဖြစ်၊ ရောဂါတစ်ခုခုရှိဖူးလို့ တစ်ခါတစ်ဖူးထားရင်ပဲ ဖြစ်ဖြစ် အားနည်းတဲ့အခါမှာ လပြည့်လကွယ်နေ့ဆို ပြန်တက်တတ်တယ်ဗျ၊ လပြည့်လကွယ် ဒီရေအတက်အကျနဲ့ သွားပြီး ပတ်သက်နေတတ်တယ်"

ဆရာဝန်ကရှင်းပြရင်း ဆေးထိုးပေးလိုက်သည်။ အိပ်ဆေး ထိုးပေးလိုက်သည်။ ဒီညတော့ ကောင်းကောင်း အိပ်ပါလိမ့်မယ်ဟုလည်း မှာလိုက်သေး၏။

အိမ်ရောက်တော့ ပြက္ခဒိန်မှာကြည့်သည်။
တကယ်ပါပဲ စူဇီကိုမွေးတာ လပြည့်နေ့။
ငယ်ငယ်ကတော့ ဒီခွေးမလေးဟာ မတတ်ခဲ့ဖူးပါ။ ဒါပေမဲ့ ဆရာဝန်၏စကားကို နားမှာပြန်၍ ကြားနေမိပြန်သည်။ အရမ်းခံစားရတဲ့ အခါတဲ့။

စူဇီ အရမ်းခံစားရမှာကိုတော့ နားလည်စာနာရင်း ရင်မှာ နင့်ခနဲ ဖြစ်ရပြန်သည်။ အစားအသောက်ပျက်၊ အအိပ်အနေပျက်နဲ့ စူဇီ အားနည်းနေမှာကလည်း သေချာသည်။

ခွေးတစ်ကောင်ဟာ သည်မျှ ခံစားရတတ်ပါသလားဟုလည်း စဉ်းစားရင်း သက်ပြင်းငွေ့ငွေ့ကို ချမိပြန်တော့၏။

***

(၂)

စူဇီသည် အမွေးတိုသော ခွေးပုမျိုး ခွေးကလေးတစ်ကောင် ဖြစ်ပါသည်။ စူဇီ၏အမွေးသည် အနက်ရောင် စိုစိုဖြစ်လျက် မျက်လုံးနှစ်ဘက်အပေါ်မှာ အုန်းခွံရောင် အစက်နှစ်စက်ရှိသည်။

အမြီးရှည်သည် ကောက်လျက်ကော့ကာ ပန်းပွင့်ပမာဖွာလျက် အပေါ်မှာ အဝိုင်းလေးလို ဖြစ်နေ၏။ လည်ဆံမွေးသည် ခြသေ့်လည်ဆံလို ဘေးကိုကားကားဖြစ်၍ အုန်းခွံရောင်ရော၏။ ကြည့်သူတိုင်းက အရမ်းချောသည်ဟု ပြောကြသည်။

ထိုခွေးမလေးသည် လူကို ပလူးပလဲနေတတ်၍ အစာတောင်းလျှင် ပတတ်ရပ်ကာ ရှေ့လက်နှစ်ချောင်းပူး၍ လက်အုပ်ချီသလိုလုပ်ရင်း တောင်းတတ်သည်။

သည်လိုနှင့် စူဇီအရွယ်ရောက်လာသည်။ အရွယ်ရောက်ပြီဆိုတော့ ထုံးစံအတိုင်း အပျိုပန်းပွင့်ပြီ။ စူဇီ'ဟိ' လာပြီပေါ့။ သည်တော့ ဝတ္တရားရှိသည့်အတိုင်း သူ့အတွက် ကြင်ရာရှာပေးဖို့ကိစ္စ ပေါ်လာတော့၏။

ခွေးတစ်ကောင်ကို တကယ်မွေးပြီဆိုလျှင် အလွန်ပင် တာဝန်ကြီးကြောင်း ခွေးကို စနစ်တကျ မွေးဖူးသူတိုင်း သိကြပါသည်။ အစားအသောက် အနေအထိုင်နှင့် ကျန်းမာရေးမှ အစပြုကာ ကြင်ရာရှာဖွေပေးသည့် ကိစ္စပါမကျန် တာဝန်ယူရတတ်ပါသည်။

ကြင်ရာရှာဖွေရာတွင်လည်း ကြုံရာခွေးနှင့် ပေးစားရှာဖွေ၍ မရပါ။ ခွေးမျိုးရိုးကို အသေအချာ သိဖို့လိုပါသည်။ အသေအချာမွေးသည့် ခွေးတိုင်းမှာ သူ့မိဘမျိုးရိုးကို သိရှိ မှတ်သားပြီးဖြစ်သဖြင့် သိရန်လည်း လွယ်ပါသည်။

ဘယ်သူ့မျိုး၊ ဘယ်ခြံကမျိုးဟု ပြောရုံဖြင့်လည်း မှန်းဆသိနိုင်ပြန်ပါ၏။ မျိုးရိုးဇစ်မြစ်မသိဘဲ ပေးစားမိပါက မောင်နှမချင်း သားအမိချင်း ဖြစ်နေမှာကို ခွေးရှင်တို့က အဓိကစိုးရိမ်ကြပါသည်။ ဆွေမျိုးသိပ်ရင်းချာနေလျှင်ပင် ခွေးနှစ်ကောင်ကို မပေးစားတတ်ကြပါ။

ထိုသို့ အမျိုးအချင်းချင်း ပေးစား၍ မွေးလာသောခွေးသည် အရည်အသွေး ညံ့ဖျင်းတတ်ကြပါသည်။ ရောဂါမစင် ဖြစ်တတ်ကြပါသည်။ သည့်အတွက် ခွေးရှင်များက အမျိုးအချင်းချင်း မပေးစားမိအောင် ရှောင်တတ်ပါ၏။

နောက်ဆုံးတော့ စူဇီအတွက် ဖူးစာရှင်ကို တွေ့ပါတော့သည်။ သိပ်မဝေးလှသော ခြံမှာပင်နေသည့် လတ်ကီဆိုသည့် တယ်ရီယာ မွေးပွခွေးကလေး ဖြစ်ပါသည်။

ပိုင်ရှင်နှင့်လည်း ရင်းနှီးမှု ရှိနေသဖြင့် လတ်ကီနှင့် စူဇီကို ပေးစားရန် သဘောတူလိုက်ကြပါသည်။ သို့နှင့် စူဇီဟိလာပြီး သုံးရက်မြောက်နေ့မှာ စူဇီကို လတ်ကီရှိရာခြံသို့ ပို့ထားလိုက်ပါသည်။ အမှန်မှာတော့ ထိုသို့ ပို့ထားရန် မလိုပါ။ တွေ့ပေးပြီးပါက ကိုယ့်အိမ်ကိုယ် ပြန်ခေါ်ထားလို့ ရပါသည်။

လတ်ကီနှင့်စူဇီကို ရင်းနှီးမှု ပို၍ရအောင် ပို့ထားခြင်းသာ ဖြစ်ပါသည်။ လတ်ကီတို့အိမ်မှာ စူဇီရောက်ပြီး သုံးရက်လောက်အကြာမှာ စူဇီကို ပြန်ခေါ်ရပါ၏။ ဆရာဝန်ကလည်း စူဇီမှာ ကိုယ်ဝန်ရပြီဟု ပြောပါသည်။ ခွေးမတစ်ကောင်သည် သူ့မှာကိုယ်ဝန်ရပြီဆိုသည်နှင့် ခွေးထီး၏အကပ်ကို မခံတော့ပါ။ ခွေးထီးကပ်လာလျှင် ပြန်၍ ရန်လုပ်ပါတော့၏။ သုံးရက်လောက် အတူနေပြီး စူဇီက လတ်ကီကို ရန်လုပ်ပြီဆိုတာနှင့် စူဇီကို ဆရာဝန်နှင့် ပြကြည့်ပါသည်။ ဆရာဝန်ကလည်း အိုကေပြီဆို၍ စူဇီကို အိမ်ပြန်ခေါ်ထားရပါတော့သည်။

စူဇီကိုယ်ဝန်ရပြီ။

ခွေးတစ်ကောင် ကိုယ်ဝန်နှင့် မပေ့ါမပါး ဖြစ်လာသည့်အခါမှာလည်း လူတစ်ဦးကဲ့သို့ပင် ဘာမှမထူးခြားဘဲ ပြုစုရပြန်တော့၏။ လူတွေကို ကျွေးသည့်ဆေးကိုပင် သူ့ကို ကျွေးရတာ သတိထားမိပြန်ပါသည်။ ခွေးပဲ ပုံကြီးချဲ့ရန်ကောဟု ထင်ပါက ထိုခွေးမျိုးကို မွေးရန် မသင့်ပါ။ ထိုခွေးမျိုးများမှာ မြန်မာခွေးများကဲ့သို့ အကြမ်းမခံနိုင်သည်မှာတော့ သေချာပါသည်။ မြန်မာခွေးများကို မွေးသကဲ့သို့သာ မွေးပါက အသက်ရှင်ရန် မလွယ်လှပါ။ ထို့ကြောင့် သူတို့ကို မွေးမိပြီဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပေးရပါတော့သည်။

***

(၃)

ဆရာဝန်က သတ်မှတ်ပေးသည့် ရက်အပိုင်းအခြားမှာပင် စူဇီ မီးဖွားပါသည်။ စူဇီ မီးဖွားသည့်ညက တစ်အိမ်လုံး မအိပ်ကြရပါ။ ကျွန်တော့်အမျိုးသမီးက လက်သည်လုပ်ပြီး စူဇီကို မီးဖွားပေးပါသည်။ ညအချိန်မတော်ဖြစ်၍ ဆေးခန်းသို့လည်း မသွားနိုင်တော့ပါ။

ဒုတိယကလေး မွေးချိန်မှာ အမွေးရခက်ပြီး စူဇီလည်း အလွန် ပင်ပန်းပါသည်။ ကလေးလည်း အချင်းထဲမှာ မွန်းနေ၍ အသက်ပင်မရှူဟု ထင်ရပါသည်။ အပြင်ဘက်ရောက်ပြီး အတော်ကြာမှ လူးလွန့်လာသည်ကို တွေ့ရပါသည်။

တတိယခွေးကလေးကို မွေးပြီးတော့ စူဇီလည်း ခွေပျော့ မိန်းမောသွားသလို ဖြစ်နေပါ၏။ ခဏကြာမှာတော့ သူ့သမီးလေး သုံးကောင်ကို လျှာဖြင့်လျက်ရင်း စူဇီ ထထိုင်ပါတော့သည်။

ထိုညက စူဇီသည် သမီးလေးချည်းသုံးကောင်ကို မွေးဖွားပါသည်။ မျက်နှာအကြားလေးနှင့် ခွေးမလေးတစ်ကောင်။ စူဇီနှင့် တစ်ပုံစံတည်းတူသော ခွေးမလေးကတစ်ကောင်နှင့်

သူ့အဖေလတ်ကီလို အမွေးဖွားဖွားရှည်ရှည် အဖြူရောင် ခွေးမလေးက တစ်ကောင် ဖြစ်ပါသည်။ သည်လိုနှင့် စူဇီ သမီးသုံးယောက်၏အမေ ဖြစ်သွားပါတော့၏။

ကလေးအမေ ဖြစ်လာသည့် စူဇီ၏အမူအရာတို့သည် အတော်လေး ပြောင်းလဲသွားတာ တွေ့ရပါသည်။ အိမ်မှာရှိနေသော လတ်ကီ အစရှိသည့် အခြားခွေးများကို စူဇီက ပို၍ရန်လိုလာတော့သည်။ ဘလက်ကီတို့၏ ခြေသံကိုကြားရရုံဖြင့် စူဇီကမာန်ဖီပြီး စူးရှကျယ်လောင်စွာ ဟောင်နေတတ်သည်။

အိမ်မှာ ဧည့်သည်သူစိမ်း အောက်ထပ်မှာရောက်ပြီး စကားပြောသံကြားရပါကလည်း စူဇီရန်လုပ်ပြီး အပေါ်ထပ်က ဟောင်တော့သည်။ သူ့သားသမီးတွေရှိသည့် အခန်းတံခါးဆီသို့ တစ်ဟုန်ထိုး ပြေးလာပြီး ဟောင်သည်။ ခွေးသားအုပ်မ၏စရိုက် စူဇီထံမှာ အပြည့်အဝရှိနေတာ တွေ့ရပြန်ပါသည်။

နောက်တစ်ခု ထူးခြားသည်မှာတော့ အစားအသောက်ကိစ္စ။ စူဇီက အစားအသောက် မက်သည်။ ဘယ်သူ ဘာစားစား သူက တောင်းစားတတ်သည်။ စားနေသူကို မီရာနေရာသို့ လက်ဖြင့်တို့၍ ရှိုးတောင်းတတ်သည်။ စားစရာရလျှင် စားစရာကို ရှေ့မှာချလျက် ဖိမ်ဖြင့်စားရင်း တခြားခွေးတွေကို ရန်လိုမာန်ဖီတတ်သည်။

အခုတော့ စားစရာတစ်ခုခုကို တောင်းပြီးလျှင် စားစရာကို ကိုက်ချီလျက် အပေါ်ထပ်သို့ အတင်းတက်ပြေးပါတော့၏။ အပေါ်ထပ်က သူ့သမီးတွေရှိသည့် အခန်းထဲယူသွားပြီး သူ့သမီးတွေကို ကျွေးသည်။

နို့သာစို့တတ်သော သူ့သမီးတွေ၏ဘေးမှာ အစားအသောက်တွေက ပတ်လည် ဝိုင်းနေတတ်သည်။ မစားနိုင်၊ မစားတတ်သေး သော်လည်း စူဇီက သူရသမျှကို သူ့သမီးတွေအတွက်ချည်း သယ်ကာ ကျွေးနေတတ်စမြဲ။

ထမင်းစားလျှင်လည်း အပြေးအလွှား ကမန်းကတန်း စားသောက်ကာ သူ့သမီးတွေဆီကို ပြန်ပြီး နို့တိုက်တတ်သည်။ အလွန် မိခင်စိတ်ရှိသည့် ခွေးမဟု သူ့ကို မြင်သမျှလူတိုင်းက ချီးကျူးကြသည်။ ခွေးမလေးသုံးကောင်မှာ ထွားကြိုင်းသန်မာ၍ နို့အလွန်စို့ကြသဖြင့် စူဇီသည် အရင်ကထက်ပို၍ ပိန်ကျသွားပါတော့သည်။ တစ်ချိန်လုံး နို့တိုက်နေရသဖြင့် သူ့မှာ အခန်းထဲက ထွက်ရသည်ဟု မရှိပါ။ အိမ်သားတွေက အပြင်ကိုခေါ်လာလျှင်လည်း ခဏလေးသာနေပြီး စူဇီက အခန်းထဲက သူ့သမီးတွေဆီ ပြန်သွားတတ်ပြန်၏။

တစ်လခွဲကျော်ကျော်အထိ စူဇီနို့တိုက်နေဆဲပင်။

***

(၄)

နှစ်လနီးလာတော့ ခွေးလေးတွေကလည်း အလွန်ထွားနေသဖြင့် နို့မတိုက်သင့်တော့ဟု ဆုံးဖြတ်ကာ နို့ဖြတ်ပေးကြသည်။

သည်လိုသာ နို့ဆက်တိုက်နေလျှင် စူဇီတော့ လုံးပါးပါး တော့မှာပဲဟု ကရုဏာ သက်လာကြသည်။ ခွေးလေးတွေကို နို့ဖြတ်ကာ စူဇီကို ကျွန်တော်တို့ ကုတင်ပေါ်ခေါ်သိပ်သည်။ ခွေးကလေးတွေ ကုတင်အောက်ခြေရင်မှာ ကလေးတွေနှင့် ခွဲအိပ်စဉ်ကလည်း စူဇီ ကောင်းကောင်းမအိပ်။ ခွေးကလေးတွေက မွေးသည့်ရက်မှစ၍ ခွေးကလေးတွေ၏ ခေါင်းပေါ် တစ်ပေကျော်ကျော်လောက် အမြင့်မှာ မီးလုံးတစ်ပွင့် ထွန်းထားပေးရသဖြင့် ခွေးကလေးတွေကို စူဇီကလှမ်းကြည့် မြင်နိုင်သည်။ သူ့သမီးတွေကို ခဏခဏ စူဇီ ထကြည့်တတ်တာ သတိထားမိပြန်၏။

သို့နှင့် နှစ်လပြည့်တော့ စူဇီ သမီးတစ်ကောင်ကို လတ်ကီအတွက် ပေးရပါတော့သည်။ ခွေးတို့ပေးစားကြသည့် ထုံးစံမှာ ခွေးထီးရှင်က ကြိုက်ရာခွေးတစ်ကောင်ကို ယူလိုကယူ။ ငွေကြေးကို ယူလိုကယူကြသည်မှာ ထုံးစံဖြစ်ပါသည်။

လတ်ကီတို့ ပိုင်ရှင်ကလည်း ခွေးချစ်သူမို့ ခွေးကလေးကိုသာ ယူမည်ဟု ပြောထားခဲ့ပါသည်။ တစ်လခွဲဆိုလျှင် ယူရမည်ဖြစ်သော်လည်း နို့ဝဝစို့စေချင်သည့် ဆန္ဒဖြင့် နှစ်လမှ ယူပါ ပြောထားခဲ့ပါသည်။

တစ်နေ့မှာတော့ လတ်ကီတို့ပိုင်ရှင်ရောက်လာပြီး ခွေးကလေး သုံးကောင်အနက် လတ်ကီနှင့်တူသော အမွေးဖွားဖွား ခွေးမဖြူဖြူကလေးကို ယူသွားပါတော့သည်။ လတ်ကီပိုင်ရှင်သည် သူတို့အိမ်မှာ သုံးရက်လောက် နေဖူးသည့် စူဇီကို သံယောဇဉ်ရှိသည်။ စူဇီနှင့်လည်း ရင်းနှီးသဖြင့် စူဇီနှင့် အရင်တွေ့ပါသည်။ ကာလကြာ ခွဲနေရသော်လည်း စူဇီက မှတ်မိကျွမ်းဝင်စွာ နှုတ်ဆက်၍ ပေါင်ပေါ်တက်ထိုင်ပါသည်။ သူ့သမီးလေးတစ်ကောင်ကို လာယူမည်ဟုတော့ သူ သိဟန်မတူပါ။

စူဇီ့ရှေ့မှာ သူ့သမီးလေးကို ယူသွားတာ မမြင်စေချင်သဖြင့် စူဇီကို အခန်းတစ်ခန်းထဲ ခေါ်သွားပါသည်။ စူဇီမမြင်အောင် ခွေးမအဖြူလေးကို လတ်ကီပိုင်ရှင်က ယူသွားပါသည်။

ထိုအချိန်၌ စူဇီသည် အပြင်ထွက်နေသည်မှာ အသားအတော်ကျလာသည်မို့ ခွေးကလေးတွေရှိသည့် အခန်းထဲမှာ အရင်လိုအမြဲမနေတော့ပါ။ ခွေးကလေးတွေကလည်း အခန်းပြင် ထွက်ဆော့နေတတ်ပြီမို့ အခန်းထဲမှာချည်း မနေတော့ပါ။

သူ့သမီး ဖြူမ ပါသွားတာကို စူဇီသိဟန် မတူသေး။ အောက်ထပ်မှာ စူဇီဆော့နေဆဲပင်။

ထိုအချိန်က ညဦးပိုင်းခပ်စောစော။

***

(၅)

သိပ်မကြာပါ စူဇီအပေါ်ထပ်တက်ပြီး သူ့သမီးတွေဆီ သွားပါသည်။ အပေါ်ထပ်မှာ သူ့သမီးနှစ်ယောက်တည်းသာတွေတော့ စူဇီ အခန်းထဲဝင်ရှာသည်။ မတွေ့တော့ အပေါ်မှာရှိသည့် အခန်းတိုင်းမှာ စူဇီရှာသည်။

နာခေါင်းကို တရှုံ့ရှုံ့လုပ်ရင်း အနံ့ခံသည်။ ရေချိုးခန်း၊ အိမ်သာ၊ ဘုရားခန်း အားလုံးဝင်ရှာသည်။ တံခါးပိတ်ထားသော အခန်းရှေ့မှာဆိုလျှင် ပတတ်ရပ်လျက် တံခါးကို ရှေ့လက်နှစ်ဘက်ဖြင့် ကုတ်သည်။ အနီးအနားမှာ လူတွေ့ပါက လူကိုလက်ဖြင့်တို့သည်။ ပြီးတော့ တံခါးကို ကုတ်ခြစ်ပြသည်။ ဖွင့်ပေးခိုင်းသည့်သဘော။ ဖွင့်ပေးလိုက်ပါက အနံ့ခံရင်းရှာသည်။

အပေါ်ထပ်ပြီးတော့ အောက်ထပ်အနှံ့ရှာသည်။

နောက်ဆုံး ဘယ်မှာမှ ရှာမတွေ့တော့ ငိုညည်းနေဟန် တအီအီဖြင့် နှတ်မှညည်းညူရင်း ကုလားထိုင်ပေါ်မှာ ခွေအိပ်သည်။ သူ့ကိုကြည့်ရင်း သူ့ရင်တွင်းမှ ဝေဒနာကို စာနာနားလည်စွာ ခံစားကူးစက် လာရတော့သည်။ ထိုညက စူဇီ အစာမစား။

ညအိပ်တော့ ခါတိုင်းနယ်ပင် စူဇီကို ကုတင်ပေါ်တင်သည်။ စူဇီကမနေ။ ခုတင်ပေါ်မှ အောက်ပြန်ဆင်းသည်။ ကလေးနှစ်ကောင်ကို နို့တိုက်ရင်း ပိုက်ပိုက်ထွေးထွေးနေသည်။ နို့တိုက်နေရင်း နှတ်မှ တအီအီ ညည်းညူသံ ထွက်လာပြန်သည်။ ကျန်သမီးနှစ်ကောင်ကို နို့တိုက်နေရင်း သူ့သမီးဖြူမကို သတိရနေပြန်ပြီထင်၏။ နို့တိုက်အပြီးမှာ ကုတင်ပေါ် တစ်ခါတင်ပေးသည်။ မရ။ စူဇီက ချက်ချင်းခုန်ချကာ သူ့သမီးတွေဘေးမှာ ပြန်အိပ်သည်။ နောက်ဆုံးတော့ နေပါစေတော့ဟု သဘောထားလိုက်သည်။

အပြင်မှာ ခြေသံကြားသည်နှင့် ကျားတစ်ကောင်ပမာ ဟိန်းဟောက်မာန်ဖီရင်း စူဇီက အခန်းဝကိုပြေးသည်။ အပြင်က ခွေးဟောင်သံကြားလျှင်လည်း စူဇီဟောင်သည်။ စူဇီမအိပ်တော့။ တစ်ရေးနိုးလို့ ထကြည့်လိုက်တော့ သူ့သမီးနှစ်ကောင်ဘေးမှာကပ်ပြီး စူဇီထိုင်နေတာ တွေ့သည်။

သူ့သမီးတွေကို မအိပ်ဘဲ စောင့်ရှောက်နေတာဖြစ်မှာဟု တွေးနေမိပြန်၏။ စူဇီက ထိုင်နေရုံသက်သက် ထိုင်နေတာမဟုတ်။ ခဏကြာလျှင် သူ့သမီးနှစ်ကောင်ကို ပတ်ပြီး လျှောက်ကြည့်သည်။ လျှာဖြင့်လျက်သည်။ စူစိုက်ကြည့်ပြီး ပြန်ထိုင်သည်။

အန္တရာယ် အချိန်မရွေးရောက်နိုင်ပြီဆိုတဲ့ သတိနှင့်မအိပ်ဘဲ စောင့်ကြပ်နေပုံပါပဲ။ ပြီးတော့... သူ့သမီးတွေ ဘာများဖြစ်ပြီလဲဆိုတဲ့ စိုးရိမ်သောကနဲ့ လှည့်ပတ်ကြည့်လိုက်၊ လျှာနှင့်လျက်လိုက် လုပ်နေပုံပါပဲ။

ရင်ထဲမှာ နင့်ခနဲဖြစ်အောင် ခံစားလိုက်ရပါသည်။ သူ့သမီး မိဖြူတော့ အန္တရာယ် တစ်ခုခု ဖြစ်ပြီဟု နားလည်ရင်း ကျန်ကလေးနှစ်ကောင်အတွက် ကာကွယ် စောင့်ရှောက်နေဟန်ပါပဲ။

ထိုညမှစ၍ နောက်သုံးလေးညလည်း စူဇီ မအိပ်တော့။ သူ့သမီးနှစ်ကောင်အနားမှ မခွာတော့။

***

(၆)

သေသွားပြီလား၊ အန္တရာယ် တစ်စုံတစ်ရာ တွေ့နေပြီလားဟု သူ့ရင်ထဲမှာ ခံစားနေရရှာလေမည်။ သားသမီးပျောက် မိခင်၏ ရင်ထဲမှ ဝေဒနာကို စာနာ တွေးကြည့်နေမိပြန်ပါသည်။

ခါတိုင်း မုန့်စားချင်လျှင် လက်ဖြင့်တို့၍ မုန့်တောင်းတတ်သည့် စူဇီ၊ ယခုတော့ မုန့်ကို သူမတောင်းတော့ပါ၊ ထိုင်နေသည့် လူတွေနားသွား၍ လက်နှင့်တို့သည်။ မျက်နှာကို စေ့စေ့မော့မော့ ကြည့်သည်။ ပြီးတော့ နှုတ်မှ တအီအီ အော်ပြ၏။

"သမီးဖြူမ ဘယ်ရောက်နေပြီလဲ... သမီးဘယ်မှာလဲ သမီးကို ရှာပေးကြပါ၊ သမီးကို ပြန်ခေါ်ပေးပါ"

သည်နှယ်ပင် အသနားခံ၍ ပြောနေပြီလား ထင်ရပါတော့သည်။

စူဇီ သည်လို လုပ်ပြီဆိုလျှင် အိမ်သားတွေလည်း သူ့သောကကို မကြည့်ရက်သလိုနှင့် ဘာမှမပြောဘဲ ထထွက်သွားကြတာ မြင်နေရပြန်သည်။

"သူ့အဖေဆီကို ရောက်သွားတာပါ သမီးရယ်၊ နင့်သမီး ဒုက္ခမရောက်ပါဘူး"

အမျိုးသမီးက ပြောနေသော်လည်း စူဇီကတော့ နားလည်မည် မထင်ပါ။ ပူပန်သောက ရောက်စွာနှင့်ပင် ပေါင်ကို လက်ဖြင့်ကုတ်၍ မျက်နှာကို စူးစိုက်မော့ကြည့်ရင်း တအီအီ အော်နေဆဲပင်။

***

(၇)

ထိုနေ့မှစ၍ စူဇီသည် လူတို့ကို မယုံတော့ပြီလား မသိ။ ခါတိုင်းနှယ် ပလူးပလဲ မလုပ်။ မှုန်ကုပ်ကုပ် ရှုတည်တည်နှင့် အနေစိမ်းလာသည်။

တချောင်ချောင်မှာ ခပ်မှိုင်မှိုင်ခပ်ကုပ်ကုပ် ခွေနေတတ်သည်။
အိမ်သားတစ်ယောက်ယောက် အပြင်မှပြန်လာတိုင်း အမြီးကိုခါ၊ ခါးကို နွဲ့နေအောင် လှုပ်ယမ်း၍ အငမ်းမရ ကြိုတတ်သောအလုပ်ကို မလုပ်တော့။

အစားပျက်၊ အအိပ်ပျက်နှင့် နောက်ဆုံး တက်သည့်အဆင့် ရောက်သွားရပါသည်။

"လပြည့်လကွယ် မွေးတဲ့ ခွေးတွေက ယင်ငယ်က တက်ဖူးရင်ဖြစ်ဖြစ်၊ အရမ်း ခံစားလိုက်ရရင် ဖြစ်ဖြစ် လပြည့်လကွယ်နားနီးလို့ ကျန်းမာရေးညံ့ရင် ပြန်တက်တတ်တယ်" ဆိုသည့် ဆရာဝန်၏စကားကို ပြန်ကြားယောင် နေမိပြန်ပါ၏။

စုဇီ ဘယ်လောက်အထိ ခံစားလိုက်သည်ကို နားလည်စွာဖြင့် ရင်မှာကူးစက် ထိခိုက်မိပါတော့သည်။

ရွှေသမင်မဂ္ဂဇင်း

၁၉၉၂ ခု၊ မတ်လ။

***

## ရေတွင်းကလေး

(၁)

မြေလတ်ပိုင်းမှာတည်ရှိသော ကျွန်တော်တို့ရွာကလေးသည် နွေရောက်ပြီဆိုလျှင် ရေရှားပါးစမြဲ။ တစ်ရွာလုံးမှာရှိသော ရေတွင်းတိုင်းလိုလို ရေခမ်းတတ်စမြဲ။ အောက်စမ်း ဆုတ်သွားတာဟု လူကြီးတွေပြောတာ မှတ်မိနေပါသည်။ အညာနွေလို ပူပြင်းသောနေက ရေကိုစုပ်ယူ ခန်းခြောက်စေသလားတော့မသိ။ နွေရောက်ပြီဆိုသည်နှင့် ရေတွင်းတွေမှာ ရေက ဖင်ကပ်သာကျန်၍ နောက်နောက်ကျိကျိ ဖြစ်နေတတ်သည်။ ထိုရေ နောက်နောက်ကျိကျိကိုပင် ချိုးရေသုံးရေအဖြစ် အသုံးပြုနေကြရပြန်၏။

ရွာနှင့်မလှမ်းမကမ်း ရွာပြင်ဘက်မှာတော့ သောက်ရေတွင်း တစ်တွင်းရှိပါသည်။ တစ်ရွာလုံးမှာရှိသော ရေတွင်းများမှ ရေသည် သောက်၍မကောင်းဟု ရွာသားများက ယူဆလျက် ရွာပြင်ရေတွင်းမှ ရေကိုသာ ခပ်ယူသောက်သုံးကြသည်။ ထိုရွာပြင်တွင်းသည် သောက်ရေအတွက် သီးသန့်သုံးရန်ဟု မည်သူကမျှ ညှိ၍မထားဘဲနှင့် တစ်ရွာလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံလာကြသည်။ ထူးဆန်းသည်မှာ ထိုရွာပြင်ရေတွင်းသည် နွေကာလမှာလည်း ရွာထဲက ရေတွင်းများနယ် ရေမဆင်းခြင်းပင်၊ ရွာပြင်တွင်းက ရေဆုတ်သည်ဆိုရုံမျှ လျော့သွားကာ ကြည်လင် အေးမြနေစမြဲ။

ထိုရွာပြင်ရေတွင်းသည် ဟိုး ရှေးနှစ်ပေါင်းများစွာကပင် ရှိနေသော ရေတွင်းတစ်ခုဟု ရွာမှလူကြီးများက ပြောကြသည်။ လယ်ကွင်းပြင်များ ဝန်းရံလျက်ရှိသော ကုန်းကမူလေးပေါ်မှာ ထိုရေတွင်းကလေး တည်ရှိပါသည်။ ရေတွင်းဘေးမှာ ထန်းပင်သုံးပင် ပေါက်နေ၏။ ရေတွင်းမှ အုတ်ခဲများသည် ယခုခေတ် အုတ်ခဲများနှင့် မတူဘဲ ပို၍ ကြီးမားရှည်လျားနေတာ သတိပြုနိုင်ပြန်သည်။ ရှေးခေတ်အုတ်ခဲများသည် ထိုကဲ့သို့ပင် ပို၍ကြီးမားရှည်လျားသည် ဆိုပန်၏။ မြေပြင်မှနေ၍ ခါးစောင်းလောက် အမြင့်အထိ အုတ်များစီထားသော်လည်း အင်္ဂတေကိုင်ထားခြင်း မရှိပါ။ ရေတွင်းပတ်ပတ်လည်မှာလည်း အမြင့်တစ်ညီတည်းဖြစ်အောင် အုတ်ခဲများ ရှိမနေတော့ပါ။ တောင်ဘက်ခြမ်းသည် အုတ်အပြည့် ရှိနေသော်လည်း မြောက်ဘက်ခြမ်းသို့ စောင်း၍

နိမ့်ဆင်းသွားရာ မြောက်ဘက်ခြမ်းသည် မြေပြင်ဒူးဆစ်အထိသာ အုတ်ခဲရှိတော့သည်။ တချို့အုတ်ခဲတို့က ကျိုးပဲ့နေကြပြီ။ ရေတွင်းနှင့်မလှမ်းမကမ်းမှာ အုတ်ခဲကျိုး သုံးလေးလုံးကိုလည်း တွေ့ရပြန်၏။ နွားကျောင်းသားများက ခြေလက်ဆေးသူများ ရေတွင်းအုတ်ရိုးမှယူပြီး ပြန်မထားတာ ဖြစ်ချင်ဖြစ်မည်။ တစ်ခါတစ်ရံမှာလည်း ရေတွင်းထဲမှရေကိုင်ငင်ရင်း ထိမိခိုက်မိကာ ရေတွင်းနှုတ်ခမ်းမှ အုတ်ခဲတို့ ရေတွင်းထဲသို့ ပြုတ်ကျသည်ကို ကြုံဖူးတွေ့ဖူးသည်။ ထိုရေတွင်းမှာ ရေငင်နေရသည့် မောင်းတံအသေမရှိဘဲ ရေခတ်သူတို့က ကိုယ့်ရေပုံးနှင့် ကြိုးကိုယူလာပြီး ရေငင်ခတ်ကြရ၏။

ကျွန်တော်တို့ကလေးတွေကို လူကြီးများက ထိုရေတွင်းမှာ ရေမခတ်ခိုင်းကြ။ အုတ်တွေက မခိုင်မခန့်နှင့်မို့ ရေငင်ရင်း ရေတွင်းထဲ ကျသွားမှာ စိုးရိမ်ကြသည်။

တစ်ရွာလုံးက အားထားသောက်သုံးနေရသော သောက်ရေတွင်းမို့ ပြန်လည်ပြုပြင်ရန် လူကြီးတွေ စီစဉ်ကြသော်လည်း အထမမြောက်ခဲ့။

ပြန်လည်မပြုပြင်နိုင်သေးသော်လည်း ထိုရေတွင်းလေးသည် တစ်ရွာလုံး၏ အသက်သခင် သောက်သုံးရေကို ပေးဝေရာဟုတော့ အားလုံးက အသိအမှတ်ပြုကာ ထိုရေတွင်းလေး ကျေးဇူးကို မမေ့လျော့ကြပါ။

***

(၂)

ထိုရေတွင်းကလေးနှင့် ယှဉ်တွဲလျက် ဖိုးပြားတို့သားအဖကိုလည်း ကျွန်တော် သတိရမှတ်မိနေပါသေးသည်။ ဖိုးပြား၏သားက ဆိုးပုံ၊ ဖိုးပြားတို့သားအဖသည် ရွာအစွန်ဆုံး တဲငယ်ကလေးတစ်ခုမှာ နေကြပါသည်။ ဖိုးပြားနှင့်ဆိုးပုံဟု တစ်ရွာလုံးက ခေါ်ကြသလို ကျွန်တော်တို့ကလေးတွေကလည်း နှုတ်ကျိုးနေတော့သည်။ ဖိုးပြားသည် ငယ်ငယ်က သွတ်သွတ်ခါအောင် ရူးဖူးသူဖြစ်၍ ကျွန်တော်တို့ မှတ်မိသောအရွယ်မှာတော့ ခပ်ယဉ်ယဉ်လေးသာ ရူးနေသူဖြစ်၏။ သူ့ခြံထဲမှာ လျှောက်ရင်း တစ်ခါတစ်ရံ တစ်ယောက်တည်း စကားတွေ ပြောနေတတ်သည်။ ရယ်ချင်ရယ်၍ ငိုချင်ငိုနေတတ်သည်။ အလုပ်ကို လုပ်ရမှန်းတော့ သူသိနေပါသေး၏။ ထမင်းချက်ချိန်၊ ထမင်းချက်သည်။ သူများအိမ်က ခေါ်ခိုင်းသမျှကို အခဖြင့် ဝင်လုပ်ပေးတတ်သည်။

သူ့သား ဆိုးပုံကတော့ သူငယ်ငယ်က သွတ်သွတ်ခါရူးသလို ရူးနေသူပင်။ ကြုံရာအိပ်၍ ကြုံရာမှာစားသည်။ အဝတ်အစား မလဲ။ ရေမိုး မချိုး၊ ရွာရိုးကိုးပေါက် လျှောက်သွားနေလေ့ရှိ၏။ ဆိုးပုံသည် ရွာသူရွာသားတွေကို ဒုက္ခမပေး။ ကြမ်းကြမ်းတမ်းတမ်းတော့ မရှိလှ။ သူ သိပ်စိတ်ဖောက်ပြန်လာလျှင် အော်ဟစ်ဆဲဆိုတတ်သည်။ မန်ကျည်းပင် သို့မဟုတ် သရက်ပင်လို အပင်ကြီးကြီးတစ်ပင်ကို ဝါးရင်းတုတ်ဖြင့် အဆက်မပြတ် ရိုက်နေလေ့ရှိသည်။ ထိုအခါမျိုးတွင် လမ်းသွားရင်း တွေ့သည့်ရွာသားတစ်ဦးဦးက ဝင်တားလျှင်လည်း မရ။ သူဘာမှမကြားသည့်ပုံ သူလုပ်ချင်ရာကို ဆက်လုပ်နေမြဲ။ သည်အခါမျိုးမှာ တစ်ဦးဦးက သူ့အဖေဖိုးပြားကို

သွားပြောရသည်။ ဖိုးပြားက နှုတ်မှ တတွတ်တွတ် ရေရွတ်ရင်း လိုက်လာလေ့ရှိ၏။ ဆိုးပုံဟု ခေါ်လိုက်လျှင် ဆိုးပုံ၏ ခေါင်းသည် ဖိုးပြားထံသို့ ချာကနဲလှည့်လာတတ်၏။

"လာ လိုက်ခဲ့ အိမ်ပြန်မယ်၊ တစ်ရွာလုံးက မင်းကို အရူးထင်နေတော့မှာပဲ"

ဖိုးပြားက ဒါပဲပြောသည်။ ဆိုးပုံသည် သူ့လက်ထဲက ဝါးရင်းတုတ်ကို လွှင့်ပစ်လိုက်ပြီး ဖိုးပြားနောက် လိုက်သွားတော့၏။

ဆိုးပုံက ရူးတော့ရူးတယ် သူ့အဖေကိုတော့ အချစ်သား။ သူ့အဖေ စကားကိုတော့ နားအထောင်သားဟု ဝိုင်းကြည့်နေသော ရွာသားများက မှတ်ချက်ချလေ့ရှိသည်။

ဆိုးပုံ တစ်ခုခုမဟုတ်တာ လုပ်နေတုန်း တွေ့လျှင် ရွာသားတွေက မင့်အဖေဖိုးပြားလာပြီ ပြောလိုက်လျှင် ဆိုးပုံ ဆက်မလုပ်တော့။ ဆိုးပုံကို ပြောချင်လျှင် သူ့အဖေဖိုးပြားနှင့် ခြောက်၍ ပြောရလေ့ရှိသည်။

"ဆိုးပုံ မိုးရွာကြီးထဲမှာ လျှောက်မနေနဲ့ လာ တင်းကုပ်ထဲဝင်နေစမ်း၊ မင်းအဖေဖိုးပြား လိုက်လာပြီ"

ဒီလိုပြောလိုက်လျှင် မိုးရွာထဲမှာ အခေါက်ခေါက် အခါခါ ပြေးသွားရင်း အော်ဟစ်နေသော ဆိုးပုံ အပြေးရပ်ကာ လှမ်းခေါ်သူ၏ တင်းကုပ်ထဲမှာ ဝင်၍ မိုးခိုနေသည်။

မန်ကျည်းပင်ပေါ် တက်နေသော ဆိုးပုံကို လိမ့်ကျသေမယ် မတက်နဲ့ဟု ပြောလျှင် ဆိုးပုံနားမဝင်။ မင့်အဖေဖိုးပြားကို သွားတိုင်လိုက်ရမလား ဆိုပါက ပြန်ဆင်းလာသည်။

ဆိုးပုံ သည်လောက်အထိ သူ့အဖေဖိုးပြားကို ကြောက်ရွံ့တတ်သူ။ အရူးဆိုပေမယ့် ဖအေကို ဖအေမှန်းသိကာ ကြောက်စိတ်ရှိသူဟု တစ်ရွာလုံးက နားလည်ထားကြပြန်၏။

***

(၃)

နွေရောက်ပြီဆိုလျှင် အလွန်ပူပြင်း၍ ရေကလည်းရှားလှသဖြင့် ရွာသူရွာသားတို့ အိမ်ပြင်ကို သိပ်မထွက်ကြ။ မနက်ပိုင်းမှာ အပြင်ထွက် အလုပ်လုပ်ကြပြီး၊ နေမြင့်လာသည်နှင့် အိမ်တွင်းမှာ လုပ်ရသော အလုပ်များသာ လုပ်လေ့ရှိသည်။

အိမ်နောက်ဘေးဘက်မှာ ကလဖျင်ထိုးကာ အင်ဖက်ပျစ်ခြင်း၊ ထရံယက်ခြင်း စသည့် နေရိပ်မှာ လုပ်ရသည့်အလုပ်များကို လုပ်ကိုင်ကြသည်။ ရွာပြင်မပြောနှင့် ရွာထဲမှာလျှောက်သူပင် မရှိသလောက်။ တစ်ရွာနှင့်တစ်ရွာ အသွားအပြန် သွားသူပြန်သူလောက်သာ ရွာပြင်မှာ တွေ့ရတတ်၏။

သည်အချိန်မှာ ရွာထဲလျှောက်နေလေ့ ရှိသူကတော့ ဆိုးပုံပင်။ ဆိုးပုံသည် နေပူရှိန်ပြင်း၍လား မသိ ပို၍ စိတ်ဖောက်ပြန်သည့် လက္ခဏာများ ပြတတ်သည်။ ပို၍ကြမ်းရမ်းသည့် အမူအရာများ ရှိလာတတ်သည်။ ပို၍ ယုတ်ရင်းကြမ်းတမ်းစွာ ဆဲဆိုတတ်လာသည်။ အရင်ကလို ပြောလို့ဆိုလို့ သိပ်မကောင်း။ ထိုင်နေလျှင်လည်း ခဏလေးသာ၊ ဟိုပြေးသည်ပြေး ဂဏာမငြိမ်ချင်။ သူ့အဖေဖိုးပြားနှင့် ခြောက်လျှင်လည်း ခဏသာရ၏။ ဖိုးပြားလာပြီ ဆိုလျှင်လည်း ခဏသာပြောရသော်လည်း ဖိုးပြားက တကယ်မလာမှန်းသိတော့ သူလုပ်ချင်ရာလုပ်တတ်သည်။

တစ်နေ့တော့ မြေပဲခင်းထဲက မြေပဲပင်တွေ နှုတ်နေတာမြင်လို့ မင်းအဖေ ဖိုးပြား သွားခေါ်မယ် ဆိုတော့ အနှုတ်ရပ်သွားသည်ဟု ကိုကြီးဒွေးက ပြောပြသည်။ ပြီးတော့ မြေပဲခင်းကနေ ရွာထဲ မနည်းချော့ခေါ်လာရသည် ဟုဆို၏။ သည်လိုနေ့ရက်တွေမှာတော့ ဆိုးပုံကိုလည်း ခါတိုင်းနယ် သူတို့ ကြည့်ပြောမနေနိုင်ကြ။ တော်ရုံတန်ရုံဆိုလျှင် မမြင်ချင်ယောင် မသိချင်ယောင် ဆောင်နေကြသည်။ နေမြင့်လေ အရူးရင့်လေ ဆိုတဲ့စကားရှိတယ်မဟုတ်လား ဟု ဦးကြီးဒွေးတို့ ပြောတတ်၏။

***

(၄)

နွေတစ်ရက်မှာတော့ တခြားရွာမှာ နာရေးကိစ္စရှိလို့ သွားမေးပြီး ဦးကြီးဒွေး ရွာကို ပြန်လာခဲ့သည်။ အချိန်က မွန်းတည့်နီး။ နေပူရှိန် အမြင့်ဆုံး ရောက်နေချိန်။ ရွာနားရောက်တော့ ရွာအပြင်က ရေတွင်းကလေးကို လှမ်းမြင်နေရသည်။ ရေတွင်းကလေးဘေးမှာ ဟိုလျှောက် သည်လျှောက်လုပ်နေသည့် ဆိုးပုံကို ဦးကြီးဒွေး တွေ့၏။

"နေကပူပါဘိနဲ့။ ဘာလုပ်နေတာလဲ... ဆိုးပုံ လာ ရွာထဲပြန်မယ်" အနားရောက်တော့ ဆိုးပုံကို ဦးကြီးဒွေးက လှမ်းပြောသည်။ ဆိုးပုံက မကြားသလိုနှင့် ဦးကြီးဒွေးကို ပြန်မကြည့်။ ရေတွင်းအုတ်ဘောင်ပေါ် တင်ပါးလွှဲချ ထိုင်လိုက်၏။

"လိမ့်ကျမယ် ဆိုးပုံ...၊ ဆင်း... ဆင်း... ငါ မင်းအဖေဖိုးပြားကို သွားခေါ် လိုက်ရမလား"

ဆိုးပုံ ရေတွင်းဘောင်ပေါ်က ဆင်းလိုက်သည်။

"လာ ရွာထဲပြန်မယ်"

ဆိုးပုံက နောက်ကျောပေးရပ်ရင်း ရေတွင်းဘက်ကို လှည့်သည်။

"ဆိုးပုံ... မင်းပြောလို့မရဘူးလား"

ဦးကြီးဒွေးစကားအဆုံးမှာပင် ဆိုးပုံက ရေတွင်းဘောင်ပေါ်မှ အုတ်ခဲတစ်လုံးကို ရေတွင်းထဲ တွန်းချလိုက်သည်။ အုတ်ခဲရေတွင်းထဲကိုကျ၍ ရေကို အရှိန်ဖြင့်ရိုက်သံ ဝုန်းကနဲထွက်လာ၏။

"ဟာ... ဆိုးပုံ ဘာလုပ်တာလဲ၊ မလုပ်ရဘူးကွ၊ မလုပ်ရဘူး"

ဦးကြီးဒွေး ပြောနေစဉ်မှာပင် ဆိုးပုံက အုတ်ခဲတွေကို တစ်လုံးပြီးတစ်လုံး တွန်းချလိုက်ပြန်၏။

"ဟာ... ဟာ... သွားပါပြီကွာ၊ မလုပ်နဲ့ဆိုးပုံ မလုပ်နဲ့၊ မင့်အဖေ ဖိုးပြားလာပြီ၊ ငါ ဖိုးပြားကို သွားခေါ်မယ်"

ဆိုးပုံကကြားဟန်မတူ အုတ်ခဲတွေကို ရေတွင်းထဲဆက်ပြီး တွန်းချပြန်၏။

ဦးကြီးဒွေးက ချက်ချင်း ဆုံးဖြတ်လိုက်သည်။ သူပြောလို့ ရတော့မည် မဟုတ်မှန်း သိလိုက်၏။ ရွာစွန်မှ ဖိုးပြားတဲဆီကို သုတ်ခြေတင်သည်။ ဖိုးပြားကို သွားခေါ်ရုံမှလွဲ၍ ဘာမှလုပ်စရာမရှိမှန်း သူသိလိုက်၏။

"ဖိုးပြား... ဖိုးပြား"

တဲအပြင်မှ လှမ်းခေါ်တော့ ဖိုးပြားထွက်လာသည်။

"ဆိုးပုံ ရေတွင်းထဲ အုတ်ခဲတွေ တွန်းချနေတယ်ကွ၊ လာ လိုက်ခဲ့စမ်း... တားစမ်းပါဦးကွ၊ ငါဘယ်လိုမှ ပြောမရတော့ဘူး"

ဦးကြီးဒွေး စကားဆုံးတော့...
"ဒီအရူးကြောင့် ခက်တယ်"
ဟု ဖိုးပြားက ညည်းညည်းညူညူပြောရင်း ရှေ့က ထွက်သွားသည်။ ဦးကြီးဒွေးက ဖိုးပြားနောက်မှ ခပ်သုတ်သုတ်လိုက်သွား၏။ ရွာအစွန်မှာရှိသော ဖိုးပြားတဲနှင့် ရွာပြင်သောက်ရေတွင်းက သိပ်မဝေးလှ။

***

(၅)

"ဟေ့ကောင်... ဆိုးပုံ မင်းဘာလုပ်တာလဲ"

အနားရောက်သည်နှင့် ဖိုးပြားက လှမ်းအော်လိုက်၏။ ဖိုးပြားအသံကို ရုတ်တရက် ကြားလိုက်ရတော့ ဆိုးပုံက ဖိုးပြားကိုလှမ်းပြီး ကြောင်ကြည့်သည်။

"လာခဲ့... ဆိုးပုံ ရေတွင်းထဲကို ဘာလို့ အုတ်ခဲတွေ တွန်းချနေရတာလဲ၊ ဒါ သောက်ရေတွင်းကွ မင်းမသိဘူးလား"

ဖိုးပြားက ဆက်ပြောသည်။ ဆိုးပုံက ကြောင်ကြည့်နေရာမှ အကြည့်ကိုလွှဲကာ...

"မသိဘူးကွာ... မသိဘူးကွာ"
ဟု အော်ရင်း အုတ်ခဲတွေကို ရေတွင်းထဲသို့ ဆက်တိုက်တွန်းချနေတော့၏။

"ဟော့ကောင် ဆိုးပုံ"

ဆိုးပုံ တစ်ချက်မော့ကြည့်သည်။ ဖိုးပြားက ဆိုးပုံအနားကို ကပ်သွား၏။ ဦးကြီးဒွေးက ဘာမှဝင်မပြောဘဲ ကြည့်နေသည်။

"မင်း ပြောလို့မရဘူးလား"
"ဝုန်း"

နောက်တစ်လုံး...။

"ဒါ သောက်ရေတွင်းကွ"
"ဝုန်း"

ဖိုးပြားစကားတစ်ခွန်းပြောတိုင်း ဆိုးပုံက အုတ်ခဲတစ်လုံး ရေတွင်းထဲ တွန်းချသည်။

"ဆိုးပုံ မင်းပြောလို့မရတော့ဘူးလား"
"ဝုန်း... ဝုန်း"

နှစ်ခဲကို ဆက်တိုက်တွန်းချတာတွေ့သည်။

"ကဲကွာ... ပြောမရဦးကွာ၊ ပြောမရဦး"

ဖိုးပြားရော ဆိုးပုံ သားအဖနှစ်ယောက်လုံး ရေတွင်းဘောင်ပေါ်မှ အုတ်ခဲတွေကို တွင်းထဲတွန်းချနေတာ ကြည့်ရင်း ဦးကြီးဒွေးနှုတ်မှ အယောင်ယောင် အမှားမှားအော်သည်။

ပြီးတော့... ရွာဘက်ကို အပြေးလာခဲ့မိတော့၏။

အရူး သားအဖနှစ်ယောက်၏ အုတ်ခဲတွေ တွန်းချသံ တဝုန်းဝုန်းကို နောက်ခိုင်းပြေးလာသော ဦးကြီးဒွေး ကြားနေဆဲ...။

***

(၆)

ရွာထဲမှ လူကြီးတွေကို ဦးကြီးဒွေးခေါ်ပြီး ပြန်ရောက်လာစဉ်မှာတော့ ရေတွင်းဘောင်မှ အုတ်ခဲများ မရှိတော့ပြီ။ ရေတွင်းကလေးသည် အုတ်ဘောင်မရှိတော့ဘဲ မြေနှင့်တပြေးညီ ဖြစ်နေပြီ။ တွင်းဘေးမှာ မောမောပန်းပန်း ထိုင်နေသော အရူးသားအဖကိုသာ တွေ့ရတော့သည်။

ရွာလူကြီးများက ရေတွင်းလေးထဲကို ငုံ့ကြည့်ကြသည်။ ဒုတ်ခဲတွေ အတော်များများကျပြီး ရေတွင်းလေးထဲမှ ရေများလည်း သုံးလို့ရတော့မည် မဟုတ်မှန်းနားလည်တော့၏။

အဲဒီညနေမှာပဲ တစ်ရွာလုံးလူတွေစုပြီး ရေတွင်းကလေးကို ပြန်ဆည်ခဲ့ရသည်။ ရေတွင်း ပြန်ဖော်ခဲ့ရသည်။

***

(၇)

နွေရောက်ပြီဆိုလျှင် ကျွန်တော်တို့ရွာပြင်မှ သောက်ရေတွင်းကလေးကို လည်းကောင်း၊ တစ်ဆက်တည်းမှာပင် ဆိုးပုံနှင့် ဖိုးပြားကို လည်းကောင်း ကျွန်တော် မကြာမကြာ သတိတရ ရှိနေတတ်ပါ၏။

*အရှိန္ဒမာမဂ္ဂဇင်း*

*၁၉၉၅ ခုနှစ်၊ မတ်လ။*

*** *** ***

## ကရမက်ပင်မဟုတ် ဝါးပင်မဟုတ်

(၁)

အမေ့အခြေအနေ မကောင်းတော့ဘူး ဟု တယ်လီဖုန်းဝင်လာသည်နှင့် အမေ့အိမ်ကို ကျွန်တော် အမြန်ဆုံးအရောက် ပြေးခဲ့သည်။

***

(၂)

အမေနှင့်ကျွန်တော်သည် တစ်ဦးတည်းသောသားနှင့် အမေ ဖြစ်နေပါလျက် သာမန် သားအမိတွေထက်ပင် ဝေးနေပါသလားဟု အခါခါ စဉ်းစားမိသေးသည်။

ကျွန်တော်ငယ်စဉ် လသားအရွယ်မှာ အဖေနှင့်အမေတို့ လမ်းခွဲခဲ့ကြ၏။ အဖေက နောက်အိမ်ထောင် တည်ခဲ့သော်လည်း အမေနှင့် ကျွန်တော့်မွေးစားအမေ (အမေ့အစ်မ)တို့က သူတို့ဘဝကို ကျွန်တော့်အနာဂတ်အတွက် မြှုပ်နှံပစ်လိုက်ကြသည်။ အသက်နှစ်ဆယ်ကျော်ရုံမျှ အရွယ်နှင့် ကျွန်တော့်အဘိုး၏ ဥစ္စာပိုင်ဆိုင်မှုတို့ကြောင့် ကျွန်တော့်အမေအနေနှင့်လည်း နောက်အိမ်ထောင်ပြုရန် ခဲယဉ်းသည့် အနေအထားမဟုတ်ပါ။

ဥစ္စာပစ္စည်းပြည့်စုံ၍ လယ်ပိုင်၊ ဆန်စက်လုပ်ငန်းတို့ဖြင့်သာ မွန်းနစ်နေခဲ့သော အဘိုး၏ မျိုးဆက်မှာ ပညာတတ် ထွန်းပေါက်သူဟူ၍ မရှိ။ လေးတန်းအောင်ရုံ၊ ခုနစ်တန်းအောင်ရုံ ငွေကြေးရှာတတ်ဖွေတတ် သူများသာ ထွန်းကားခဲ့သည်။

"လေးတန်းပဲအောင်ခဲ့တဲ့ ငါတောင် စီးပွားကို ရှာနိုင်သေးတာပဲ၊ စီးပွားရှာတာ ဘာမှမခက်ဘူး၊ ပညာရှာဖို့က ပိုအရေးကြီးတယ်၊ ငါ့မြေးကို ပညာတတ်တစ်ယောက် ဖြစ်စေရမယ်"

ထိုစဉ်က ကျွန်တော့်အဘိုး၏ ထိုအယူအဆကို ကျေနပ် လက်ခံနိုင်သူ နည်းပါးလှသည်။ လယ်တွေများများ ပိုင်လာမယ်… လယ်ထွက်စပါးကို ကုန်ချောလုပ်လို့ရအောင် ဆန်စက်တွေ တည်မယ်…၊ ဒါဆို ချမ်းသာလာနိုင်တာပဲ၊ ဒါတွေလုပ်ဖို့ အတန်းပညာတွေ လိုပါသတဲ့လား။ ကျောင်းနေဖို့ ငွေတွေ၊ အချိန်တွေ ရင်းနှီးနေရမှာတဲ့လား။ အများက သည်လိုသာ သမရိုးကျ မြင်ခဲ့ကြသည်။

အမြင်အတွေး ရှေ့ကိုပြေးလွန်းသော အဘိုးနှင့် ရိုးအေးပြီး သမရိုးကျ အတွေးသာရှိသည့် အဖေတို့၏ပဋိပက္ခက ကြီးသထက်ကြီးလာကာ အဖေက အိမ်ပေါ်မှ ဆင်းသွားခဲ့တော့သည်။

"နင့်ဘာသာ စဉ်းစား၊ နင့်သား တိုးတက်အောင်မြင်ဖို့ ပညာတတ်တစ်ယောက်အဖြစ် ထွန်းပေါက်ဖို့ဆိုတာ နင့်ယောက်ျားလက်ထဲမှာ မဖြစ်နိုင်ဘူး။ အေး… လူချမ်းသာတစ်ယောက် ဖြစ်ချင် ဖြစ်လာလိမ့်မယ်၊ လူအများ အသိအမှတ်ပြုတဲ့ လူတစ်ယောက်ဖြစ်အောင်တော့ လုပ်ပေးနိုင်မယ် မထင်ဘူး"

အိမ်ပေါ်မှ ဆင်းသွားသောအဖေက အမေ့ကို လာခေါ်ချိန်မှာ အဘိုးပြောသော စကား။

ပွင့်လာသော ပန်းတို့နောက်ကွယ်မှ ဉယျာဉ်မှူး၏ အရေးကြီးပုံကို အဘိုးက နားလည်သည်။ သည်အချိန်မှာ အဘိုးက စီးပွားရေးလုပ်ငန်းတွေထက် ရပ်ရွာလူမှုရေး လုပ်ငန်းတွေကို ဦးစီးပေး ဆောင်ရွက်နေချိန် ဖြစ်နေပြီ။ ငွေကြေးရှာဖွေရန်ထက် သိက္ခာနှင့် နာမည်ကောင်းအတွက် အရောင်တင်ရန်မှာ ပို၍အရေးကြီးကြောင်း အဘိုး လက်ခံထားချိန်ဖြစ်သည်။

အဘိုးစကားသည် အမေ့ဘဝနှင့် သားဘဝနှစ်ခုကို အလဲအလှယ် လုပ်ခိုင်းနေလေသလား။ အမေနလုံးသားကို မြေဆီမြေနှစ်သဖွယ်ပြုလျက် ကျွန်တော့်ဘဝအပင်ကို ရှင်သန် ကြီးရင့်စေချင်ပါသတဲ့လား။ နောက်ဆုံးမှာ အမေသည် ကျွန်တော့်ဘဝအတွက် အလေးသာပစ်လိုက်သည်။

အမေ့အစ်မ (ကျွန်တော့်ဒေါ်ကြီး) သည်လည်း ကျွန်တော့်ကို မွေးစားလိုက်ကာ အိမ်ထောင်မပြုဖို့ ဆုံးဖြတ်လိုက်သည်။ သို့နှင့် အမေနှင့် ကျွန်တော့်မွေးစားအမေတို့သည် ကျွန်တော့်ဘဝ မြစ်အတွက် အတိုက်အစားခံ ကမ်းနစ်ဘက် ဖြစ်လာခဲ့တော့၏။

ကျွန်တော်သည် စက္ကူစွန်တစ်ခုဖြစ်ခဲ့လျှင် အဘိုးသည် ကျွန်တော့်ကို အမြင့်ဆုံးရောက်အောင် လွှတ်တင်နေသည့် စွန်လွှတ်သူတစ်ဦး ဖြစ်မည်။ ကျွန်တော်

အထက်ကိုတက်သွားတာ ကြည့်ရင်း ကြည့်ရင်း အဘိုး ပီတိဖြစ်နေမည်မှာ မလွဲ။ ကျေနပ်ကြည်နူးနေမည်မှာ မလွဲ။

အမေကတော့ အဘိုးလက်တွင်းမှ ရစ်ဘီးတစ်ခုနှယ်သာ။ ရစ်ဘီးနှင့်စွန်တို့မှာ တဖြည်းဖြည်း ဝေး၍ ဝေး၍သာ သွားရပါတော့သည်။

ငယ်စဉ်ကတည်းက ကျွန်တော်သည် အဘိုးနှင့်အဘွား၏ သားအဖြစ် ရိုက်သွင်းထားခဲ့ခြင်းမှာလည်း အမေနှင့် ခပ်စိမ်းစိမ်း ဖြစ်စေခြင်း၏ အကြောင်းတစ်ခုဟု နားလည်လာသည်။ အဘိုးသည် ကျွန်တော့်ဘဝ၏ စံပြပုဂ္ဂိုလ်ဖြစ်ပြီး ကျွန်တော့်ဘဝ၏ ပန်းပုဆရာဟု နားလည်ထားခဲ့သည်။ အမေနှင့် ကျွန်တော့်မွေးစားအမေတို့သည် အဘိုး ပန်းပုထုဆစ်ရာ အသုံးပြုသည့် 'ဆောက်' လက်နက် ကိရိယာမျှသာ ဖြစ်တော့မည်။

ဆယ်တန်းအောင်တော့ ကိုယ့်မြို့ကိုယ့်ရွာမှာ ပြန်ရောက်လာနိုင်တာပေါ့ အတွေးနှင့် ကျောင်းဆရာ၊ ဆရာဝန်လိုင်းကို အမေက လျှောက်စေချင်သည်။ တိုးတက်အောင်မြင်တဲ့ လူအများစုဟာ ကိုယ့်ဇာတိကခွါရမှာပဲ။ နိုင်ငံတကာကို ထိုးဖောက်ရမှာပဲ အတွေးနှင့် အဘိုးက အင်ဂျင်နီယာလိုင်း လျှောက်ခိုင်းသည်။

ကျွန်တော် အင်ဂျင်နီယာကျောင်း တက်ရတော့မည်ဆိုတော့ အမေဝမ်းသာမည် ဖြစ်သော်လည်း ဘယ်တော့မှ အဘိုးလောက် သူ့ကို ဂရုမစိုက်ပါလား အတွေးဖြင့် ကြေကွဲမှုရောစွက်နေမည် ထင်ပါသည်။

အဘိုးနှင့်အဘွားဆုံးပြီး ကျွန်တော့်မွေးစားအမေပါ ဆုံးသွားတော့ အမေတစ်ဦးတည်း ကျန်နေခဲ့တော့သည်။ ကျွန်တော့်အိမ်မှာ ဆေးကုသခံဖို့ တစ်လနီးပါးနေရုံမှလွဲ၍ အမေ ကြာကြာမနေနိုင်ခဲ့ပါ။ အလည်ရောက်လာလျှင် တစ်ပတ်နှစ်ပတ်။ ပြီးလျှင် သူ့ခြံသူ့အိမ်ကို လွမ်းလာတတ်စမြဲ။

အမေနှင့်အတူ ကျွန်တော့်တူဝမ်းကွဲ လင်မယားက ပြုစုစောင့်ရှောက်ရင်း နေခဲ့သည်။ အမေက မြို့မှာမပျော်မှုန်း မနေတတ်မှုန်း နားလည်သော်ငြား ကျွန်တော်ကလည်း အမေ့ရွာ၊ အမေ့အိမ်မှာ နေလို့မရအောင် အရာရာက တားဆီးထားကြပြီပဲ။

***

(၃)

ကျွန်တော် အမေ့အိမ်ကိုရောက်တော့ အိပ်ရာပေါ်မှာ ပက်လက်ကလေး မှိန်းနေသော အမေ့ကိုတွေ့သည်။ အမေသည် အသက်ရှစ်ဆယ်ကျော်ပြီမို့ သည်လိုနှင့်ပဲ ရက်ပိုင်းအတွင်း ဆုံးပါးတော့မည် တွေးရင်း ကြေကွဲသည်။ ကုသသော ဆရာကလည်း ရောဂါအထွေအထူး မရှိသော်လည်း လူကြီးမို့ မျှော်လင့်စရာ နည်းပြီ ဆိုသည်။

ကျွန်တော်ရောက်ပြီး လေးငါးရက်အကြာမှာပင် အမေ့ အခြေအနေက ထူးခြားလာတော့ သူ့ကိုကုသော ဆရာကပင် အံ့ဩဟန်ပြ၏။ အစားအသောက် ဝင်လာသည်။ ရန်ကုန်မှာ အမေပြနေကျ သမားတော်ကြီး၏ အကြံဉာဏ်ပေးမှုတို့ကို အမေ့ဆရာအား ပြောပြပြီး ဆေးဝါးပြောင်းပေးသည်။

ကျွန်တော်ရောက်ပြီး နှစ်ပတ်အကြာ အမေထူထူထောင်ထောင် ဖြစ်လာတော့ သူ့သားရောက်လာလို့ ကျန်းမာသွားပြီဟု ဆွေမျိုးတွေက ပြောသည်။

"ငါက လွယ်ပြီး မွေးရုံမွေးခဲ့ရတာပါ၊ သူက သူ့အဘိုးသားလေ"

ခပ်ပြုံးပြုံးပြောလိုက်သော အမေ့စကားသည် အမေ့နှလုံးသား၏ ခံစားမှုများမှ စိမ့်ယိုစီးထွက်လာတာကို နားလည်လိုက်တော့သည်။

အမေ့အပါးမှာ တစ်လလောက်ကြာနေစဉ် အမေ ထူထူထောင်ထောင် ဖြစ်လာပြီမို့ ရန်ကုန်ပြန်ရန် စဉ်းစား၏။

ပြန်စကားစရမည် ဝန်လေးနေပြန်သည်။

***

(၄)

"မင်းရောက်လာတာ တစ်လနီးပါးရှိရောပေါ့၊ ပြန်ချင်ပြန်တော့လေ၊ ဟောပြောပွဲတွေ ဘာတွေ နီးလောက်ရောပေါ့"

မနက်စောစော အမေကပြောသည်။ အပြောခက်နေတာ အမေရိပ်မိသွားလို့လား စဉ်းစားရင်း စိတ်မကောင်း။

"ဟိုမှာ လုပ်စရာလေးတွေလုပ်ကိုင်ပြီး ကျွန်တော်ပြန်လာခဲ့မှာပါ"

"နေကောင်းသွားပြီပဲ... မင်း အားမှပဲ လာပါ... ငါကလဲ တောမှာ တစ်သက်လုံး နေလာတော့ မင်းတို့မြို့မှာ လိုက်မနေနိုင်ဘူး၊ မင်းကလဲ တောမှာလာနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြန်... ပြန်..."

အရေးကြီးလျှင် ဖုန်းဆက်ဖို့ ကျွန်တော့်တပည့်လေးကို မှာထားခဲ့ရသည်။ ရောက်စက ဖုန်းဝင်လာမလား တထင့်ထင့်။ လူကြုံနှင့်ကြားရသည်မှာ အမေ အလှူတွေဘာတွေတောင် သွားနိုင်နေပြီတဲ့။

အမေ့ဆီ ပြန်မည်ပြန်မည်၊ သူ့နောက်ဆုံးအချိန်မှာ သူ့အနား အများဆုံးရှိနေမှဖြစ်မည်။ သည်လိုတွေးရင်း တွေးရင်းနှင့်ပင် ရန်ကုန်လူမှုဝန်းကျင် လုပ်ငန်းဝန်းကျင်မှာ လည်နေရပြန်၏။

အမေ့ကို သတိရရင်း ကဗျာတစ်ပုဒ် ရေးဖြစ်သည်။

***

(၅)

- *နေ့မရှိဘူး ညမရှိဘူး*
  *နေနဲ့လထက်ထာဝရအလင်းကိုပေးနိုင်တယ် ...*
- *ရာသီမရှိဘူး ရာသီမညှိဘူး*
  *အချိန်တိုင်းမှာပွင့် ပွင့်သမျှလည်းမကြွေ*
  *ပန်းတိုင်းထက် ရနံ့ဝေတယ်...*
- *လှိုင်းမထန်ဘူး ရေမကျဘူး*
  *နှလုံးသားကမြစ်ဖျားခံ*
  *သံသရာထဲစီးဝင်မယ့်မြစ်*
  *အကြည်လင်ဆုံးရေကိုဖြစ်စေတယ်...*
- *သေပြီးမှမွေးတဲ့ ကရမက်ပင်မဟုတ်*
  *တစ်ခါပွင့်ပြီးသေတဲ့ဝါးပင်မဟုတ်*
  *ဒုက္ခအပူတို့ စုပ်မြိုပေးသည့်အရိပ်*
  *ကျွန်တော့်ရဲ့ ဒုတိယနိဗ္ဗာန်ဘုံ*
  *လုံခြုံမှု ငြိမ်းချမ်းမှုကိုပေးဝေ*
- *အမေ...*
- *အမေ...*
- *အမေ...။*

***

(၆)

ကဗျာရေးအပြီးမှာတော့... မနက်ဖြန်ပဲ အမေ့ဆီပြန်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

***မောင်စိန်ဝင်း(ပုတီးကုန်း)***

*** *** ***

## သောင်မထွန်းတဲ့မြစ်

(၁)

ခွေးကလေးမောင်နမကို ဝယ်လာပြီးနောက် အထီးကလေးက ပင်ဒါလေးနှင့်တူသဖြင့် ပင်ဒါဟု အမည်ပေးကာ အနက်စိုစိုခွေးမလေးကိုတော့ စူဇီဟု အမည်ပေးခဲ့သည်။ သူတို့နှစ်ကောင်သည် အမွေးဖွားဖွား ခွေးပုမျိုးကလေးတွေဖြစ်ပြီး အိမ်ပေါ်မှာပဲ အလှမွေးထားခဲ့သည်။

အိမ်ရောက်ပြီး သိပ်မကြာခင်မှာပင် အထီးကလေးပင်ဒါ ဆုံးသွားတော့၏။ ကြက်ရိုးလည်ချောင်းမှာစူးပြီး ဆုံးသွားတာဟု ဆေးခန်းက ပြောသည်။

စူဇီက အဖော်မရှိတော့သောအခါ တမှိုင်မှိုင်ဖြစ်လာသည်။ သူ့အစ်ကို ပင်ဒါကို ဟိုရှာသည်ရှာ လိုက်ရှာသည်။ မတွေ့သည့်အဆုံး ပင်ဒါ၏ အစာခွက်နားမှာ သွားအိပ်နေတော့၏။ သည်လိုနှင့် စူဇီ၏ အထီးကျန်ဒုက္ခကို မကြည့်နိုင်တော့သဖြင့် နောက်ထပ် ခွေးကလေး တစ်ကောင်ကို ထပ်ဝယ်ပြီး မွေးခဲ့ရပြန်သည်။

အမွေးဖြူဖြူလေးနှင့်မို့ ဘိုဖြူဟု သူ့ကို အမည်ပေးခဲ့သည်။ ဘိုဖြူရောက်လာတော့ စူဇီသည် တမှိုင်မှိုင် တတွေတွေမနေတော့။ ဘိုဖြူနှင့်အတူ ပြေးလွှားကစားရင်း ပုံမှန်ပြန်ဖြစ်လာသည်။

သူတို့နှစ်ကောင်သည် စကားမပြောတတ်သည်မှအပ လူ့စကားကို အားလုံးလိုလို နားလည်နေကြသလိုပင်။

***

(၂)

အရွယ်ရောက်လာတော့ သူတို့နှစ်ကောင်သည် သူငယ်ချင်းဘဝမှ ချစ်သူများ ဖြစ်သွားကြဟန်တူ၏။ အတူသွား၊ အတူလာ၊ အတူဆော့ကစားရင်း ပျော်ရွှင်နေကြတာ တွေ့ရသည်။ ကယုကယ နိုင်ပုံမှာလည်း အဖြစ်သည်းရန်ကောဟု ပြောရမလိုပင်။ တစ်ဦး၏နားရွက်ကို တစ်ဦးက လျှာဖြင့် ယက်ပေးနေသည်ကို မြင်ရသည်မှာ ကြည်နူးစရာ။ အစာခွက်နှစ်ခုကို ပြိုင်တူချမပေးမိဘဲ တစ်ခုတည်းချမိလျှင် နှစ်ကောင်စလုံး မစားသေးဘဲ စောင့်သည်။ နှစ်ခွက်လုံးစုံမှ ပြိုင်တူ စားကြတာ သတိထားမိ၏။ တစ်ခါတစ်ရံ တစ်ကောင် နေထိုင်မကောင်းသဖြင့် ဆေးခန်းကိုခေါ်သွားမိလျှင် အိမ်မှာကျန်သည့် တစ်ကောင်က မနေတတ် မထိုင်တတ် ပြေးလွှားအော်ဟစ်နေတော့သည်။

နောက်တော့ ဆေးခန်းသွားလျှင်လည်း နှစ်ကောင်လုံး ခေါ်သွားရတော့၏။ ဘယ်တော့မှ တစ်ကောင်တည်း ခွဲထားလို့မရ။ အပြင်တွေဘာတွေ ခေါ်လျှင်လည်း နှစ်ကောင်လုံး ခေါ်ရတော့သည်။

သည်လိုနှင့်ပင် ဘိုဖြူနှင့်စူဇီသည် အကြင်လင်မယား ဖြစ်သွားကြတော့၏။

***

(၃)

စူဇီ ကိုယ်ဝန်ရှိလာသောအခါ ဘိုဖြူ ဘယ်လောက် ပျော်မည်ကိုတော့ မသိ။ တစ်အိမ်လုံးကတော့ ပျော်နေကြသည်။ စူဇီကို ယခင်ကထက် ပိုပြီး ဂရုစိုက်ကြရသည်။ ဆေးခန်းသွားပြရသည်။ လိုအပ်သည့် အားဆေးတွေ ကျွေးကြသည်။

သို့နှင့် စူဇီ၏ကိုယ်ဝန် အရင့်အမာ ဖြစ်လာသည့်အခါ ဆေးခန်းကို တစ်ခေါက် ရောက်ခဲ့ရပြန်သည်။ ဆေးခန်းမှ ဆရာဝန်နှင့် တရင်းတနီးဖြစ်နေသူမို့ စူဇီကို စမ်းသပ် စစ်ဆေးမှုများ ပြုပြီးသောအခါ ဆရာဝန်က သူ့အနားရောက်လာရင်း-

"ဆရာတော့ အလုပ်ပိုပြီ"

ဟု ခပ်ပြုံးပြုံးပြောသည်။

"ဘာဖြစ်လို့လဲဆရာ"

သူက ပြန်မေး၏။

"ဆရာ့ခွေးမလေးက ခွဲမွေးရမှာ"

"ခင်ဗျာ"

"ဟုတ်တယ်ဆရာ... အထဲက ကလေးတွေက အနေအထား မမှန်ဘူး၊ ပြီးတော့ သားအိမ်က အားနည်းနေတယ်... ဒီအတိုင်းမွေးရင် ခွေးမလေး ဒုက္ခရောက်သွားနိုင်တယ်"

ဆရာဝန်၏ စကားမဆုံးခင်မှာပင် ကားပေါ်မှပါလာသည့် ဘိုဖြူ၏ မျက်နှာကို အတွေးဖြင့်မြင်သည်။ စူဇီသာ ဆုံးသွားပါက ဘိုဖြူ ဘယ်လောက် ခံစားရမည်ကို မတွေးဝံ့။

"ခွဲမွေးရမယ်ဆိုလည်း မွေးရမှာပေါ့ဆရာရယ်... စူဇီကို ဒုက္ခမရောက်ဖို့ အရေးကြီးတာပဲ"

သည်လိုနှင့် စူဇီကိုခွဲစိတ်ပြီး မွေးဖွားဖို့ ညှိနှိုင်း တိုင်ပင်ရတော့၏။ စူဇီရော သူ့ကလေးနှစ်ကောင်ကိုပါ ကျန်းကျန်းမာမာနှင့် ခွဲစိတ် မွေးဖွားနိုင်ခဲ့ပါသည်။

"ဗိုက်ခွဲပြီး မွေးထားတာဆိုတော့ နို့တိုက်လို့တော့ မရဘူးဆရာ၊ ခွေးလေးတွေကို လူကပဲ ဂရုစိုက်ပြီး မွေးပေးရမှာ... နို့ဘူးတွေဘာတွေ တိုက်ရမှာ..."

ဆရာဝန်က လိုအပ်သည်များကို ညွှန်ကြားသည်။ ဆရာဝန်စကားကို အသေအချာ မှတ်သားရင်း ခွေးကလေးတွေကို ဂရုတစိုက် မွေးရတော့သည်။

စူဇီမွေးဖွားပြီး နှစ်ပတ်လောက်အကြာမှာ ခါတိုင်းနယ် လန်းလန်းရွှင်ရွှင် မဟုတ်ဘဲ ခွေအိပ်နေသော စူဇီကို သတိထားမိဖြစ်သည်။

"စူဇီ ထမင်းလဲ ခါတိုင်းလို မစားဘူး၊ နေမကောင်းဖြစ်ပြန်ပြီလား မသိဘူး"

စူဇီကို အနားခေါ်ပြီး အသေအချာ ကြည့်သည်။ ဗိုက်ကို လှန်လိုက်တော့ ခွဲထားသည့်ချုပ်ရိုးက အနာကြီးလို ဖြစ်နေသည်။ ချုပ်ရိုး မကျက်ဘဲ အနာရှိန်ကြောင့် စူဇီဖျားပြီ သိလိုက်၏။

ဆေးခန်းကို သွားရပြန်သည်။ ဆရာဝန်က စစ်ဆေးကြည့်ရှုပြီး ဆေးထည့်ပေးသည်။ ဆေးထိုးပေးသည်။

"ဒီအတိုင်းဆို အနာကျက်မှာ မဟုတ်ဘူး... ဆရာခွေးမက ကလေးတွေကို နို့တိုက်နေတယ်... ဆရာတို့ မသိဘူးလား"

"ဟာ... မသိဘူးဆရာ၊ ကျွန်တော်တို့က ဆရာခိုင်းတဲ့အတိုင်း သူ့ကလေးတွေကို နို့ဘူးအချိန်မှန် တိုက်တာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ကလဲ အိမ်မှာ တစ်ချိန်လုံး မရှိကြဘူးဆရာ... ကျွန်တော်တို့ အပြင်သွားနေတဲ့ အချိန်တွေမှာ... သူနို့တိုက်တာ ဖြစ်မယ်..."

"ကလေးတွေက နို့စို့ရင်း နို့ကိုဆွဲရင်း လျှာနဲ့လျက်လိုက် ဆွဲလိုက်လုပ်တော့ ကြာတော့... ချုပ်ရိုးကအနာ ရင်းလာတာ၊ နို့မတိုက်မှဖြစ်မှာ"

သူ့ကလေးတွေနှင့် အတူဆော့နေ ကစားနေသာပဲ ထင်သည်။ စူဇီက လူအလစ်မှာ နို့တိုက်နေတာ တစ်အိမ်လုံး မသိလိုက်။

"သူ့ကို တစ်ချိန်လုံး ကြည့်နေလို့လဲ မရဘူးဆရာ၊ ဘယ်လို လုပ်ရမလဲ...၊ သူ့ကလေးတွေကို အဝေးတ်ထားတယ် ထင်လားမသိဘူး..."

ဆရာဝန်က ပြုံးပြီးစဉ်းစားဟန်ပြုသည်... ပြီးမှ...

"ဒီလိုလုပ်ဗျာ... သူ့နို့တွေကိုဖုံးတဲ့ ခါးပတ်တစ်ခုချုပ်ပြီး သူ့ကိုယ်မှာ ပတ်ထားပေးလိုက်။ ဒါဆို အနာလဲဖုံးပြီးသား ဖြစ်သွားမယ်"

အိမ်ပြန်ရောက်တော့ ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း စူဇီအတွက် ခါးပတ် ချုပ်ပေးရပြန်တော့သည်။ သည်ခါးပတ်ကို ကိုယ်မှာ ပတ်ထားပေးလိုက်တော့ သူ့ကလေးတွေကို စူဇီ နို့တိုက်လို့ မရနိုင်တော့။

***

(၄)

"စူဇီ အန်နေတာ သုံးလေးရက်လောက်ရှိပြီဆရာ..."

အပြင်ကပြန်ရောက်လာတော့ အိမ်အဖော်ကောင်မလေးက ပြောသည်။

"ကျွန်မ သေချာအောင်ကြည့်နေတာ... သုံးလေးရက် ဆက်တိုက်အန်တယ်"

"ဒီခွေးမ အစာမကြေပြန်ဘူးထင်တယ်။ ရောဂါက တစ်ခုပြီး တစ်ခုပဲ..."

ထိုနေ့က အလုပ်ရှုပ်သဖြင့် ဆေးခန်းသွားရဦးမည်တွေးကာ စူဇီကို အငေါ်တူးပြီး နှုတ်ကထွက်၏။

"သူများထက်ကိုထူးတယ်၊ မွေးတော့လည်း ရိုးရိုးမမွေးဘူး၊ အခု အန်ရပြန်ပြီ"

စုဇီ့ကိုခေါ်ပြီး ခါးပတ်ကိုဖြည်ကာ သူ့အနာကို စစ်ဆေးကြည့်သည်။ အနာက ဆေးမှန်မှန် လိမ်းပေးထားပြီး နှိပ်မတိုက်ရတော့သဖြင့် ပျောက်လုနီး ဖြစ်နေပြီ။ အနာကြောင့်တော့ မဟုတ်ဟု နားလည်လိုက်၏။

စုဇီ့ကို ကားပေါ်တင်ကာ ဆေးခန်းထွက်ခဲ့ရပြန်သည်။

အခုတော့ ဘိုဖြူနှင့် သူ့သားတွေကို အိမ်မှာပဲထားခဲ့လို့ ရပြီလေ။

***

(၅)

"ဆရာရေ... ရောဂါတစ်ခု ဖြစ်ပြန်ပြီ... ဒီကောင်မ အခုတလော သိပ်ချူချာတယ်။ အစာမကြေတာလား ဘာလားတော့မသိဘူး။ စားပြီးသမျှ ပြန်ပြန်အန်တာ သုံးလေးရက်ရှိပြီတဲ့"

လူရှင်းနေသဖြင့် ဆရာဝန်ကိုပြောပြရင်း ညည်းလိုက်၏။

ဆရာဝန်က စုဇီကို လိုအပ်သမျှ စစ်ဆေးကြည့်ရှု၏။ ခါတိုင်းနယ် ဆေးမထိုးသဖြင့် နည်းနည်းတော့ အံ့သြသည်။ အဖျားတိုင်းကြည့်တာ တွေ့သော်လည်း အဖျားရှိဟန်မတူ။

"အဖျား မရှိဘူးလားဆရာ"

မနေနိုင်တော့ပဲ မေးသည်။ ဆရာဝန်က ပြုံးပြီး သူ့မျက်နှာကို ကြည့်၏။

"အဖျားလည်းမရှိဘူး၊ ဘာရောဂါမှလည်း မရှိဘူး"

"ဒါဆို ဘာလို့ အန်အန်နေတာလဲဆရာ..."

"ကျွန်တော်လည်း ချက်ချင်းတော့ ကြောင် တောင်တောင်ဖြစ်သွားတယ်၊ နောက်မှ သူ့ရောဂါကို သိလိုက်တယ်"

"ဘာရောဂါလဲ ဆရာ"

"မိခင်စိတ်ဆိုတဲ့ ရောဂါလေဗျာ..."

"ဘယ်လို... ဆရာ"

"ဩော်... သူ့ကလေးတွေကို နို့တိုက်လို့မရတော့ သူစားထားသမျှကို အန်အန်ပြီး ကျွေးနေတာပေါ့။ ဒါပဲဖြစ်မယ် ခင်ဗျားသတိထားကြည့် သူ့ကလေးတွေရှေ့မှာ အန်နေလိမ့်မယ်"

ဆရာဝန့်စကားအဆုံးမှာ စုဇီမျက်နှာကို အသေအချာ စူးစူးစိုက်စိုက် ကြည့်နေလိုက်မိသည်။

နလုံးသား၌ အမေဆိုသည့်အသံတို့ ပဲတင်ဟိန်းထပ်ကာ မျက်ဝန်း၌ မျက်ရည်တို့ ဘာကြောင့် စို့လာရတော့သည် မသိနိုင်တော့...။

*(အသက်ရှစ်ဆယ်ပြည့်အမေသို့...)*
*၂၀၀၆၊ အောက်တိုဘာလ၊ သရဖူ။*
*မောင်စိန်ဝင်း(ပုတီးကုန်း)*

*** *** ***

## ကရမက်ပင်

(၁)

ရဲရင့်ခြင်းရဲ့ အထိမ်းအမှတ်၊ မြင့်မြတ်ခြင်းရဲ့ သင်္ကေတဟာ ပန်းလေးတစ်ပွင့် ပွင့်နေတာပါပဲ။

***

(၂)

ဘယ်လောက် ကဗျာဆန်လိုက်ပါသလဲ စဉ်းစားရင်း အဘကို လွမ်းလွမ်းဆွတ်ဆွတ် သတိရလိုက်မိသည်။ လေးတန်းပဲ ပညာတတ်တဲ့ ကျွန်တော့်အဘထံမှ သည်လို စကားမျိုးကြားရတာ ငယ်တုန်းကတော့ အလေးအနက် မထားခဲ့မိ။ ကြီးလာမှ တန်ဖိုးထားရကောင်းမှန်း နားလည်ခဲ့သည်။

"ဘယ်သူက ငှါ့ကိုမုန်းမုန်း ဂရုမစိုက်ဘူး။ အမှန်တရားကိုပဲ ဂရုစိုက်တယ်၊ ငါက သူများကိုမုန်းမိမှာကိုပဲ ဂရုစိုက်တယ်"

သည်စကားပြောတုန်းကလည်း အဘက သူများတွေ နားမလည်တဲ့ စကားမျိုးပြောနေတာပဲဟု ငယ်တွေး တွေးဖြစ်ခဲ့သေးသည်။

ဖိတ်ဖိတ်လက်နေသော ကျွန်းစားပွဲကြီးကို ခေါင်းငုံ့ကြည့်တော့ အဘမျက်နှာကို မြင်နေရသလိုလို။ ပြောင်လက်ပြီး အကွက်ထနေသော စားပွဲမျက်နှာပြင်မှာ အဘ၏စူးရှသည့် မျက်ဝန်းတွေက အရိပ်ထင်နေသလို။ ငုံ့နေသည့်ခေါင်းကို ပြန်မတ်ရင်း ရှက်စိတ်ဖြင့် လိပ်ပြာက ငယ်ချင်ပြန်သည်။

***

(၃)

သည်ကျွန်းစားပွဲကြီး ကျွန်တော့်ဧည့်ခန်းကို ရောက်လာပြီးမှ တွေ့သူတိုင်းက တအံ့တသြ ဖြစ်ကြသည်။ အလျားငါးပေခန့်၊ အနံ သုံးပေခန့်၊ အထူ ရှစ်လက်မခန့်ရှိသော ကျွန်းတုံးပြင်ကျယ်ကြီးက ဘေးအနားသတ်တို့၌ သဘာဝအတိုင်း အတွန့်အတက် အချိုင့်အဝှမ်းတွေနှင့် ခံ့ညားထည်ဝါနေ၏။

"ဒါကြီး ခင်ဗျား ဘယ်လိုရတာလဲဗျာ၊ ဒီကောင် အနည်းဆုံး အနှစ်တစ်ထောင်မကဘူးဗျ၊ အလွန်ကြီးတဲ့ ကျွန်းပင်ကြီးပဲ"

တစ်ခါတုန်းက သစ်တောဘဲ့ရ သူငယ်ချင်းလာလည်စဉ်က ကျွန်းစားပွဲကြီးကို အသေအချာ လှေ့လာကြည့်ရင်း ပြောသည်။

"ကျွန်တော့်အဘရဲ့ အမွေဗျ၊ အဘက အဲဒီကျွန်းငုတ်ကြီးကို ခက်ရာခဲဆစ် အိမ်အရောက် သယ်လာရတာတဲ့၊ လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်က နေမှာပေါ့"

သစ်တောမှသူငယ်ချင်းက ကျွန်တော့်အဘ ဘယ်လိုသယ်လာရတာကို သူစိတ်မဝင်စား။ သည်လောက်နှစ်ရင့်ပြီး ကြီးမားတဲ့ကျွန်းပင်ကြီး ပေါက်ရောက်ရာတော၏ တည်နေရာ အနေအထားကိုသာ စိတ်ဝင်တစား ကျွန်တော့်ကို မေးသည်။

တစ်နေ့မှာတော့ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ဖွင့်ပြီး ကြီးပွား ချမ်းသာနေသော သူငယ်ချင်း ရောက်လာ၏။

"ဟာ သူငယ်ချင်း ဘယ်ကလှည့်လာတာလဲ"
"မင့်ဆီကို တမင်လာတာ"

ခြံတံခါးများဖွင့်ရင်း နှုတ်ဆက်သည်။ ကားကိုရပ်ပြီး ကားပေါ်မှ သူငယ်ချင်းက ဆင်းလာရင်း...
"ခင်မောင်သန်းနဲ့ ညကတွေ့တယ်"
"ဟိုတစ်နေ့ကတောင် ငါ့အိမ်ရောက်လာသေးတယ်"

သူက ခေါင်းညိတ်သည်။ ခင်မောင်သန်းဆိုတာ ကျွန်းစားပွဲကြီးကို တအံ့တသြ စိတ်ဝင်စားသွားသည့် သစ်တောဘဲ့ရ သူငယ်ချင်းပင်။

"ဒီကောင်ပြောလို့ ငါလာတာ"
"ဘာလဲကွ"
"မင့် ကျွန်းစားပွဲကြီးကိုကြည့်ချင်လို့"
"မင်းကလည်း နောက်နေပြန်ပြီ"
"မနောက်ပါဘူး၊ ဒါ ငါ့အလုပ်ပဲ"

အိမ်ပေါ်လှမ်းတက်ရင်း ပြောသည်။ သူပြောလိုက်မှပင် သူက ရှေးဟောင်းပစ္စည်းတွေနဲ့ အလုပ်ဖြစ်နေသူပဲဟု အတွေးကရောက်သွား၏။

ဧည့်ခန်းထဲရောက်တော့ သူမထိုင်နိုင်သေး။ ကျွန်တော့်စားပွဲကြီးကို အသေအချာ လှည့်ပတ်ကြည့်နေသည်။

"အံ့သြစရာပဲကွ၊ ဒီလောက်ကြီးတဲ့ ကျွန်းပြားကြီး"

"အတော်ထူးတာကွ၊ လှေစက်တွေ ဘာတွေနဲ့ ခွဲရရင် နှစ်ခုသုံးခု အသာလေးပဲ၊ ငါက ဓားနဲ့ရွှေပြီး ဒီလောက်အထုပဲ ယူထားတာ"

"ခင်မောင်သန်းကပြောတယ်၊ ဒီကျွန်းက နှစ်တစ်ထောင်ထက် မနည်းဘူးတဲ့"

"ငါ့ကိုလည်း ပြောသွားတယ်"

"မင်းရောင်းမလား သူငယ်ချင်း"

"မရောင်းပါဘူးကွာ… ငါ့အဘရဲ့ပစ္စည်းပဲ"

"ငါ့အလုပ် မင်းသိပါတယ်၊ ဒါမျိုးဆို နိုင်ငံခြားသားတွေ အရမ်းမျက်စိကျမှာကွ၊ မင်း လုံးဝကို မတွေးထားတဲ့ ဈေးမျိုးရအောင် ငါပေးနိုင်တယ်၊ ဘယ်လိုလဲ"

သူ့စကားကို ချက်ချင်း သဘောပေါက်လိုက်သည်။ အနည်းဆုံးကွာဆိုပြီး သူက ဂဏန်းတစ်ခု ရွတ်ပြတော့ တကယ်ပင် မက်မောချင်စရာ။

"ဘာလုပ်မှာလဲကွာ၊ ရောင်းလိုက်ပေါ့၊ ရတဲ့ငွေကို တခြားနေရာ သုံးနိုင်တာပေါ့၊ဟုတ်ဘူးလား"

"မရောင်းချင်ဘူးကွာ၊ ဒါပေမဲ့ မင်းပြောတဲ့ဈေးကို ငါ စိတ်ဝင်စားတာလည်း အမှန်ပဲ"

"ဒီလိုလုပ်ကွာ… မင်းငါ့ဆီဖုန်းဆက်လိုက်၊ ငါသွားမယ်"

သူငယ်ချင်းက အကွက်လှလှ အရောင်ပြေးနေသော ကျွန်းစားပွဲမျက်နှာပြင်ကို ငုံ့ကြည့်ရင်း ပြောသည်။

"အေးကွာ… ငါစဉ်းစားမယ်"

ခြံထဲဆင်းပြီး သူငယ်ချင်းကို ကားဆီလိုက်ပို့၏။ ကားထွက်သွားပြီး ခြံတံခါးပြန်ပိတ်ကာ ဧည့်ခန်းထဲပြန်ထိုင်သည်။

***

(၄)

ထင်းတောကိုသွားရင်း တောနက်နက်မှာ သည်ကျွန်းငုတ်တိုကြီးကို အဘတွေ့သည်။ အပင်ရင်းမှ အမြစ်ဆုံကြီးတွေ အမြှောင်းမြှောင်းထနေသဖြင့် ချန်ထားကာ အပေါ်ပိုင်းကိုသာဖြတ်ပြီး သက်ဆိုင်ရာက သယ်ယူသွားခဲ့ဟန်တူသည်။ တောထဲမှ ရွာတစ်ရွာရောက်အောင် အဘသွားပြီး ရွာမှလူကြီးကို အကူအညီတောင်းသည်။ ရွာသား အတော်များများ ကျွန်းငုတ်တိုကြီးဆီ ရောက်လာကြပြီး ဖြတ်တောက်ကာ ကျွဲလှည်းပေါ်တင်ရန် ကြိုးစား၏။ ကျွန်းငုတ်ကြီးက လေးလွန်းသဖြင့် လှည်းပေါ်တင်ဖို့ အခက်အခဲရှိနေသည်။ ကျွန်းငုတ်ရှိသည့်နေရာအထိ မြေကြီးကို ဆင်ခြေလျှောတူးကာ လှည်းကို နောက်ပြန်တွန်းချသည်။ လှည်းနှင့် ကျွန်းတုံးကြီး အနေတော်အထိ မြေကိုတူးထားသောကြောင့် ကျွန်းတုံးကြီးကို လိမ့်ချရုံဖြင့် လှည်းပေါ် ရောက်သည်။ ပြီးမှ လှည်းကို ကျွဲနှင့်ရုန်းစေပြီး ရွာသားတွေက လှည်းဘီးကို ဝိုင်းတွန်းကာ ဆင်ခြေလျှောအတက်ကို ပြန်တက်စေရ၏။

သည်လိုနှင့် ခက်ခက်ခဲခဲ ကျွန်းတုံးကြီး အိမ်ကို ရောက်လာခဲ့သည်။ အဘက ဘာစိတ်ကူးနှင့် သည်ကျွန်းတုံးကြီးကို သယ်လာတာ ဘယ်သူမှမသိ။ အဘနှင့်ပါလာကြသော သူ့တူတွေကလည်း မမေးရဲ၊ အလဟဿတော့ ဒီအထိဒုက္ခခံပြီး သယ်လာမည်မဟုတ်ဟု နားလည်ကြသည်။

အိမ်ရောက်တော့ ကျွန်းတုံးကြီးကို အပြားဖြစ်အောင် ဓားဖြင့်ရွှေစေသည်။ သုံးပေခန့်မြင့်သော အလွန်ကြီးမားသော ကျွန်းပြားမြစ်ဆုံကြီး ဖြစ်လာသည်။

သည်အချိန်က ကျွန်တော်တို့ရွာမှာ ရေကရှားသည်။ တစ်ရွာလုံးမှာမှ ရေအောင်သည့်တွင်းက နှစ်တွင်း၊ သုံးတွင်းရှိ၏။ အဘရေတွင်းက ရေအအောင်ဆုံးမို့ နောက်ဆုံးတစ်ရွာလုံး အဘခြံမှရေတွင်းကိုသာ အားထားရသည်။

အဘက သူ့ကျွန်းပြားမြစ်ဆုံကြီးကို ရေတွင်းဘေးမှာ နေရာချလိုက်၏။ ရေချိုးသူ၊ အဝတ်လျှော်သူ၊ ရွာသူရွာသားတွေအတွက် အဘကျွန်းပြားမြစ်ဆုံကြီးမှာ အလွန်အသုံးဝင်သွားတော့သည်။ တစ်ရွာလုံးက အဘကိုကျေးဇူးတင်လို့မဆုံး။

ကျွန်တော်တို့ကြီးလာတော့ ရွာမှာ စက်ရေတွင်းတွေ အိမ်တိုင်းလိုလို ရှိလာပြီမို့ အဘရေတွင်းကို ရွာသားများ လာစရာမလိုတော့။ အဘ၏ ကျွန်းတုံးကြီးသည်လည်း အသုံးပြုရန်မလိုသော အပိုပစ္စည်းတစ်ခုလို ဖြစ်လာသည်။

ရွာကို ကျွန်တော်ရောက်စဉ် မြေကြီးထဲမှ ထက်ဝက်လောက် ရောက်နေပြီဖြစ်သည့် သည်ကျွန်းတုံးကြီးကို ကြည့်ရင်း စားပွဲလုပ်ဖို့စိတ်ကူးရလိုက်၏။

သည်လိုနှင့် အဘကျွန်းတုံးကြီးသည် အဝတ်လျှော် ရေချိုး အသုံးခံဘဝမှ ကျွန်တော့်လက်ထက် စားပွဲကြီး ဖြစ်သွားရတော့၏။

သည်စားပွဲကြီးကိုငေးရင်း အတွေးက အတိတ်ကိုရောက်သည်။ အဘအကြောင်း တွေးစဉ်မှာပင် ဖျတ်ခနဲ စဉ်းစားမိတာတစ်ခုက လူကို တုန်လှုပ်သွားစေရသည်။

"ကြည့်စမ်း၊ အဘက ဒီကျွန်းတုံးကြီးကို သူ့ကိုယ်ပိုင်အတွက် ခက်ခက်ခဲခဲသယ်ပြီး လာခဲ့တာမှ မဟုတ်တာဘဲ၊ ရွာသူရွာသားတွေအတွက် အများအတွက် အသုံးချခဲ့တာပဲ။ ငါက ငါ့အတွက် ငါ့ဧည့်ခန်းထဲအတွက်"

သည်အတွေးကပင် ကျွန်းစားပွဲကြီးကိုကြည့်ရင်း ရှက်စိတ် ဝင်လာသလိုလို...
"ရောင်းသာ ရောင်းလိုက်မိရင်တော့..."

ကျွန်တော် ဆက်မတွေးရဲတော့ပါ။ လိပ်ပြာငယ်စိတ်က အရာရာကို ခြောက်လှန့်နေသလိုပါပဲ။

***

(၅)

အဘ၏တန်ဖိုးရှိသော စကားတို့ကို နားမှ ပြန်ကြားယောင်ပြန်သည်။

"သစ်ပင်တွေ သေရင် ထင်းဖြစ်တာပဲကွ၊ ကရမက်ပင် သေရင်တော့ သေမှမွှေးပြီး တန်ဖိုး ပိုရှိလာတယ်၊ လူဆိုတာ ကရမက်ပင်လို မသေခင်အရိပ်ပေးပြီး သေရင်မွှေးဖို့ တန်ဖိုးရှိဖို့အရေးကြီးတယ်"

ကျွန်တော်သည် ထင်းဖြစ်သွားမည့် သစ်တစ်ပင် ဖြစ်နေပြီလား။ ကျွန်တော် ကြိုက်လွန်းသဖြင့် မှတ်စုမှာကူးထားသော အဘစကားကို ကျွန်တော် ဖွဖွရွတ်နေမိပြန်၏။

ပွင့်နေသမျှ ပန်းမဟုတ်ဘဲ...
ကြွေသမျှလည်း မရှုံးခဲ့ပါဘူး... တဲ့။

***(အသက် ၈၇ မှာ ဆုံးပါးသွားသော အဘဦးမောင်သို့ အမှတ်တရ)***

***မောင်စိန်ဝင်း(ပုတီးကုန်း)***

*** *** ***

## ခေါင်

(၁)

မပျားနှင့် ကျွန်တော်က ငယ်သူငယ်ချင်း။ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်။ လေးတန်းအောင်တော့ မပျား ကျောင်းထွက်သွားသည်။ အိမ်အလုပ်၊ တောအလုပ် အလုပ်မရွေး မပျားဝင်လုပ်သည်။ ကျွန်တော် ဘွဲ့မရသေးခင်မှာပင် အလုပ်အလွန်ကောင်းသူ ဟူသောဘွဲ့ကို မပျားရခဲ့၏။ မပျားတို့အဖေမှာ ကျွန်တော်တို့ရွာတစ်ရိုး နာမည်ကြီး လက်သမားဆရာကြီး။ ကျွန်တော့်အဘိုး လက်ထက်က ဆောက်ခဲ့သော ကျွန်တော်တို့အိမ်ကြီးကို မပျားအဖေ ဦးဆောင် ဆောက်လုပ်ခဲ့သည်။ လက်သမားဆရာကြီးမို့ သူတို့မှာ လယ်ပိုင်ချောင်းပိုင် မရှိခဲ့။ မပျား အလုပ်လုပ်နိုင်ချိန်မှာတော့ လယ်တွေ ချောင်းတွေ ပိုင်လာခဲ့သည်။ အစ်ကိုကြီးနှင့် အစ်မက အိမ်ခွဲသွားပြီမို့ မပျားတို့မှာ စားအိုးကလည်း သေးသွားသည်။ အမေဆုံးချိန်မှာ မပျားနှင့်အဖေ နှစ်ဦးတည်း ကျန်ခဲ့သည်မို့ မပျားတို့ စုနိုင်ဆောင်နိုင်ခဲ့သည်။ တစ်နှစ်ကို လယ်တစ်ကေလောက်တော့ ဝယ်နိုင်ခဲ့သည်။

ပျားတစ်ကောင်နှယ် အလုပ်ကောင်းသူ၊ အစုအဆောင်းတော်သူဟု ရွာထဲကလူတွေက မပျားကို ချီးကျူးသည်။ နာမည်နှင့် လိုက်ဖက်ပါပေသည်ဟု ထောမနာပြုသည်။

စင်စစ် သူ့အစ်ကိုကြီး ကိုထွား၊ သူ့အစ်မက မထားဖြစ်သဖြင့် သူ့နာမည်မှာ မပျား ဖြစ်လာရခြင်းပင်။

***

(၂)

လယ်ကလေး၊ ချောင်းကလေးနှင့် အတော်လေး ချောင်လည်လာချိန်မှာ မပျား အိမ်ထောင်ပြုလိုက်သည်။ မပျား အိမ်ထောင်ပြုလိုက်သူက သူတို့လယ်တွေကို လုပ်ပေးရန် ငှားထားသည့် သူရင်းငှား ကိုအောင်ထွေး။ ကိုအောင်ထွေးမှာ စီးပွားဥစ္စာမရှိသော်လည်း ရိုးသားမှုကို မပျားက သဘောကျသည်ဆို၏။ အမှန်ကတော့ ရိုးသားမှုထက်လွန်ကဲသော ကိုအောင်ထွေး အ,တတနိုင်တာ တစ်ရွာလုံးကအသိ။ မပျားကတော့ သူ့ဩဇာညောင်းတာကိုပင် သဘောအကျကြီး ကျနေသည်ဟု ဆိုကြသည်။ မပျားအဖေ လက်သမားဆရာကြီး အလုပ် မလုပ်နိုင်တော့ချိန်မှာတော့ မပျားတို့လင်မယားက လယ်အလုပ် ဦးစီးလုပ်ကိုင်ကာ ချောင်ချောင်လည်လည်ပင် ရှိကြသည်။ လယ်ခြောက်ဧကမှ ထွက်သည့်စပါး၊ မတ်ပဲတို့က သူတို့မိသားစု စားဝတ်နေရေးကို ဖူလုံစေသည်။ မပျားမှာ သားလေးသုံးယောက် ရသည်အထိ ကျွန်တော်ရွာပြန်လျှင် သူတို့ကိုတွေ့ရစမြဲ။

နောက် ကျွန်တော် ရွာပြန်ရောက်ချိန်မှာတော့ မပျားတို့မိသားစု မြို့ကိုပြောင်းသွားကြပြီ ကြားရ၏။ ရွာမှာရှိသည့် လယ်၊ မြေ၊ အိမ်တို့ကို အပြီးအပိုင် ရောင်းကာ ရွာနှင့်သုံးမိုင်ဝေးသော မြို့ကလေးကို ပြောင်းသွားခြင်းပင်။

နောက်နှစ်တွေ ကျွန်တော် ရွာပြန်ချိန်မှာတော့ မပျားတို့မိသားစု မြို့မှာအတော်လေး ဆင်းဆင်းရဲရဲ ဖြစ်နေတာကြားရပြီး စိတ်မကောင်း ဖြစ်ရပြန်သည်။

အသေအချာ ဂဃနဏတော့ မသိပါ။ မြို့အလုပ်တွေကို အံဝင်ခွင်ကျ မလုပ်တတ် မကိုင်တတ်လို့ နေမှာပဲဟုသာ တွေးမိသည်။

သည်လိုနှင့် မပျားနှင့် မဆုံဖြစ်တာ ဆယ်နှစ်ကျော်သွားပြီ။ မပျားယောကျ်ားက ဆိုက်ကား နင်းသည်ဟု သတင်းတော့ရ၏။

***

(၃)

မြို့ကလေးမှ ရန်ကုန်ထွက်သည့်ကားက တစ်စီးသာရှိသည်။ သည်တစ်ခေါက် ကျွန်တော်ရွာပြန်ချိန်မှာ အဲဒီကားက အင်ဂျင်ချထားတာနှင့် ကြုံ၏။ မြို့နှင့် ခြောက်မိုင်ဝေးသော တာဆုံကားလမ်းကိုထွက်ကာ ကျွန်တော် ကားစီးရတော့မည်။ တာဆုံကို ဆိုက်ကားနှင့်သွားမည် ဆုံးဖြတ်ပြီး မပျားယောကျ်ား ဆိုက်ကားနင်းတာ သတိရလိုက်သည်။

"မပျားတို့အိမ် မင်းသိလား... သူ့ယောကျ်ား ဆိုက်ကားနင်းတယ် ကြားတယ်"

ကျွန်တော့်ကို တာဆုံလိုက်ပို့မည့် တပည့်လေးကို မေးလိုက်သည်။

"သိတယ် ဆရာ၊ သူ့ဆိုက်ကားခေါ်မှာလား"
"အေးကွာ... ငါတွေ့ချင်တယ်၊ သူ့ဆိုက်ကားကို မှာထားခဲ့"

မနက်စောစော ကျွန်တော့်ကိုလာခေါ်ဖို့ မပျားယောက်ျားကို ညကတည်းက သွားမှာရန် စီစဉ်သည်။ မတွေ့ရသည်မှာ ကြာပြီမို့ ဆိုက်ကားစီးရင်း စကားပြောနိုင်မည်ဟု ကျွန်တော်တွေးသည်။

လမ်းမီးများပါမရှိဘဲ တစ်မြို့လုံး မှောင်မည်းနေသော မြို့ကလေး၏ နွေညထဲမှာ ကျွန်တော့်တပည့် ပျောက်သွားပြီ။ သူ့လက်က လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းကို တစ်ချက်ချက် ကျွန်တော် လှမ်းမြင်ရသေး၏။ သူ မပျားတို့အိမ်ရှိရာ မြို့ကလေး၏ ကွက်သစ်ဆီ သွားနေပြီပဲ။

***

(၄)

ဖယောင်းတိုင်မီးရောင် မှုန်ဝါးဝါးအောက်မှာ မပျားမျက်နှာကို စူးစိုက် ကြည့်နေမိသည်။ ကျွန်တော့်ကို တွေ့ချင်လို့ဆိုကာ လိုက်လာသော မပျား။ သူ့မျက်နှာက သူ့အသက်ထက် ဆယ်နှစ်မက ပို၍ ရင့်ရော်အိုစာနေသလို။ အဝတ်အစားခပ်နွမ်းနွမ်းမှာ အဖာအထေးတွေကို တွေ့နေရသေး၏။ ဆင်းရဲခြင်းဒဏ်ကို လူးလူးလိမ့်လိမ့် ခံနေရတာ မပျားရုပ်သဏ္ဌာန်က သက်သေထူနေသလို။

"နင်နဲ့ မတွေ့တာကြာလို့ တွေ့ချင်လို့ လိုက်လာခဲ့တာ"

ဝင်ထိုင်ရင်း ပြောသည်။

"ငါလဲ နင့်ကိုတွေ့ချင်နေတာ"
"နင်လာတယ်ကြားပေမယ့် စိတ်ပဲရောက်တာ၊ အလုပ်က ရှုပ်တယ်ဟ၊ တစ်နေ့မလုပ်ရင် ထမင်းအငတ်ပဲ"

မပျားကို ဘာမှပြန်မပြောမိ။ ဆေးလိပ်ဖွာရင်း အကြည့်ကို လွှဲသည်။

"ဆိုက်ကားက အဆင်သင့် မဖြစ်ဘူးဟ၊ အိမ်ဘေးက ဆိုက်ကားကို ငါပြောခဲ့တယ်၊ နင့်ကိုတွေ့ချင်လို့ တမင်လိုက်လာတာ"
"ဘယ်လိုအဆင်သင့် မဖြစ်တာလဲ၊ နင့်ယောက်ျား မအားတာလား"
"ဘယ်ဟုတ်မလဲ၊ ဆိုက်ကားက တာယာတွေ မလဲရသေးဘူး၊ ပြန်ပြင်စရာတွေရှိတယ်၊ ဆိုက်ကားထဲကို ငွေအရင်း မထည့်နိုင်သေးဘူးပေါ့ဟာ"
"ဒါဆို နင်တို့အလုပ်က"

“အခုလိုနွေဆို ရေစည်တွန်းတယ်ဟ၊ ငါ့မှာ ရေစည်တွန်းလှည်းတစ်စီး ရင်းထားတယ်၊ နင်သိတဲ့အတိုင်း ဒီမှာက နွေဆို ရေရှားတော့ ရေစည်တိုက်တာက ဆိုက်ကားထက် ပိုကိုက်တယ်... အဲ... မိုးတွင်းဘက် ရောက်တော့ ဆိုက်ကားနင်းပေါ့”

“သြော်... သြော်”

“ဒီရောက်စကတော့ ရေစည်တွန်းရတာ ရှက်တာပေါ့ဟ၊ အခုတော့ အသားကျသွားပြီ”

“နင်တွန်းတာလား”

“အေးပေါ့... ငါရော ငါ့ယောက်ျားရောပေါ့၊ တစ်ခါတလေ ကလေးတွေလဲ ဝင်ကူပေါ့၊ နင့်ပြောရဦးမယ်၊ အကြီးကောင်က လူပျိုပေါက်ဖြစ်ပြီဟ၊ အခုနွေမှာ သူ ရေစည်တွန်းရမှာ ရှက်နေပြီလေ၊ လှည့်ပတ်ရောင်းတယ်၊ ဒီပြင်အလုပ် လုပ်ပါရစေပြောတယ်၊ နင်သိတဲ့အတိုင်း ဒီပြင် ဘာလုပ်ပေးနိုင်မှာလဲ၊ သူ့မှာ ရည်းစားသနာ ရှိလို့ထင်ပါ့ဆိုပြီး ဖွတ်မခိုင်းတော့ပါဘူး”

ပြောရင်း သက်ပြင်းရှည်ကိုချသည်။

“နင်တို့တောက အခြေတွေဘာလို့ ဖြုတ်ပစ်တာလဲ၊ ငါနဲ့ နောက်ဆုံးဆုံတော့ လယ်တွေ ချောင်းတွေနဲ့ဟာ”

“မပြောချင်ပါဘူးဟာ... ငါပြောတာ အဲဒါပေါ့၊ အဖေလေ အဖေ”

***

(၅)

“နင်သိတဲ့အတိုင်း ငါ့ယောင်းမ အစ်ကို့မိန်းမက အရမ်းလည်တာ၊ သူတို့က ဈေးထဲမှာ နေ့ပြန်တိုးပေးပြီး ချမ်းသာနေတာ၊ ဘာမှ ပင်ပင်ပန်းပန်း လုပ်ရတာမဟုတ်ဘူး၊ မမထားကတော့ ဟိုး... တခြားမြို့မှာ၊ အဝေးဆိုတော့ ဘာမှမသိဘူးပေါ့၊ အတိုပြောရရင်တော့ဟာ ယောင်းမက အဖေ့ဆီ ခဏခဏလာပြီး နားသွင်းတာပေါ့၊ အဖေ့တောက အခြေတွေဖြုတ်လိုက်၊ ကျွန်မ ငွေတိုးချပေးမယ်၊ အဖေတို့မိသားစု မပူမပင် စားရသောက်ရမယ်ပေါ့၊ ကြာတော့ အဖေက နားဝင်သွားတာ”

“နင်က မကန့်ကွက်ဘူးလား”

“ကန့်ကွက်တာပေါ့၊ ဘယ်နေမလဲ”

“နေပါဦး... ဒါဆိုလဲ နင်တို့လင်မယားကို ပစ္စည်းသတ်သတ်မှတ်မှတ် လက်ဖွဲ့ မထားဘူးလား၊ နင့်အဖေပစ္စည်းကိုပဲ ထုခွဲပေးလိုက်လို့ မရဘူးလား”

မပျားက သက်ပြင်းချပြန်သည်။

“အဲဒါတွေမှားတာပေါ့ဟာ၊ နင်သိတဲ့အတိုင်းပဲ ခပ်ပေါ့ပေါ့တွေးပြီး သတ်သတ်မှတ်မှတ် မလုပ်ဘူးပေါ့၊ အဖေကလဲ အိမ်ထောင်ခွဲသွားတဲ့ သားနဲ့သမီးကို အမွေအပြတ်ပေးပြီးသားပေါ့ဟာ၊ သူနဲ့ငါနဲ့ကတော့ အတူလုပ်အတူစား တစ်စီးပွားတည်းပေါ့၊ သူသေရင် ကျန်တာ ငါ့ပစ္စည်းပေါ့၊ အဲဒီလို လုပ်လာကြတာ၊ ငါ ဒီလယ်လေးတွေရအောင် ဘယ်လိုလုပ်ပြီး စုခဲ့ရတယ်ဆိုတာ တစ်ရွာလုံးအသိပဲ၊ ငါနဲ့အဖေနဲ့ နှစ်ယောက်တည်းကျန်မှ ဒီပစ္စည်းတွေဖြစ်လာတာလေ၊ ငါ အိမ်ထောင်ကျတော့လဲ လက်ဖွဲ့တာဘာညာ မလုပ်ဘူးပေါ့၊ ငါလဲအဖေ့ကိုယုံတော့ မတောင်းဘူး”

“နင်တို့က တောမှာနေခဲ့ဖို့ မပြောဘူးလား”

“ပြောတာပေါ့ဟယ်၊ အဖေကဇွတ်ပဲ၊ ချွေးမစကား နားဝင်သွားပြီလေ၊ သူ တစ်ယောက်တည်းပြောင်းပြီး ချွေးမနဲ့လဲ အတူမနေချင်ဘူးတဲ့၊ ငါတို့ပါ ပြောင်းပြီး အတူနေရမှတဲ့၊ ငါတို့မပင်ပန်းအောင်၊ ကြီးပွားအောင် သူကြံစည်တာလို့ ပြောတာပေါ့ဟာ၊ နေ့ရှိသရွေ့ ဒီအကြောင်းပဲ အဖေပြောနေတော့ ကဲ... အဖေမသေခင် စိတ်ချမ်းသာပါစေတော့ဆိုပြီး အဖေ့သဘော ခေါင်းညိတ်ခဲ့တာ”

မီးသေနေသည့် ဆေးပေါ့လိပ်ကို ကောက်ယူပြီး မီးငြိဖွာနေသည့် မပျားကို ကြည့်နေမိသေး၏။

“တိုတိုပြောရရင်တော့ဟာ အခု အိမ်လေးခြံလေး ဝယ်လိုက်တယ်၊ ကျန်တဲ့ပိုက်ဆံ ယောင်းမလက်ထဲ အဖေကအပ်တယ်၊ လေးငါးလလောက် အတိုးရတယ်၊ နောက်တော့ အလိမ်ခံရတယ်ပြောပြီး အတိုးမပေးတော့ဘူး၊ အဖေလဲ ဒီစိတ်နဲ့ အိပ်ရာထဲ လဲတော့တာပဲ... နင် စဉ်းစားကြည့် မြို့မှာ ယောင်လည်လည်နဲ့ ဘာလုပ်စားရမှန်းကို မသိ ဖြစ်သွားတာ၊ အငတ်ငတ် အပြတ်ပြတ်ပဲ၊ ကလေးတွေကလဲ ငယ်သေးတယ်လေ၊ တောပြန်ပြေးဖို့ကလဲ ဘာမှလုပ်ကွက် မရှိတော့ဘူး။ အဲဒီတုန်းကဆို ငါ... ရူးတောင် ရူးချင်တယ်၊ စိတ်မခိုင်ရင် သတ်သေဖို့ ကောင်းတဲ့အဖြစ်၊ အဖေက အိပ်ရာထဲ ပက်လက်၊ ကလေးတွေက ဆာလို့လောင်လို့ ငိုယိုအော်ဟစ်၊ အိမ်ကလူကလဲ ဆန့်အိတ်ထမ်း၊ ကုန်စိမ်းထမ်းတာကလွဲလို့ အလုပ်မရှိ၊ နောက်ဆုံးတော့ ဆိုက်ကားအုံနာတစ်ယောက်ဆီမှာ ငါ သွားပြောရင်း ဆိုက်ကားနင်းဖြစ်တာ၊ ဈေးထဲက ရင်းနှီးတဲ့ဆိုင်က အသားငါးလေးတွေ အကြွေးတောင်းပြီး ဈေးတောင်းနဲ့ ရွာရိုးလျှောက်၊ ငါက ဈေးရောင်းပေါ့ဟယ်”

သူ့စကားအပြတ်မှာ မသက်မသာ သက်ပြင်းချမိသေးသည်။

“နောက်ဆုံး သေခါနီးမှာ အဖေလေဖြတ်သွားတယ်ဟာ၊ စကားမပြောနိုင်ဘူး၊ သူ့ကြောင့် တို့မိသားစု ဆင်းရဲသွားရတာ၊ သူ ဆုံးဖြတ်ချက် မှားသွားတဲ့ အဖေ့မျက်လုံးတွေက ငါ့ကို တောင်းပန်နေတာ ငါသိတယ်”

“နင့်အစ်ကို ပြန်မကြည့်ဘူးလား”

“ဝေးသေးတယ်၊ နင်သိသားပဲ၊ မိန်းမကြောက်ရတာ၊ ငါ့ယောင်းမက အရမ်းလည်တာ၊ အဖေ့ပစ္စည်းတွေ သူအပိုင်စီးပြီးကတည်းက အဖေ အိပ်ရာထဲလဲတာတောင် လာမကြည့်တော့ဘူး၊ ဒီအိမ်ခြံလေး ရလိုက်တာတောင် အဝေးရောက်နေတဲ့ အစ်မကလည်လို့ အဖေမသေခင် သူရောက်လာပြီး တရားဝင်ဖြစ်အောင် လုပ်ပေးသွားလို့လေ၊ ဒါမှမဟုတ်ရင် အဖေသေတော့ အမွေခွဲယူချင်ဦးမှာ”

ကျွန်တော် ဆေးလိပ်ဖွာရင်း ဘာမှဝင်မပြောမိ။

“လောကမှာဟာ အဖေထက် ယုံကြည်စရာကောင်းတဲ့သူ၊ အားကိုးစရာကောင်းတဲ့သူ ဘယ်ရှိမှာတဲ့လဲ၊ ဒါပေမဲ့...”

"တမင် ရည်ရွယ်တာတော့ မဟုတ်ဘူးပေါ့ဟာ"

"အဲဒါပေါ့၊ အဲဒါသိလို့ အဖေ့ကို မနာကြည်းမိတာ၊ ငါ တမင် ဆင်းရဲပါစေ၊ သူ့သားတွေ ချွေးမတွေရပါစေ ဆိုပြီးလုပ်တာ မဟုတ်ဘူး။ ငါ သက်သက်သာသာနဲ့ ချမ်းသာပါစေ ဆိုတဲ့စေတနာနဲ့ အဖေစီစဉ်တာပဲဆိုတာ ငါယုံတယ်၊ ဒါပေမဲ့ အဲဒီဒဏ်ကို ငါတော့ ခံရတာပဲလေ၊ ခံရတာမှ အလူးအလဲပဲ။ ငါ့သား ငါ့သမီးတွေအတွက်ဆိုတဲ့ စိတ်နဲ့ ငါ မာန်တင်းထားလို့ပေါ့၊ အခုတော့ ဆိုက်ကားနင်းတာ၊ ရေစည်တိုက်တာ၊ ခြံထဲမှာ စိုက်ပျိုးတာနဲ့ အခြေတကျလေးတော့ ဖြစ်လာပြီပေါ့ဟာ"

သူ့အဖြစ်ကို ရင်ဖွင့်ရင်း စကားတွေအများကြီး မပျားပြောဖြစ်ခဲ့သည်။ ကျွန်တော့်ကို နှုတ်ဆက်ပြီး အိမ်ထဲကအထွက်မှာ ဘေးအိမ်က မပျားကို ရေတစ်စည်လာပို့ဖို့ မှာသံကြားရသည်။

"လောကမှာ အဖေထက် ယုံကြည်စရာကောင်းတဲ့လူ ဘယ်ရှိမလဲဟာ" ဆိုသည့် မပျားအသံက ကျွန်တော့်နားထဲ ရစ်ဝဲကျန်နေခဲ့ဆဲ။

ရေစည် မတွန်းရဲတော့တဲ့ မပျား၏သားအကြီးလေးက မမြင်ဖူးပါဘဲ အတွေးထဲ ရောက်လာပြန်တော့သည်။

မောင်စိန်ဝင်း(ပုတီးကုန်း)

*** *** ***

## နွေထဲမှာ

(၁)

နွေမဝင်မီကတည်းက အရွက်လဲထားသော ဇာဒံပင်သည် စိမ်းစို ထူသိပ်လျက်ရှိသည်။ ခြံထောင့်မှာ ထိုးစိုက်ထားသော ထီးတစ်လက်နယ် အရိပ်မိုး၏။ နေအပူပြင်း၍ အပင်ငယ်တို့ ညှိုးရော်ရိပ်သန်းစဉ် ဇာဒံပင်ပျိုသည် နွေကိုဂရုစိုက်ဟန်မတူ။

ထူထူသိပ်သိပ် ဇာဒံရွက်တို့ကို ငေးကြည့်ရင်း စိတ်သည် စက်ရုံငယ်လေးဆီ ရောက်သွား၏။ စက်ရုံဝင်းအတွင်းမှာ အဆောက်အအုံ သုံးခုရှိသည့်အနက် မိမိ၏ပင်မစက်ရုံသည် ဇာဒံပင်တန်းရှိရာ ခြံစည်းရိုးနှင့် ကပ်လျက်ရှိသည်။ ထိုဇာဒံပင်လေးတွေ၏ အောက်ခြေမှာ သစ်သားခုံများ ဝန်းရံပြုလုပ်ထား၏။ ထမင်းစားချိန် အလုပ်နားလျှင် ထိုခုံလေးများမှာ ထိုင်သူထိုင်၊ အိပ်သူအိပ်နှင့် အလုပ်သမားများ နားနေကြစမြဲ။

"ဆရာ စက်ရုံမှူးက ခဏကြွပါတဲ့"

အလုပ်နားချိန်မှာ စာဖတ်နေစဉ် စက်ရုံမှူးရုံးခန်းမှ စာရေးလေးက လာပြောသည်။ စာအုပ်ကိုထားခဲ့ပြီး စက်ရုံမှူးရုံးခန်းရှိရာ အဆောက်အအုံဆီ လျှောက်ခဲ့သည်။ အလုပ်နားချိန်မို့ စက်ရုံမှူး၏ ရုံးအဆောက်အအုံ အတွင်းမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ စက်ရုံးမှူးအခန်းဆီသွားကာ ဆင်နားရွက်တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်၏။

"လာဗျာ... ထိုင်"

စက်ရုံမှူးက လှည့်ကြည့်ရင်း နေရာပေး၏။ စက်ရုံမှူး၏စားပွဲရှေ့မှာ ဝင်ထိုင်လိုက်သည်။

"ခင်ဗျားအလုပ်သမားတွေ ဗာဒံရွက်တွေ တက်ခူးတယ်လို့ တိုင်ထားတယ်ဗျ"

စက်ရုံမှူးက သူ့ကိုကြည့်ရင်းပြောသည်။

"ဟုတ်ကဲ့... စက်ရုံမှူး"
"တကယ်ခူးတာလားဗျ"

စက်ရုံမှူးက မယုံနိုင်သလို ထပ်ပြီးမေးသည်။

"တကယ်ပါ... စက်ရုံမှူး"
"ဘာလုပ်ဖို့လဲဗျ"
"ရောင်းစားတာပါ"
"ဗာဒံရွက်ကို ရောင်းလို့ရလား"

သူတစ်ချက် ပြုံးလိုက်မိသည်။

"စက်ရုံရှေ့က ဈေးထဲမှာ သွားရောင်းကြတာ"
"ဘာလုပ်တာလဲဗျ"
"ပဲပြုတ်တို့၊ ငါးတို့ စသဖြင့်ပေါ့... ဒီဗာဒံရွက်နဲ့ ထုပ်ပြီး ရောင်းကြတာလေ"
"သြော်... အင်ဖက်တို့၊ ပိန်းရွက်တို့ကို သုံးသလိုပဲပေါ့"
"ဟုတ်ပါတယ် စက်ရုံမှူး"
"ခင်ဗျား သူတို့ကို မခူးဖို့တားသလား"
"မတားဘူးစက်ရုံမှူး သူတို့ အပိုဝင်ငွေလေးရအောင် ရှာကြတာပဲ"

စက်ရုံမှူးက အကြည့်လွှဲပြီး ခဏငြိမ်သွားသည်။

"အေးဗျာ... စက်ရုံစည်းကမ်းအရတော့ ဘာမှမထိခိုက်ပါဘူး။ ဒါပေမဲ့ အပင်ပေါ် တက်ခူးတာ အန္တရာယ်များတယ်ဗျ။ လိမ့်ကျရင်လည်း အပင်အောက်မှာက သံချောင်းတွေ၊ ဟင်္ဂလံချောင်းတွေ ရှိနေတော့ မလွယ်ဘူး။ ဒီတော့ ဗာဒံရွက်မခူးရလို့ ကျွန်တော် အမိန့်ထုတ်ချင်တယ်"
"စက်ရုံမှူး သဘောပါ။ သူတို့ အပိုရနေတဲ့ ဝင်ငွေကလေးတော့ လျော့သွားမှာပေါ့"
"မတတ်နိုင်ဘူးဗျာ"

စက်ရုံမှူးအခန်းမှ ပြန်အထွက် အလုပ်ရုံဆီ လျှောက်အလာမှာ ဇာဒံပင်တန်း၌ ဇာဒံရွက်ခူးနေသော အလုပ်သမားများကို လှမ်းမြင်နေရသည်။ သက်ပြင်းရှည်ကို အလိုလိုချမိရင်း မိမိအခန်းရှိရာ လျှောက်ခဲ့ရ၏။ နောက်နေ့မှာတော့ ဇာဒံရွက်မခူးရဆိုသည့် စက်ရုံမှူး၏ အမိန့်ကြော်ငြာ ထွက်လာပါတော့သည်။

တို့ဟူးသုပ်သည်၏ အော်သံကြောင့် ဇာဒံရွက်တွေကိုငေးရင်း စက်ရုံလေးဆီ ရောက်နေသောအတွေးတို့ ရပ်သွားသည်။

တို့ဟူးသုပ်ကို ဝယ်စားတိုင်း ပလတ်စတစ်အိတ်လေးဖြင့် ထုပ်ပေးတာကို သတိရလိုက်မိသည်။ သူ့တပည့်အလုပ်သမားတွေ ဇာဒံရွက်တွေ ခူးရောင်းစဉ်ကာလတုန်းက သည်လိုပလတ်စတစ်အိတ်တွေ အသုံးမများသေးပါလား။ ဇာဒံရွက်၊ အင်ဖက်တွေသာ အရင်ကနယ်ဆက်ပြီး သုံးနေခဲ့ပါလျှင် ဖျောက်ဖျက်၍မရနိုင်သော ပလတ်စတ်စအိတ် ပြဿနာ အခုလောက် ကြီးထွားလာနိုင်ပါ့မလား။ အတွေးက ယောက်ယက်ခတ်သွားပြန်တော့သည်။

***

(၂)

"ဆရာ ကျွန်တော် ဦးကျော်ထွန်းသားပါ"

တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ လူငယ်တစ်ယောက်က လာပြီး နှုတ်ဆက်သည်။

"ဘယ် ဦးကျော်ထွန်းလဲကွ"
"ဆေးမှုတ်ခန်းက ဆရာ့တပည့် ဦးကျော်ထွန်းပါ"
"ဩော်... ဩော် ဆေးမှုတ်ခန်းက ကိုကျော်ထွန်းလား"
"ဟုတ်ပါတယ် ဆရာ"
"မင်းတောင် အတော်ကြီးနေပြီပဲ။ အခုဘယ်မှာလုပ်လဲ"
"သံရည်ကျိုစက်ရုံတစ်ခုမှာပါ... ဆရာ"

သူ နှုတ်ဆက်ပြီး ပြန်သွားသော်လည်း အတွေးထဲမှာ ဆေးမှုတ်ခန်းက သူ့တပည့်ကျော်ထွန်းက ရှိနေဆဲ။ ပိန်ပိန်ပါးပါး ခါးကိုင်းကိုင်း အသားညိုညို ကျော်ထွန်း၏ပုံက အာရုံမှာထင်သည်။ အလုပ်ကြိုးစား၍ ရိုးသားသော အလုပ်သမားတစ်ဦးအဖြစ် မှတ်မှတ်ထင်ထင် ရှိနေ၏။

"ကျော်ထွန်းရာ မင်းတစ်ယောက်တည်းပဲ ဇာဒံရွက်တက်ခူးတဲ့လူ ရှိတော့တယ်။ ကျန်တဲ့အလုပ်သမားတွေအားလုံး စက်ရုံမှူးအမိန့်ထွက်လာကတည်းက မခူးကြတော့ဘူး"
"ကျွန်တော်လည်း စက်ရုံမှူးအမိန့်ကို မလွန်ဆန်ချင်ပါဘူး ဆရာရယ် မဖြစ်လို့သာ"

စူးစိုက်ကြည့်နေသော အကြည့်တို့ကိုလွှဲကာ သက်ပြင်းကို ဖွဖွချမိသည်။ သူ့ကို ဆက်မေးမိလျှင် သူ့ဘဝအမောတွေကို သူပြောလေမည် သိ၏။

"ဘာပဲဖြစ်ဖြစ်ကွာ... တစ်ယောက်ယောက်က တိုင်ရင် မကောင်းဘူးပေါ့၊ မင်းဘ၀ကို နားလည်ပေးနိုင်ပါတယ်"

"ဒီနေ့ကုန်ရင် ကျွန်တော် မခူးတော့ပါဘူး ဆရာရယ်"

သူ့ကို ဘာမှဆက်မမေးချင်တော့၊ မပြောချင်တော့။ သူတို့၏ ဘ၀အပူသည် နွေအပူထက် ဆိုးမှန်းနားလည်ရင်း သူ့ကို အခန်းထဲက ပြန်ခိုင်းလိုက်ရသည်။

နောက်တစ်ပတ်ထဲမှာတော့ ရုံးချုပ်အစည်းအဝေးမှ ပြန်လာပြီး အခန်းထဲရောက်စဉ်မှာ စာရေးလေးက သူ့အနားကပ်လာ၏။

"ဘာလဲ မောင်သန်း"

"ဆရာ ဆရာ့တပည့်ကိုကျော်ထွန်း"

"ဆေးမှုတ်ခန်းက ကျော်ထွန်းလား"

"ဟုတ်တယ် ဆရာ"

"ဗာဒံရွက်ခူးတာ စက်ရုံမှူးမိသွားပြီ မဟုတ်လား"

မျက်စိမျက်နှာမကောင်းဖြစ်နေသော မောင်သန်းကို စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

"မဟုတ်ဘူး ဆရာ"

"ဘာဖြစ်လဲ"

"ဗာဒံပင်ပေါ်က လိမ့်ကျလို့"

"ဟာ... ဘာဖြစ်သွားလဲ"

"အောက်က ဟင်္ဂလံချောင်းတွေပေါ် ခေါင်းနဲ့ကျတာထင်တယ်၊ ဆေးရုံကို ချက်ချင်း ပို့လိုက်ရတယ် ဆရာ၊ အခြေအနေ မကောင်းဘူးပြောတယ်"

"ဟာကွာ... ဒီကောင်"

အကျိုးအကြောင်း အသေအချာ သိနိုင်ရန် ဆေးရုံလိုက်ပို့ပြီး ပြန်လာသော အလုပ်ရုံဂိတ်မှူးကို အခေါ်ခိုင်းလိုက်ရ၏။

ကျော်ထွန်း ဆုံးသွားပြီဆိုတော့ အတော်လေး ယူကျုံးမရဖြစ်ရသည်။ အသုဘမေး ကျော်ထွန်းအိမ်ကို မသွားခင် ကျော်ထွန်း၏ဗီရိုကိုဖွင့်ပြီး သူ့ပစ္စည်းလေးတွေပါ ယူသွားပေးဖို့ သတိရလိုက်၏။ အလုပ်သမားတွေကို ဗီရိုတစ်လုံးဆီ ပေးထားကာ အဝတ်အစားပစ္စည်း ပစ္စယလေးတွေ ထည့်ထားနိုင်ရန် စီစဉ်ထားပေးသည်။

သော့အပိုဖြင့် ကျော်ထွန်းဗီရိုကို ဖွင့်စေသည်။ သူ့အဝတ်အစားအဟောင်း အပိုတစ်စုံနှင့် ထမင်းဘူးတစ်ခုကို တွေ့သည်။

"ဒီမှာ ဆရာ"

ဗီရိုထဲမှာရှာနေသည့် အလုပ်ရုံဂိတ်မှူးက လှမ်းပေးသည်။

"ဘာလဲကွ"
"ပိုက်ဆံတွေ ဆရာ"

သူလှမ်းယူလိုက်သည်။ စက္ကူဖြင့်ပတ်ထားသော ပိုက်ဆံထုပ်ကလေး သူ့လက်ထဲကို ရောက်လာသည်။ ပိုက်ဆံတွေကို ပတ်ထားသော စာရွက်ပေါ်မှာ ရေးထားသည့်စာကြောင်းပေါ် အကြည့်ရောက်၏။

သားရှင်ပြုဖို့ ဇာဒ်ရွက်ရောင်းရငွေ... တဲ့။

စာကြောင်းကိုကြည့်ရင်း မျက်ရည်ဝဲချင်သည်။ ဒီနွေကုန်ရင် ကျွန်တော် မနေတော့ပါဘူး ဆရာရယ် ဆိုသည့်စကားကို ပြန်ကြားယောင်သည်။ သြော်... သည်နွေမှာ သူ့သားလေးကို ရှင်ပြုသွားချင်တာပါလား။

အလုပ်ရုံဂိတ်မှူးနှင့် သူတို့ ကြေကွဲဆို့နင့်စွာဖြင့်ပင် သူ့ပစ္စည်း ပစ္စယလေးများကိုယူကာ ကိုကျော်ထွန်းအိမ်ကို သွားပို့ခဲ့ရသည်။

"ဒီနွေမှာ ရှင်ပြုသွားချင်တယ်ဆို ကိုကျော်ထွန်းရဲ့..."

သူ့အမျိုးသမီး၏ အော်ဟစ်ငိုသံက နလုံးသားကို သံပူရည်နှင့် လောင်းချလိုက်သလို။

စက်ရုံစုပေါင်းရှင်ပြုပွဲမှာ ကိုကျော်ထွန်းသားလေးကို ထည့်သွင်းပြီး ရှင်ပြုပေးလိုက်ရသည်။

ကြည့်စမ်း... သည်ကလေးပင် အခုတော့ သံရည်ကျို အလုပ်သမားကြီး ဖြစ်နေပါပြီကော။

***

(၃)

လက်ဖက်ရည်ဆိုင်က ပြန်လာတော့ နွေနေကပူနေပြီ။ ခြံထောင့်မှ ဇာဒ်ပင်ကို ခပ်လှမ်းလှမ်းမှပင် မြင်ရ၏။ အရွက်သိပ်သိပ်သည် နွေ၌ အရိပ်တစ်ခုတော့ ဖြစ်နေစေသည်ပဲ။

ဇာဒ်ရွက်တွေကိုမြင်တိုင်း ကိုကျော်ထွန်းကို မှတ်မှတ်ရရ ရှိနေတတ်သည်လေ...။

***မောင်စိန်ဝင်း(ပုတီးကုန်း)***

***

# ပြီးပါပြီ။